ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၂၄၁ ) ကသောင်းကနင်းအခြေအနေ စတင်ခြင်း၊ အက်ကြောင်းဆယ်ခုကမ္ဘာလောက ပွင့်လာတော့မည်၊ နောက်ဆုံးအခွင့်အရေး။

ကျွင်းရှောင်ယောက်၏ အဖြေစကားကိုကြားမှ ကျန်းလော့လီ သက်ပြင်းချလိုက်မိလေသည်။

အနည်းဆုံးတော့ သူမ

အချစ်ဆုံးအစ်ကိုရှောင်ယောက်နှင့် ခဏလောက်
ပို၍နေနိုင်သည်။

ရှေးဟောင်းမြင့်မြတ်တောင်တန်း
ပျက်ဆီးသွားခြင်းသတင်းက
အလုံးစုံတိုက်ကြီးတစ်ခွင် လျင်မြန်စွာ
ပျံ့နှံ့သွားခဲ့သည်။

ထိုသတင်းကို အင်မော်တယ်နယ်မြေကြီးရှိ
ရှေးဟောင်းတော်ဝင်မိသားစုများကလည်း
သဘာဝအတိုင်း သိခဲ့ရ၏။

ထိုအတွက် ရှေးဟောင်းတော်ဝင်မိသားစုများမှာ
ဒေါသတကြီးဖြစ်နေပြီဟူသော ကောလဟာလများပင်
ထွက်လာတော့သည်။

သို့ရာတွင် လှုပ်ရှားမှုက မပြင်းထန်လွန်းပါ။

အကြောင်းမှာ နောက်ဆုံးအခေါက်မှ
ကြွေလွင့်နတ်ဘုရားနန်းတော်ရှိ
အစိပစိန္ဒင့်ပတ်သက်သော အခြေအနေများမှာ
အားလုံးစိတ်ထဲတွင်
ကွက်ကွက်ကွင်းကွင်းရှိနေဆဲပင်။

၎င်းက ဒေါသတကြီး အော်ဟစ်ရုံရှိသေးသော်လည်း
ကျွင်းမိသားစု၏ ဘိုးဘေးက
ဓားဖြင့်ထွက်ခုတ်တာခံလိုက်ရသည်။

သို့သော်လည်း မြင့်မြတ်တောင်ကို ဖျက်ဆီးခဲ့သည့်
ကျွင်းရှောင်ယောက်၏  လုပ်ရပ်များသည်
ရှေးဟောင်းတော်ဝင်မိသားစုကို
ဒေါသထွက်စေခဲ့သည်။ ယင်းက

အဖိုးတန်ပစ္စည်းများကို ဆုံးရှုံးရုံသာမက
မျက်နှာလည်း ပျက်ခဲ့ရကြောင်း ထင်ရှားလှပေသည်။

ရက်အနည်းငယ်အတွင်းမှာပင် ဘိုးဘွားနဂါးသိုက်က
လှုပ်ရှားလာခဲ့သည်။

ကျွင်းမိသားစု၏ ပထမစီကွမ်
ကျွင်းလုံခန်းကိုတိုက်ခိုက်ခဲ့သော မင်းသမီးလုံကျိသည်
အချိန်အတော်ကြာ တံခါးပိတ်လေ့ကျင့်ခဲ့ပြီး
နောက်ဆုံးတွင် ပြန်လည်မွေးဖွားခဲ့၏။

ယခုတစ်ကြိမ်တွင် မင်းသမီးလုံကျိ၏ အရှိန်အဝါက
လက်ရှိခေတ်နှင့် လိုက်လျောညီထွေဖြစ်သွား၍
ကြောက်စရာအကောင်းဆုံး ခွန်အားဖြင့် ထွက်လာမည်
ဖြစ်သည်။

ထိုအချိန်တွင် မင်းသမီးလုံကျိုက ကျွင်းမိသားစု၏
နတ်ဘုရားသားတော်ကို သေချာပေါက်
တိုက်ခိုက်ပေလိမ့်မည်။

ယင်းက မင်းသမီးလုံကျိုတစ်ဦးတည်း၏
ဆန္ဒမဟုတ်ပေ။

၎င်းမှာ ဘိုးဘွားနဂါးသိုက်တစ်ခုလုံး၏
ရည်ရွယ်ချက်လည်း ဖြစ်သည်။

ယင်းက အောက်ကမ္ဘာရှိ
ရှေးဟောင်းမြင့်မြတ်တောင်တန်းကို
ဖျက်ဆီးခြင်းအတွက် ကျွင်းရှောင်ယောက်အပေါ်
ဘိုးဘွားနဂါးသိုက်၏ လက်စားချေခြင်းပင်။

အကယ်၍ ကျွင်းရှောင်ယောက်က တိုက်ပွဲကို

ရှောင်လွှဲခဲ့ပါက ၎င်း၏ဒဏ္ဍာရီကို
ဖျက်ဆီးပစ်မည်ဖြစ်ပြီး အရှိန်အဝါအားလုံး
မှေးမှိန်သွားရပေလိမ့်မည်။

ယင်းက ကျွင်းရှောင်ယောက်၏
နာမည်ဂုဏ်သတင်းကို အကြီးအကျယ်
ထိခိုက်စေခဲ့မည် ဖြစ်သည်။

ထိုအတွက် ကျွင်းရှောင်ယောက်လက်မခံလိုလျှင်
ရင်ဆိုင်ရမည်က ခွန်အားအပြည့်ရှိသော
မင်းသမီးလုံကျိပင်။

ယင်းက ကျွင်းလုံခုန်း တိုက်ခိုက်ခဲ့ဖူးသည့်
မင်းသမီးလုံကျိထက် အများကြီး ပိုအားကောင်း၏။

နောက်ဆုံးတွင်

ရှေးဟောင်းလူထူးဆန်းများ၏ဒဏ္ဍာရီက
လွယ်လွယ်နှင့် ထွန်းတောက်လာခြင်းမဟုတ်ပေ။

ထိုအချိန်တွင် ၎င်းက နဂါးနှင့်ကျားများကြားမှ
နောက်ထပ် တိုက်ပွဲတစ်ခု ဖြစ်လာမည်မှာ
အသေချာပင်။

ဤကိစ္စက အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးသို့
စတင်ပျံ့နှံ့နေခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်သာ အင်မော်တယ်နယ်မြေကြီးသို့
ပြန်ရောက်ပြီးနောက် မင်းသမီးလုံကျိနှင့် မည်သို့သော
ထိတ်လန့်ဖွယ်ရာ တိုက်ပွဲမျိုးကို စတင်မည်မှန်း
ဘယ်သူမှ မသိတော့ပေ။

သို့သော်လည်း အောက်ကမ္ဘာရှိ

ကျွင်းရှောင်ယောက်ကတော့ ထိုအကြောင်းများကို မသိပါ။

သူသိနေရင်တောင်မှ ရယ်နေမိမည်သာ ဖြစ်သည်။

သူ့မျက်လုံးထဲမှာတော့ မင်းသမီးလုံကျိုက ဤမျှပင်။

မဟုတ်ပါက သူသည် မင်းသမီးလုံကျို၏ စိန်ခေါ်မှုကို လျစ်လျူရှုထားခဲ့မည်မဟုတ်ပေ။

ယခုအခါ ကျွင်းရှောင်ယောက်အတွက် အရေးကြီးဆုံးအရာက ဗလာကျမ်း၏ ဒုတိယတွဲ၊ ကမ္ဘာ့မူလများနှင့် အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှ  လူစွမ်းကောင်းဝိညာဉ်ပလ္လင် ဖြစ်သည်။

မြင့်မြတ်တောင်တန်းကို ဖျက်ဆီးပြီးနောက် ကျွင်းရှောင်ယောက်နှင့် အခြားသူများသည် ရှေးဟောင်းနတ်ဘုရားမျိုးနွယ်သို့ ပြန်လာခဲ့ကြသည်။

ကျွင်းရှောင်ယောက်လည်း အလျင်စလိုမဖြစ်ဘဲ လာမည့်အခွင့်အရေးကို တိတ်တဆိတ်သာ စောင့်နေခဲ့၏။

ဤသို့ဖြင့် လဝက်ခန့်ကြာသွားခဲ့ချေပြီ။

ရှေးဟောင်းနတ်ဘုရားမျိုးနွယ် အတွင်းပိုင်းရှိ အိပ်ခန်းထဲတွင် တင်ပျဉ်ခွေထိုင်နေသော ကျွင်းရှောင်ယောက်က ရုတ်တရက် လှုပ်ရှားလာသည်။

သူက အိတ်တစ်လုံးကို ထုတ်ယူလိုက်၏။

ဤအိတ်သည် ဝူကျိုကြယ်သခင်ထံမှ မှရရှိသော အိတ်ကလေးသာ ဖြစ်လေသည်။

၎င်းသည် သာမာန်အိတ်မဟုတ်ဘဲ အတွင်းတွင် လူစွမ်းကောင်းဝိညဉ်ပလ္လင်၏ တံဆိပ်ပြားတစ်ခု ရှိသည်။

ဤတံဆိပ်ပြားဖြင့် ကျွင်းရှောင်ယောက်ဟာ အက်ကြောင်းဆယ်ခု ကမ္ဘာလောကဝင်ပေါက်ကို ရှာဖွေတွေ့နိုင်ပေလိမ့်မည်။

ယခုအချိန်တွင် အိတ်ကလေးက အနည်းငယ် တောက်ပနေပြီး မွှေးရနံ့များလည်း ထွက်ပေါ်နေသည်။

မကြာသေးမီကပင် ကြီးမားသော ပြောင်းလဲမှုမျိုး ဖြစ်ပေါ်လာပုံရပေသည်။

"နောက်ဆုံးတော့ ရောက်လာမှာလား"

ကျွင်းရှောင်ယောက်က သူ့လက်ထဲမှ အိတ်ကလေးကို လေးလေးနက်နက် ကြည့်လိုက်သည်။

ထို့နောက်တွင် အလုံးစုံတိုက်ကြီးတစ်ခုလုံး ရုတ်တရက် တုန်ခါလာသည်။

တိုက်ကြီးတစ်ခုလုံးသည် ပင်လယ်ပြင်မှ လှိုင်းလုံးကြီးများကဲ့သို့ ဖြစ်လာခဲ့၏။

မိုးနှင့်မြေ၏ အဆုံးမဲ့ဝိညာဉ်စွမ်းအင်က

မုန်တိုင်းတစ်ခုသဖွယ်ဖြစ်ပေါ်လာကာ ဟင်းလင်းပြင်၌ ပေါင်းစည်းသွားတော့သည်။

"ဘာဖြစ်နေတာလဲ"

"ဘာဖြစ်တာတုန်းဟ၊ လျှောင်လှုပ်တာလား"

"မဖြစ်နိုင်ဘူး၊ တိုက်ကြီးတစ်ခုလုံး လှုပ်နေတယ်လို့ ခံစားရတယ"

အလုံးစုံတိုက်ကြီးရှိ မရေမတွက်နိုင်သော သက်ရှိ၊ သတ္တဝါများ အထိတ်တလန့်ဖြစ်ကုန်ကြတော့သည်။

သို့သော်လည်း ဤမြင်ကွင်းက အလုံးစုံတိုက်ကြီး၌သာ ဖြစ်ပျက်နေခြင်း မဟုတ်ပေ။

ဆန်းကျယ်ကောင်းကင်တိုက်ကြီး၊
ကြယ်တာရာတိုက်ကြီး၊ ပုန်းကွယ်နဂါးတိုက်ကြီး၊
စန်းလော့တိုက်ကြီးအပြင် အခြားတိုက်ကြီးများလည်း
ပါဝင်သည်။

အောက်ကမ္ဘာဆယ်ခုစလုံး တစ်ချိန်တည်းတွင်
ထိုကဲ့သို့ ကြီးမားသောပြောင်းလဲမှုများကို
ကြုံတွေ့ခဲ့ကြရပေသည်။

"ကမ္ဘာဆယ်ခုမငြိမ်မသက်ဖြစ်နေပြီလား"
တိုက်ကြီးတိုင်းရှိ လျှို့ဝှက်ကျွမ်းကျင်သူကြီးများက
သက်ပြင်းချလိုက်ကြသည်။

ယခင် ကောင်းကင်သားတော်ဆယ်ပါး ပေါ်ပေါက်ခြင်း၊
ရှေးဟောင်းမြင့်မြတ်တောင်တန်း ပြိုလဲခြင်းနှင့်

အပြစ်သားဆယ်ဦး ကျဆုံးခြင်း...

ဤအရာအားလုံးကို ကမ္ဘာဆယ်ခုမှ မငြိမ်သက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်  မြင်နိုင်သည်။

ကသောင်းကနင်းဖြစ်တိုင်း မရေမတွက်နိုင်သော သက်ရှိသတ္တဝါများ သေကြေပျက်စီးကြ၏။

သို့သော်လည်း ယင်းက အရေးကြီးဆုံး မဟုတ်သေးပေ။

ယခုတော့ ဤကြီးမားသည့်အပြောင်းအလဲက လုံးဝ စတင်လာခဲ့ပြီ ဖြစ်သည်။

ဤအခိုက် အောက်ကမ္ဘာဆယ်ခုမှ အခြေအနေများကို

မြင်နိုင်ပါက အလွန်တုန်လှုပ်သွားရမည် ဖြစ်သည်။

အောက်ကမ္ဘာဆယ်ခုရှိ ဝိညာဉ်စွမ်းအင်များသည်
ဟင်းလင်းပြင်တွင်း၌ ရေဝဲအဖြစ်သို့
ပြောင်းလဲသွားပုံရ၏။

တိုက်ကြီးဆယ်ခုရှိ စွမ်းအသ်များကတော့
သိသိသာသာ လျော့ကျလာတော့သည်။

"ဘာဖြစ်တာလဲဟ၊ ကောင်းကင်နဲ့မြေပြင်ရဲ့
ဝိညာဉ်စွမ်းအင်တွေက ဘာကြောင့်
ပိုပါးလွှာလာရတာလဲ"

"ကောင်းကင်ဘုံက ငါ့ကိုသတ်ချင်နေတာလား၊
ကသောင်းကနင်းအခြေအနေ စတင်လာပြီ"

အောက်ကမ္ဘာဆယ်ခုတွင် ကျင့်ကြံသူများ၏
အော်သံများ ထွက်ပေါ်လာသည်။

"သခင်လေး၊ တိုက်ကြီးက ပြောင်းလဲသွားပုံရတယ်"

ရှေးဟောင်းနတ်ဘုရားမျိုးနွယ်ထဲတွင် ရီယုက
ကျွင်းရှောင်ယောက်ကို သတင်းများ ပြောပြနေသည်။

"ငါသိပြီးပါပြီ"

ကျွင်းရှောင်ယောက်က ထရပ်ကာ ခန်းမထဲမှ
ထွက်လာခဲ့၏။

သူက နားလည်ရခက်သော မျက်လုံးများဖြင့်
ကောင်းကင်ကြီးကို မော့ကြည့်လိုက်လေသည်။

"သခင်လေး၊ ဒီမူမမှန်မှုက ဘာဖြစ်တာလဲ"

ရီယုကတော့ နားမလည်နိုင်ဖြစ်နေသည်။

"ကမ္ဘာကြီးရဲ့ ဝိညာဉ်စွမ်းအင်တွေကို
ဘယ်မှာစုပ်ယူထားလဲ သိလား"

ကျွင်းရှောင်ယောက်က ရုတ်တရက် မေးလိုက်သည်။

"မသိပါဘူး"

ကျွင်းရှောင်ယောက်က အမှန်အတိုင်းပင်
ပြောလိုက်၏။

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးပြီး
ပြောလိုက်သည်။

"ငါမှန်းထားတဲ့အတိုင်းဆိုရင် ဒီစွမ်းအင်အားလုံး
အက်ကြောင်းဆယ်ခု ကမ္ဘာလောကဲကို

စုပ်ယူသွားနိုင်တယ်။ "

"အက်ကြောင်းဆယ်ခု ကမ္ဘာလောက"

ရီယု၏ မျက်လုံးများက တုန်လှုပ်သွားခဲ့သည်။
အက်ကြောင်းဆယ်ခု ကမ္ဘာလောက က
အောက်ကမ္ဘာတွင် လျှို့ဝှက်ဆန်းကြယ်ဆုံးနေရာဟု
ဆိုနိုင်သည်။

ယင်းက အောက်ကမ္ဘာဆယ်ခြ၏ ဟင်းလင်းပြင်တွင်
ရှိပေသည်။

၎င်းက ကံကောင်းခြင်းတို့၏ ဆုံဆည်းရာအရပ်ဟုပင်
ဆိုနိုင်သည်။
က

"သမိုင်းမှာ ဒီလိုအဖြစ်မျိုး တစ်ကြိမ်မက
ဖြစ်ပျက်ခဲ့ဖူးပြီ။ အောက်ကမ္ဘာဆယ်ခုလုံးရဲ့
စွမ်းအင်တွေကို စုဆောင်းထားတာကြောင့်
ဒီဝိညာဉ်စွမ်းအင် ကြွယ်ဝမှုကို စိတ်ကူးကြည့်ဖို့တောင်
မလွယ်ဘူး"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ယင်းကိုကြားတော့ ရီယု
အသက်ပြင်းပြင်းရှူလိုက်မိ၏။

ကမ္ဘာဆယ်ခု၏ ဝိညာဉ်စွမ်းအင်အားလုံးကို
တစ်နေရာတည်းမှာ စုစည်းထားတာ...

အက်ကြောင်းဆယ်ခု ကမ္ဘာလောက က
အလွန်ရှားပါးသော ရတနာတစ်ခုပင်။

"ကြီးကျယ်ခမ်းနားတဲ့ အပြိုင်ကမ္ဘာကြီးမှာ အပြေးသမားတိုင်းအတွက် ပြေးလမ်းတစ်ရာရှိပြီး ဘယ်သူမဆို ပထမဆုံးအခွင့်အရေးကို ဆုပ်ကိုင်နိုင်တယ်။ လူတိုင်း ပထမနေရာအတွက် ယှဉ်ပြိုင်နိုင်တယ်၊ ဘယ်သူမဆို အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှာ ပထမရဖို့ ကြိုးစားနိုင်တယ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အရောင်တောက်ပနေသည်။

သူ့တွင် စနစ်တစ်ခုရှိပြီး ပြိုင်ဘက်ကင်းသော အရည်အချင်းများ ရှိသော်လည်း ရှေ့ဆက်ကြိုးစားရဦးမည်။ မဟုတ်ပါက အခြား ပါရမီရှင်များမှ ကျော်လွန်သွားခြင်းကို ခံရနိုင်သည်။

'မယုံနိုင်စရာလမ်းအတွက် ဒီအက်ကြောင်းဆယ်ခု ကမ္ဘာလောကရဲ့ အခွင့်ကောင်းကို

ငါသေချာပေါက်ရလိမ့်မယ်'
ကျွင်းရှောင်ယောက်က စိတ်ထဲတွင် တွေးလိုက်သည်။

တစ်ချိန်တည်းမှာပင်…

အခြားတိုက်ကြီးတစ်ခုတွင် ကောင်းကင်ကို
မော့ကြည့်နေသော ပုံရိပ်ပ်တစ်ခု ရှိနေသည်။

ယင်းက ကျိချင်းရီနှင့် လီတောက်ရွှယ်ပင်
ဖြစ်ချေသည်။

"နောက်ဆုံးတော့ စတင်တော့မယ်။
ကမ္ဘာ့မူလဆယ်ခုစလုံးကို ရယူလိုတဲ့ ငါ့အတွက်
ဖြစ်နိုင်ချေက အကျကြောင်းဆယ်ခု
ကမ္ဘာလောကမှာပဲ"

လီတောက်ရွယ်၏ မျက်လုံးများက
ရည်မှန်းချက်များနှင့် တောက်ပလာသည်။

တစ်ဖက်တွင် ကျိချင်းရီ၏ ကြည်လင်သော
မျက်လုံးများက တစ်စုံတစ်ခုကို
တွေးတောနေပုံရသည်။

ကျွင်းရှောင်ယောက်၊ နင်လာခဲ့မှာလား။

ထိုအချိန်တွင် တွေ့ဆုံကြမည်ဆိုပါက သူမနှင့်
လီတောက်ရွယ်က ကျွင်းရှောင်ယောက်
တစ်ယောက်တည်းကို ယှဉ်ပြိုင်နိုင်မည်လား။

တစ်ချိန်တည်းမှာပင် အခြားတိုက်ကြီးမှာလည်း
ကောင်းကင်ယံကို မော့ကြည့်နေသော ပုံရိပ်နှစ်ခု
ရှိသေးသည်။

၎င်းက နတ်ဆိုးအင်မော်တယ်ဂိုဏ်းမှ ရှောင်မိုရှန်းနှင့် ဆမ်ဆာရာနတ်ဆိုးဂိုဏ်းမှ ရှေးဟောင်းလူထူးဆန်း ဝမ့်ချွမ်ပင် ဖြစ်သည်။

"နောက်ဆုံးတော့ စတင်လာတော့မယ်။ ဒါက အောက်ကမ္ဘာမှာ အကြီးမားဆုံး အခွင့်အလမ်းပဲ၊ ငါကို ဂိုဏ်းက နှစ်ပေါင်းများစွာ အောက်ကမ္ဘာမှာ မြှုပ်နှံထားခဲ့တာ ဒီအခွင့်အရေးအတွက် ယှဉ်ပြိုင်ဖို့ပဲ"

ဝမ့်ချွမ်၏ မျက်လုံးများက လေးနက်နေသည်။ သူ့ထံမှ ပြန်လည်ဝင်စားခြင်း စွမ်းအားများကလည်း ပျံ့နှံ့နေ၏။

"ခစ်ခစ်၊ အမချင်းရှီနဲ့ တွေ့ကြမယ်။ သူ့ မဟာမိတ်က ဘယ်သူလဲ မသိသေးဘူး"

"နောက်ပြီး သန်မာသလောက် ချောမောတဲ့
အကိုရှောင်ယောက်လည်း အဲဒီကို သွားသင့်တယ်။
အချိန်ကျရင် ငါ့ဒဏ္ဍာရီကြီးကို စမ်းကြည့်ရအောင်"

ရှောင်မိုရှန်းက ရွှန်းလဲ့သော
မျက်လုံးများကိုအသာမှိတ်ကာ ပန်းနုရောင်
လျှာလေးကိုထုတ်၍ နှုတ်ခမ်းကိုသပ်လိုက်သည်။

သူမကလည်း ကျန်းလော့လီကဲ့သို့
ချစ်စဖွယ်ကောင်းသူဖြစ်မှန်း
သိသာထင်ရှားသော်လည်း ဆွဲဆောင်မှုရှိသော
အငွေ့အသက်များရှိလေသည်။

ရိုးရှင်းကာ သန့်စင်ခြင်းနှင့် တပ်မက်ခြင်း။

ယင်းက ဒေါသကြီးသော မှင်စာငယ်လေး
တစ်ကောင်ကဲ့သို့ပင်။

---------

အခန်း ( ၂၄၂ ) ဖာဟိုင်နှင့် ရန်ပန် ထွက်ပေါ်လာခြင်း၊
အက်ကြောင်းဆယ်ခု ကမ္ဘာလောက
ဝင်ပေါက်ပေါ်လာသည်။

ဤအခိုက်တွင် အောက်ကမ္ဘာဆယ်ခုရှိ
ပါရမီရှင်အားလုံးက ကောင်းကင်ကို
မျှော်ကြည့်နေခဲ့သည်။

အောက်ကမ္ဘာတွင် အကြီးမားဆုံး အခွင့်အလမ်း
လာနေပြီဟုလည်း နားလည်ကြ၏။

ဤအခွင့်အရေးမျိုးက
နှစ်ပေါင်းတစ်သောင်းအတွင်းမှာပင်

ရှားပါးလွန်းပေသည်။

ထို့ကြောင့် အင်မော်တယ်နယ်မြေကြီးမှလာသော ပါရမီရှင်များလည်း အရှိန်မြှင့်ပြီး ကြိုးစားရန် စိတ်အားထက်သန်နေတော့သည်။

တိုက်ကြီးတစ်ခုတွင်...

ဗုဒ္ဓကျန်းစာရွတ်ဖတ်သံများ ထွက်ပေါ်နေသည်။

မရေမတွက်နိုင်သော သက်ရှိသတ္တဝါများကလည်း ဗုဒ္ဓဝါဒီခန်းမကြီးကို ဝန်းရံကာ ခန်းမအတွင်းမှပုံရိပ်ကို ရိုသေစွာ ကိုးကွယ်ကြ၏။

ထိုပုံရိပ်က ရွှေရောင်ဝတ်ရုံကြီးဖြင့် ရဟန်းတစ်ပါး

ဖြစ်သည်။

ယင်းက အနောက်ဘက် နိဗ္ဗာန်ဘုံမှ ဗုဒ္ဓသားတော် ဖာဟိုင် ဖြစ်ချေသည်။

ယခုအချိန်တွင် သူ့အနောက်မှာ ညစ်နွမ်းနေသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိနေသည်။ ထိုဗုဒ္ဓရုပ်ပွားတော်မှာ သွေးအခိုးအငွေ့များလည်း ရစ်ဝဲနေလေသည်။

တစ်ချိန်တည်းမှာပင် ဖာဟိုင်၏ ဦးခေါင်းနောက်တွင် အမွှေးနံ့သာနှင့် ယုံကြည်မှုစွမ်းအားများ စုစည်းလာကာ နတ်လက်စွပ်အဖြစ် ပြောင်းလဲသွားသည်။

ထိုနတ်လက်စွပ်တွင် အဆုံးမဲ့ သက်ရှိသတ္တဝါတို့၏

ဗုဒ္ဓကျမ်းစာရွတ်ဖတ်သံများ ထွက်ပေါ်နေလေသည်။

ထိုအချိန်တွင် ဖာဟိုင်က မျက်လုံးဖွင့်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။ သူ့မျက်နှာတွင် တည်ငြိမ်အေးဆေးသည့် အပြုံးတစ်ခု ရှိနေသော်လည်း မျက်လုံးများကတော့ သွေးအငွေ့အသက်များ ဖြစ်ပေါ်နေဆဲပင်။

"နောက်ဆုံးတော့၊ အောက်ကမ္ဘာရဲ့ အကြီးမားဆုံးအခွင့်အရေးကြီး ရောက်လာတော့မယ်" ဖာဟိုင်က ခပ်တိုးတိုးရေရွတ်လိုက်သည်။

သူဟာ အောက်ကမ္ဘာတွင် နေထိုင်စဉ်အတွင်း သက်ရှိသတ္တဝါအားလုံး၏ ယုံကြည်မှုစွမ်းအားကို ပေါင်းစည်းနိုင်ရုံသာမကဘဲ လျင်မြန်စွာ ကြီးပြင်းလာခဲ့သည်။

သူ့ကိုယ်ပိုင် ဗုဒ္ဓရုပ်ပွားတော်နှင့်
နတ်ဆိုးနှလုံးသားတို့ကိုလည်း စေ့စေ့စပ်စပ်
စူးစမ်းလေ့လာခဲ့၏။

သူက နတ်ဆိုးနှလုံးသားကို နှိမ့်ချမည့်အစား
နတ်ဆိုး၏ အကြီးမားဆုံးသော စွမ်းအားကို
ရှာဖွေတွေ့ရှိခဲ့ကာ ဗုဒ္ဓခန္ဓာနှင့် ပေါင်းစပ်ခဲ့သည်။

ဗုဒ္ဓနှင့် နတ်ဆိုးတို့
တညီတညွတ်တည်းဖြစ်လာသောအခါ
စွမ်းအားများက တွေးကြည့်ရန်ပင် မလွယ်တော့ပေ။

ယခုတွင် ဖာဟိုင်က အလွန်ယုံကြည်မှု ရှိနေပြီ
ဖြစ်သည်။

အကယ်၍ ယခုနေ ကျွင်းရှောင်ယောက်ကို
နောက်တစ်ကြိမ် ရင်ဆိုင်ရပါက
ကောင်းကင်တာအိုမျှော်စင်မှာကဲ့သို့ အလွယ်တကူ
ရှုံးနိမ့်သွားမည် မဟုတ်တော့ပေ။

"နောက်ဆုံး ဒီအခွင့်အရေးက ငါ့အတွက်ပဲ"

ဖာဟိုင်၏ မျက်လုံးများက သွေးအလင်းများဖြင့်
တောက်ပလာသည်။

.........

အခြားတိုက်တစ်ခုတွင်ကား
သွေးထွက်သံယိုတိုက်ပွဲတစ်ခု ဖြစ်နေသည်။

အောက်ကမ္ဘာမှ ပါရမီရှင်များအားလုံးသည်

လူတစ်ဦးကို ဝိုင်းရံထားကြ၏။

နက်မှောင်ပြီး ရက်စက်ကြမ်းကြုတ်သော
ကောင်းကင်အလင်းဦးချို့ချပ်ဝတ်ကို
ဝတ်ဆင်ထားသော ထိုလူရိပ်က လှံတစ်လက်ကိုလည်း
ဆွဲကိုင်ထားသေးသည်။

တစ်ချိန်တည်းမှာပင် ခန္ဓာကိုယ်ထဲ၌ ကြီးမားသော
ဓားတစ်ချောင်း ရှိနေပြီး ဟင်းလင်းပြင်မှ
လမ်းကြောင်းအားလုံးကို ဖြိုခွဲပစ်လိုက်သည်။

သူက တစ်ကြိမ်တည်းဖြင့် အပေါက်ဖောက်ကာ
ပါရမီရှင် အများအပြား၏ ရင်ဘတ်များကို
တိုက်ရိုက်ဖောက်ကာ ဒဏ်ရာအပြင်းအထန်
ရစေခဲ့ပေသည်။

ထို့နောက်မှာတော့ ပါရမီရှင်အားလုံး
အသတ်ခံလိုက်ရတော့သည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ ဤနေရာတွင်
ရှိနေခဲ့လျှင်တော့ ဤရုပ်ပုံနှင့် စိမ်းနေလိမ့်မည်
မဟုတ်ပေ။

၎င်းက ပန်ဝူနတ်ဘုရားမင်းဆက်မှ မားကွစ်ကွမ်ကျွင်း
ရန်ပန်သာ ဖြစ်သည်။

၎င်းမှာ အောက်ကမ္ဘာမှ အခွင့်အရေးများကိုရယူရန်နှင့်
ကျန်ပန်ဟွမ်ဓားများကို ရှာဖွေရန်အလို့ငှာ
အောက်ကမ္ဘာသို့ စောစောဆင်းသက်လာခဲ့သည်။

"နောက်ဆုံးတော့ ဒီကိုရောက်လာပြီ။
ငါ့ခန္ဓာကိုယ်ထဲက ပန်ကေရာဇ်ဝိညာဉ်ဓားမှာ

ကြိုတင်သတိပေးချက်တစ်ခု ရှိနေတယ်။
ကျန်စားနှစ်ချောင်းရဲ့ တည်နေရာဟာ
အက်ကြောင်းဆယ်ခု ကမ္ဘာလောကနဲ့
ဆက်စပ်နေလိမ့်မယ်"

ရန်ပန်၏မျက်လုံးများက စူးရှမှုများကို
လှစ်ဟလာသည်။

သူ့စိတ်ထဲတွင် အမြဲလို မုန်းတီးခဲ့သည့်
ကျွင်းရှောင်ယောက်ကိုလည်း သူ့ပစ်မှတ်အဖြစ်
မှတ်ယူထားသေးသည်။

ကျွင်းရှောင်ယောက်ကို ကျော်ဖြတ်နိုင်ရန်
တစ်ခုတည်းသော အခွင့်အရေးက
အက်ကြောင်းဆယ်ခု ကမ္ဘာလောကတွင် ရှိသည်။

ထို့ကြောင့် ရန်ပန်သည် ဤတစ်ကြိမ်မှာတော့

သူ့စိတ်ကို ချုပ်တည်းထားခဲ့သည်။

အကယ်၍ သူသည် ယခုတစ်ကြိမ် မကြိုးစားပါက
အနာဂတ်တွင် ကျွင်းရှောင်ယောက်၏နောက်မှာ
လုံးဝကျန်ရစ်ခဲ့လိမ့်မည်။

အောက်ကမ္ဘာဆယ်ခု၏ ပြောင်းလဲမှုများက
လူတိုင်း၏အာရုံကို ဆွဲဆောင်ခဲ့သည်ဟု ဆိုနိုင်သည်။

သို့သော် ဤသည်က အောက်ကမ္ဘာရှိ
သက်ရှိသတ္တဝါများအတွက်တော့
ကပ်ဆိုးကြီးတစ်ခုပင်။

မိုးနှင့်မြေ၏ ဝိညာဉ်စွမ်းအင်များကို
စုပ်ယူခံရသောကြောင့် တိုက်ကြီးများရှိ
ဝိညာဉ်စွမ်းအင်က အလွန်ရှားပါးလာသည်။

ထိုအတွက် ကျင့်ကြံခြင်းမှာ ပို၍ခက်ခဲသွား၏။

အသက်ရှည်လိုသော သူတော်စင်များအတွက်ပင်
ဝိညာဉ်စွမ်းအင်မရှိသောခေတ်တွင်
အသက်ရှင်ရပ်တည်ရန် အလွန်ခက်ခဲလာသည်။

ထို့ကြောင့် ဤသည်မှာ အောက်ကမ္ဘာရှိ
သက်ရှိသတ္တဝါများအတွက်တော့ ကပ်ဆိုက်ခြင်းပင်
ဖြစ်သည်။

သို့သော်လည်း အင်မော်တယ်နယ်မြေကြီးမှ
ပါရမီရှင်များအတွက်တော့ ဤသည်မှာ
ကြီးမားသောအခွင့်အရေးတစ်ခု၏ အစပင်။

အောက်ကမ္ဘာရှိ သက်ရှိသတ္တဝါတို့ကို ဘယ်သူမှ

မသနားကြပါ။

အခွင့်အရေးကို ဆုပ်ကိုင်ပြီးသည်နှင့် ၎င်းတို့က အင်မော်တယ်နယ်မြေကြီးသို့ ပြန်သွားခဲ့ကြမည် ဖြစ်သည်။

ဤပြောင်းလဲမှုမျိုးက ဆယ်ရက်တာကျော် ကြာမြင့်သည်။

ဆယ်ရက်ကျော်ကြာပြီးနောက်တွင် တိုက်ကြီးဆယ်တိုက်ခုမှ ဝိညာဉ်စွမ်းအင်များက လုံးဝ ပြိုကျသွား၏။

သို့သော်လည်း အခွင့်အရေးများကတော့ စတင်ပေတော့မည်။

တစ်ချိန်တည်းမှာပင် ၊ကျွင်းရှောင်ယောက်က တစ်ခုခုကို ခံစားလိုက်ရ၍ အိတ်ကလေးကို ထုတ်ယူလိုက်သည်။

ဤအိတ်ရနံ့သည် ကျွင်းရှောင်ယောက်သွားရမည့် နေရာတစ်ခုနှင့် ပဲ့တင်ထပ်နေပုံရ၏။

"နောက်ဆုံးတော့ စတင်လာခဲ့ပြီ" ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက တွန့်ကွေးသွားခဲ့သည်။

ထို့နောက် ရီယုနှင့် တခြားသူများကို တိုက်ရိုက်ခေါ်ယူလိုက်၏။

"သွားဖို့အသင့်ပြင်ကြ၊ အောက်ကမ္ဘာမှာရှိတဲ့
အကြီးမားဆုံးအခွင့်အရေးတစ်ခု စတင်လာခဲ့ပြီ"
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

ထိုစကားကိုကြားတော့ ရီယုနှင့် ရန်ချင်းယင်တို့
နှစ်ယောက်စလုံး၏ မျက်လုံးများက
တောက်ပလာသည်။

ကျန်းလော့လီပင် ဝမ်းသာသွား၏။

ကျွင်းရှောင်ယောက်နှင့် သူ့အဖွဲ့လည်း
ရှေးဟောင်းနတ်ဘုရားမျိုးနွယ်မှထွက်ခွာကာ
ပင်လယ်ပြင်ကို ထွက်လာကြတော့သည်။

အက်ကြောင်းဆယ်ခု ကမ္ဘာလောက၏ တည်နေရာကို

ကျွင်းရှောင်ယောက် သိသည်။

ကံထူးသူများမှလွဲ၍ အခြားဝင်ရောက်နိုင်သူများ ကျွင်းရှောင်ယောက်ကဲ့သို့ အက်ကြောင်းဆယ်ခု ကမ္ဘာလောက တံဆိပ်ပြားကို ပိုင်ဆိုင်ထားသူများသာ ရှိပေသည်။

နေ့တစ်ဝက်ခန့်အကြာတွင် ကျွင်းရှောင်ယောက်က အိတ်ကလေး၏ လမ်းညွှန်မှုအောက်တွင် အလုံးစုံပင်လယ်ပြင်၏ နက်ရှိုင်းသောနေရာသို့ ရောက်လာသည်။

အဆုံးတွင် ကျွင်းရှောင်ယောက်က ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ရပ်လိုက်၏။

ကျန်းလော့လီက မျက်လုံးအဝိုင်းသားဖြင့်

ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည်ကြည့်ကာ ပြောလိုက်သည်။

"အကိုရှောင်ယောက်၊ ရှင်ပြောခဲ့တဲ့ အက်ကြောင်းဆယ်ခု ကမ္ဘာလောကရဲ့ ဝင်ပေါက်က ဘယ်မှာလဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးပြီး ပင်လယ်ပြင်ကို ညွှန်ပြလိုက်လေသည်။

"ပင်လယ်အောက်မှာလား"

ကျန်းလော့လီ အံ့သြသွား၏။

အက်ကြောင်းဆယ်ခု ကမ္ဘာလောက၏ ဝင်ပေါက်က နက်ရှိုင်းသောပင်လယ်အောက်ခြေတွင်ရှိမည်ဟု သူမမျှော်လင့်ခဲ့ပေ။

ကံမပါသူများ ရှာတွေ့ရန်မဖြစ်နိုင်တာ အမှန်တကယ်
ဖြစ်နိုင်သည်။

ကျွင်းရှောင်ယောက်တို့လည်း စွမ်းအင်ဖြင့်
မိမိကိုယ်ကိုယ်ကာရံကာ ပင်လယ်ရေနက်ပိုင်းသို့
ဆင်းသက်လာခဲ့ကြလေသည်။

ဆန်းကျယ်ကောင်းကင်တိုက်ကြီး၏
အဆုံးမဲ့ပင်လယ်ကဲ့သို့ အလုံးစုံတိုက်ကြီးမှ
ပင်လယ်သည်လည်း အလွန်အန္တရာယ်များသည်။

ပင်လယ်နက်ထဲတွင် ပုန်းအောင်းနေသော
ကြောက်စရာကောင်းသည့် တည်ရှိမှုများစွာရှိ၏။

အပြာရောင်ရေဘဝဲ၊ သတ်ဖြတ်သူဝေလငါး

စသည်ဖြင့်။

သို့သော်လည်း ဤသားရဲများမှာ
တုန်ရှမ်ဘိုးဘေးတို့၏ အလွယ်တကူ
သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်။

ပင်လယ်ထဲသို့ နက်ရှိုင်းစွာ ဆင်းသက်လာပြီးနောက်...

မှောင်မည်းနေသောပင်လယ်အောက်မှ ချောက်ထဲတွင်
ကျွင်းရှောင်ယောက်က
အမှောင်ဟင်းလင်းပြင်အက်ကြောင်းတစ်ခုကို
တွေ့လိုက်ရသည်။

ဤအက်ကြောင်းတစ်ဝိုက်ရှိ ဟင်းလင်းပြင်က
ပုံပျက်နေပြီး ပင်လယ်ရေများ လုံးဝမဝင်နိုင်ပေ။

သို့ရာတွင် ထိုအက်ကြောင်းအတွင်းမှ ပြင်းထန်သော ဝိညာဉ်စွမ်းအင်များ ထွက်ပေါ်နေသည်။

"ဒါက အက်ကြောင်းဆယ်ခု ကမ္ဘာလောကရဲ့ ဝင်ပေါက်လား"

ကျန်းလော့လီနှင့် အခြားလူများ အားလုံး မျက်လုံးအပြူးသား ဖြစ်သွားသည်။

"ဒါက ဝင်ပေါက်တွေထဲက တစ်ခုပါပဲ၊ တိုက်ကြီးဆယ်ခုမှာ တခြားဝင်ပေါက်တွေလည်း ရှိသင့်တယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

သူတို့အတွက်တော့ တုံ့ဆိုင်းမနေဘဲ ဝင်လိုက်ကြရုံပင်။

သို့ရာတွင် တုန်ရှမ်ဘိုးဘေးနှင့် အခြားသူများက အက်ကြောင်းအတွင်းသို့ မဝင်နိုင်ဘဲ အမှန်တကယ်ပင် ငြင်းဆိုနေကြောင် သိလိုက်ရသည်။

၎င်းတို့၏ သူတော်စင်နယ်ပယ် ကျင့်ကြံခြင်းအခြေခံဖြင့် ၎င်းကိုဝင်ရောက်ရန် လုံးဝမဖြစ်နိုင်ပေ။

"ဘာဖြစ်တာလဲ"

တုန်ရှမ်ဘိုးဘေးနှင့် အခြားသူများ အနည်းငယ် စိတ်ရှုပ်ထွေးသွားကြသည်။

ကျွင်းရှောင်ယောက် ခဏတာ စဉ်းစားလိုက်၏။

အက်ကြောင်းဆယ်ခု ကမ္ဘာလောရှိ
လူစွမ်းကောင်းယာဇ်ပလ္လင်၏ အမွေကို
မျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်သည်။

ယင်းက တုန်ဘိုးဘေးကဲ့သို့ သူတော်စင်များအတွက်
ကြီးမားသောအကျိုးသက်ရောက်မှုမရှိပေ။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကရှုန
အခွင့်အလမ်းများကို
မျိုးဆက်သစ်လူငယ်များအတွက် မူလကတည်းက
ပြင်ဆင်ထားသောကြောင့် သန်မာသူများ
ဝင်ရောက်ရန် ခက်ခဲနေခဲ့ခြင်းသာ ဖြစ်နိုင်သည်။

"ဒီမှာပဲနေပါ"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

တုန်ရှမ်ဘိုးဘေးနှင့် တခြားသူများလည်း ခေါင်းညိတ်လိုက်လေသည်။

ကျွင်းရှောင်ယောက်က ကျန်းလော့လီ၊ ရီယု၊ ရန်ချင်းယင်တို့ကိုခေါ်ပြီး အက်ကြောင်းဆယ်ခု ကမ္ဘာလောကထံသို့ လှမ်းဝင်သွားခဲ့သည်။

ကျွင်းရင်အာကတော့ သူမ၏ ကျင့်ကြံခြင်းအျခြခံက နိမ့်ကျနေသေးသောကြောင့် ဝင်ရောက် မသင့်လျော်ပေ။

စုဇီချုံကလည်း အစေခံမိန်းကလေးမျှသာဖြစ်၍ ကျွင်းရှောင်ယောက်အနေဖြင့် ၎င်းကို လေ့ကျင့်ပေးရန် ရည်ရွယ်ချက်မရှိသည်မှာ သဘာဝကျသည်။

ထို့ကြောင့် သူဟာ ကျန်းလော့လီတို့

သုံးယောက်ကိုသာ ခေါ်လာခဲ့ပေသည်။

တစ်ချိန်တည်းမှာပင် အလုံးစုံတိုက်ကြီး၏
နတ်ဆိုးတောအုပ်တစ်ခုတွင်...

အေးဆေးတည်ငြိမ်သော အမူအရာရှိသည့်
လူငယ်တစ်ယောက်ဟာ သားရဲများကို
အရှူးအမူးလိုက်ရှာနေသည်။

သူ့ဦးခေါင်းပေါ်မှာလည်း အဓိပဓိ အရှိန်အဝါဖြင့်
ပြည့်နှက်နေသော တလက်လက် တောက်တောက်
တောက်ပနေသည့် ကမ္ဘည်းပြားတစ်ခု ရှိ၏။

ထိုလူငယ်ကား မင်းသားဆယ့်ခြောက် ဖန့်ဟန်ပင်
ဖြစ်သည်။

--------

အခန်း ( ၂၄၃ ) ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသော ဖန့်ဟန်၊ ဟင်းလင်းပြင် အက်ကြောင်းများ၊ အက်ကြောင်းဆယ်ခု ကမ္ဘာလောက။

"မလုံလောက်ဘူး၊ ငါသတ်တာ မလုံလောက်သေးဘူး၊ ငါ့ရဲ့အင်အားက လုံလောက်အောင် မသန်မာသေးဘူး"

ဖန့်ဟန်က ရူးသွပ်နေသလို နီရဲနေသောမျက်လုံးများနှင့် နတ်ဆိုးသားများကို ဆက်လက် သတ်ဖြတ်လိုက်သည်။

ကျွင်းရှောင်ယောက်က တောင်ကြီးတစ်ခုသဖွယ် သူ့ရင်ဘတ်ကို ဖိထားလိုက်သဖြင့် အသက်ပင်မရှူနိုင်ပေ။

ကျွင်းရင်အာကလည်း ကျွင်းရှောင်ယောက်နံဘေးမှာပဲ နေ့စဥ်နေလိုပုံရ၏။

ကျွင်းရင်အာ၏ မျက်လုံးထဲမှ အလွန်မင်းနှစ်သက်မှုကလည်း နွေဦးမှ ကိုယ်ဝန်ဆောင်မိန်းကလေးကဲ့သို့ဖြစ်နေကြောင်း လူတိုင်းမြင်နိုင်သည်။

ယင်းက ဖန့်ဟန်အတွက် မည်သို့မျှ လက်မခံနိုင်သောအရာ ဖြစ်သည်။

သူသည်းမခံနိုင်ဆုံးအရာကတော့ သူနှစ်သက်သည့်မိန်းကလေးက ကျွင်းရှောင်ယောက်၏ ဖန်ဂဲလ်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ယင်းအတွက် ဒေါသအမျက်က သူ့နှလုံးသားကို ပြည့်လျှံစေခဲ့သည်။

ထို့ကြောင့် ယခုကဲ့သို့ သတ်ဖြတ်နေမှသာလျှင် သူ့ကို စိတ်သက်သာရာရစေပေလိမ့်မည်။

နတ်ပူဇော်အမိန့်က ထိုနတ်ဆိုးသားရဲများ၏ အသွေးအသားကို စုပ်ယူသွားကာ ဖန်ဟာန်၏ ခွန်အားကို အားကောင်းစေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကဲ့သို့ အင်မော်တယ်နယ်မြေကြီးမှ ပါရမီ ရင်ဆိုင်ရာမှာတော့ ဤကဲ့သို့သော အားကောင်းမှုသည် ရေပုံးထဲမှ ရေတစ်စက်နှင့်မခြားပေ။

"မလုံလောက်ဘူး၊ မလုံလောက်သေးဘူး၊
နတ်ပူဇော်အမိန့်ရှိရင်တောင် ကျွင်းရှောင်ယောက်ကို
အမှီလိုက်ချင်ရင် ဘယ်လောက်ထိကြာမှန်း
မသိနိုင်ဘူး"

ဖန့်ဟန်က လက်မခံနိုင်ဟန်ဖြင့် ဟိန်းဟောက်ပြီး
ရှေးဟောင်းသစ်ပင်ကို လက်သီးဖြင့်
ထိုးချလိုက်သည်။

သူက ကျွင်းရှောင်ယောက်ကို
ကျော်လွန်သွားချင်သည်။ သူသည်
အင်မော်တယ်နယ်မြေကြီးသို့ သွားလိုခဲ့၏။
ကျွင်းရင်အာ၏ မျက်နှာသာပေးမှုကိုလည်း
လိုချင်သည်။

ထိုအခိုက်တွင် သူ့ရှေ့နားရှိ ချိုင့်ဝှမ်းအတွင်း၌
ဟင်းလင်းပြင်  အပြောင်းအလဲတစ်ခု

ဖြစ်ပေါ်လာသည်။

ဖန့်ဟန်လည်း သိလိုစိတ်ဖြစ်လာကာ
ပြေးဆင်းသွား၏။

ထို့နောက် သူ့မျက်နှာအမူအရာက
ပြောင်းလဲသွားလေသည်။

အကြောင်းမှာ ချိုင့်ဝှမ်းအတွင်း၌ လူတစ်ရပ်ခန့်
အမြင့်ရှိသော ဟင်းလင်းပြင်အက်ကြောင်းတစ်ခု
ရှိနေသောကြောင့်ပင်။

ထိုဟင်းလင်းပြင်အက်ကြောင်းက ဘယ်ကို
ဦးတည်သွားမှန်းတော့ မသိပေ။

သို့ရာတွင် ဤအက်ကြောင်းအတွင်းမှ သန်မာသော ဝိညာဉ်စွမ်းအင်များ ပေါက်ကွဲထွက်လာပြီး အနည်းငယ် ခံစားကြည့်ရုံဖြင့် တကိုယ်လုံးရှိ ချွေးပေါက်များ ပွင့်သွားပုံရသည်။

"ဒါက..."

ဖန့်ဟန်၏ နှလုံးသားက တုန်လှုပ်သွားကာ သူ့မျက်လုံးများတွင်လည်း စိတ်လှုပ်ရှားမှုများ ပေါ်လာတော့သည်။

သူ့ခမည်းတော် တာ့ယင်ကေရာဇ်ထံမှ ယခင်ကလည်း ထိုအကြောင်းကို ယောင်ဝါးဝါး ကြားခဲ့ဖူးသည်။

အက်ကြောင်းဆယ်ခု ကမ္ဘာလောက ပွင့်တော့မည်ဖြစ်၍ ပါရမီရှင်အားလုံး ဝင်လိုနေကြပြီ ဖြစ်သည်။

သို့ရာတွင် လူတိုင်းဝင်ရန် အရည်အချင်းမပြည့်ပါ။

သူမများပါက ဤဟင်းလင်းပြင်အက်ကြောင်းကလည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောက၏ ဝင်ပေါက်များထဲမှ တစ်ခုဖြစ်သင့်သည်။

"ဟားဟားဟား၊ ငါဖန့်ဟန်က တကယ်ကို မိုးနဲ့မြေက ကံကြမ္မာရဲ့ မျက်နှာသာပေးခံရတဲ့ ဇာတ်ဆောင်ပဲ၊ ဒီလိုမျိုး အခွင့်အရေးကြီးတောင်မှ ငါ့အတွက် တံခါးဖွင့်ပေးထားတယ်"

ဖန့်ဟန်က ကျေနပ်အားရစွာဖြင့် ပြုံးလိုက်သည်။

ကျွင်းရှောင်ယောက်ကတော့ မည်မျှပင် အစွမ်းထက်နေပါစေ အင်မော်တယ်နယ်မြေကြီးမှလူဖြစ်ပြီး

အောက်ကမ္ဘာ၏ ကောင်းချီးမခံရပေ။

ဖန့်ဟန်က ကောင်းကင်ကိုဆန့်ကျင်နိုင်သော ပါရမီရှင်ဆယ်ဦးထဲမှ တစ်ဦးဖြစ်သည်။

"ကျွင်းရှောင်ယောက်၊ အက်ကြောင်းဆယ်ခု ကမ္ဘာလောကထဲမှ အခွင့်အရေးရပြီးတာနဲ့ ငါဖန့်ဟန်က မင်းထက်သန်မာတယ်လို့ ကျွင်းရင်အာကို သက်သေပြမယ်"

ဖန့်ဟန်၏မျက်လုံးများက တောက်ပလာပြီးနောက် ဟင်းလင်းပြင်အက်ကြောင်းထဲသို့ တိုက်ရိုက် ဝင်ရောက်သွားတော့သည်။

ဖန့်ဟန်တင်မဟုတ်ပေ။

အက်ကြောင်းဆယ်ခု ကမ္ဘာလောက တစ်ခုလုံးတွင်

ထိုသို့ ဟင်းလင်းပြင်အက်ကြောင်းတချို့လည်း ရှိသည်။

ကျိချင်းရီဘက်တွင် အသန်မာဆုံး ကောင်းကင်သားတော် ပါရမီရှင် လီတောက်ရွှယ်ရှိ၏။

သူ့အတွက်တော့ ဝင်ပေါက်ကို အထူးတလည်ရှာရန်ပင် မလိုပေ၊ အက်ကြောင်းဆယ်ခု ကမ္ဘာလောက က သူ့ရှေ့တွင် တိုက်ရိုက်ပေါ်လာသည်။

လီတောက်ရွှယ်မျက်လုံးများတွင် ဝံ့ကြွားမှုများ လှစ်ဟလာ၏။

ယင်းက ကောင်းကင်သားတော်ဟူသော သူ့ဂုဏ်သိက္ခာကို သိသာထင်ရှားစေသည်။

သို့သော်လည်း ကျိချင်းရီက
ပေါ့ပေါ့ပါးပါးခေါင်းညိတ်ကာ
ကြာပန်းကိုစီးထားရင်းဖြင့် အက်ကြောင်းတွင်းကို
တိုးဝင်သွားတော့သည်။

ကျိချင်းရီထံမှ အတန်ငယ် လျစ်လျူရှုသော
သဘောထားကို ခံစားရသဖြင့်
လီတောက်ရွှယ်၏မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

ဖရိုဖရဲတိုက်ကြီး၏ အဓိကဇာတ်ဆောင်အနေဖြင့်
သူ၏ ရည်မှန်းချက်မှာ
တခြားကောင်းကင်သားတော်များနှင့်
နှိုင်းယှဉ်၍မရပေ။

ကျိချင်းရီကို သူ အောင်နိုင်ရမည်။

အင်မော်တယ်နယ်မြေကြီးကိုလည်း
သွားရပေမဦးမည်။

'ငါ ကမ္ဘာ့ဆယ်ခုရဲ့ ကမ္ဘာ့မူလတွေကို စုဆောင်းပြီး
ကောင်းကင်ဘုရင်ဖြစ်လာတဲ့အခါ ကျိချင်းရီလည်း
ငါ့အပေါ် နှစ်သက်ပြီး လက်အောက်ခံလာရလိမ့်မယ်"

လီတောက်ရှယ်က မျက်လုံးများကို
အနည်းငယ်မှေးစင်းကာ အက်ကြောင်းဆယ်ခု
ကမ္ဘာလောက အက်ကြောင်းအတွင်းသို့
လှမ်းဝင်သွားခဲ့သည်။

တစ်ဖက်မှာတွင် ရှောင်မိုရှန်းနှင့် ဝမ့်ချွမ်တို့ကလည်း
ဝင်ပေါက်တစ်ခုကို ရှာတွေ့ခဲ့ပေသည်။

ရန်ပန်နှင့် ဖာဟိုင်တို့ကလည်း အောက်ကမ္ဘာမှ
ပါရမီရှင်တချို့ကိုခေါ်ကာ အခွင့်အရေးများကို
ရှာဖွေခဲ့ကြသည်။

၎င်းတို့က ကောင်းကင်သားတော်များနှင့်
မယှဉ်နိုင်သော်လည်း အားနည်းကြသည်မဟုတ်ပေ။
၎င်းတို့ထဲမှ အချို့က အင်မော်တယ်နယ်မြေကြီးမှ
ပါရမီရှင်အချို့နှင့်ပင် ယှဉ်ပြိုင်နိုင်ကြသည်။

ဟုတ်ပေသည်၊ အခွင့်အလမ်းကို ရှာတွေ့ခဲ့သော
အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များနှင့်
အောက်ကမ္ဘာမှ ပါရမီရှင်များလည်း ရှိသည်။
မတော်တဆမှု သို့မဟုတ်
အခွင့်အလမ်းတစ်ခုခုကြောင့် အက်ကြောင်းဆယ်ခု
ကမ္ဘာလောက တံခါးပေါက်ကို
ရှာတွေ့ခဲ့ကြသူများလည်း ရှိ၏။

အားလုံးကို ခြုံငုံကြည့်လျှင်
အောက်ကမ္ဘာကိုရောက်နေသော ပါရမီရှင်အားလုံးက
အက်ကြောင်းဆယ်ခု ကမ္ဘာလောကသို့ဝင်ရောက်ကာ
နောက်ဆုံးအခွင့်အရေးအတွက်ယှဉ်ပြိုင်ရန်
စတင်လာကြတော့သည်။

………

မှောင်မိုက်သော ဟင်းလင်းပြင်လျှောက်လမ်းအတွင်း၌
ကျွင်းရှောင်ယောက်နှင့် အခြားသူများ ရှိနေသည်။

"ဒါက ဟင်းလင်းပြင် အက်ကြောင်းအတွင်းမှာ
ရှိနေသေးတယ် မဟုတ်လား၊ ဘာဖြစ်လို့ အခုထိ
မရောက်သေးတာလဲ"

ကျန်းလော့လီက အံ့အားသင့်စွာ ပြောလိုက်မိသည်။

ပုံမှန်အားဖြင့် ဟင်းလင်းပြင်လျှောက်လမ်းမှ
သွားမည်ဆိုလျှင် သွားလိုရာခရီးကို
မကြာမီရောက်ရှိနိုင်သင့်သည်။

ယခုတော့ မဆုံးနိုင်သောလမ်းကြီးကို
လျှောက်လှမ်းနေရသကဲ့သို့ပင်...

"ဒါက စမ်းသပ်မှုတစ်ခု ဖြစ်နေမှာတောင်
ကြောက်ရတယ်"

ကျွင်းရှောင်ယောက်၏မျက်လုံးများက
ကျဉ်းမြောင်းသွားသည်။

သို့သော်လည်း ဤအခိုက်တွင် သူ့ခြေလှမ်းများ
ရုတ်တရက် ရပ်တန့်သွား၏။ တစ်ချိန်တည်းမှာပင်
လက်ဝှေ့ယမ်းလိုက်ရာ စွမ်းအင်များ ဖြာထွက်လာပြီး

ကျန်းလော့လီတို့ကို ဘေးသို့ ဆွဲထုတ်သွားတော့သည်။

"ဝုန်း"

သူတို့ ရပ်သွားချိန်မှာပင် အရှေ့နားမှ ဟင်းလင်းပြင်မှာ လုံးဝ ပြိုကျသွားသည်။

"အန္တရာယ်များလိုက်တာ၊ အခုလေးတင် ပြုတ်ကျလုနီးပါးပဲ"

ကျန်းလော့လီက တုန်လှုပ်စွာဖြင့် ရင်ဘတ်ကို ဖိလိုက်သည်။

ထိုအခိုက်တွင် ရီယုနှင့် ရန်ချင်းယင်ပင် ချွေးစေးများ စီးကျလာခဲ့မိသည်။

ကျွင်းရှောင်ယောက်သာ သူတို့ကို ဆွဲမထားခဲ့လျှင်

အကျိုးဆက်က မှန်းဆ၍ပင် မရပေ။

"သတိထားကြ၊ ဒီလမ်းထဲမှာ လူတချို့ သေရလိမ့်မယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

သူက လုံးဝ ဂရုမစိုက်ပါ။

သန်မာသော စိတ်စွမ်းအားက ကျွင်းရှောင်ယောက်ကို အန္တရာယ်များအား ကြိုတင်ရှောင်ရှားနိုင်စေသည်။

ထို့ကြောင့် သူတို့ဟာ အန္တရာယ်မရှိဘဲ ဤလိုဏ်ခေါင်းကို ဖြတ်ကျော်သွားနိုင်ခဲ့ပေသည်။

သို့သော်လည်း တခြားပါရမီရှင်များကတော့
သူ့လောက် ကံမကောင်းကြပေ။

တချို့မှာ ကံမကောင်းစွာဖြင့်
လျှောက်လမ်းအတွင်းမှာပင် သေဆုံးခဲ့ရသည်။

တချို့ကလည်း ဟင်းလင်းပြင် ရေဝဲကြီးများ
ဝါးမျိုခံရခြင်း၊ ဟင်းလင်းပြင်မုန်တိုင်းကြောင့်
အပိုင်းပိုင်း စုတ်ပြဲခြင်းများ ဖြစ်ကုန်ရ၏။

အခွင့်အရေးရချင်ပါက မိမိဘဝနှင့်လည်း
အလောင်းအထပ် ပြုထားရပေမည်။

နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်တို့အဖွဲ့ဟာ
အမှောင်လျှောက်လမ်းအရှေ့မှ အလင်းရောင်ကို
လှမ်းမြင်လိုက်ရသည်။

အတွင်းမှလွန်မြောက်လာပြီးနောက် ပထမတော့
ကျွင်းရှောင်ယောက်ပင်
အနည်းငယ်စိတ်ပျက်သွားသည်။

ယင်းက တောင်တန်းများ၊ မြစ်များ၊ ရှေးဟောင်း
သင်္ချိုင်းအပျက်အယွင်းများနှင့် အကန့်အသတ်မဲ့
မြေရိုင်းများရှိသည့် ရှေးဟောင်းနယ်မြေတစ်ခု
ဖြစ်သည်။

သာမန်ကြည့်လျှင်တော့ ယင်းမှ ပြင်ပကမ္ဘာနှင့်
သိပ်မကွာပေ။ သို့ရာတွင် သတိထားကြည့်ပါက
သစ်ပင်များမှာ အလွန်မြင့်မားကြောင်း သိနိုင်သည်။

သာမာန်လူများအဖို့ ရှေးသစ်ပင်များရှေ့တွင်
ပုရွက်ဆိတ်များကဲ့သို့ သေးငယ်လွန်းပေသည်။

ထိုတောင်တန်းများတွင် ရံဖန်ရံခါ တုန်ခါမှုများအပြင် ကြီးမားသော ပုံရိပ်များကိုပင် မြင်တွေ့ရနိုင်သည်။

ယင်းက လူများကို ဘီလူးတိုင်းပြည်သို့ ရောက်သွားသကဲ့သို့ ခံစားရစေပေလိမ့်မည်။

"ကျွန်မ ဘာဖြစ်လို့ အရမ်းငယ်သွားသလို ခံစားလာရတာလဲ"

ဤခံစားချက်မျိုးက ကျန်းလော့လီအတွက် သိပ်အဆင်မပြေပေ။

နဂိုကတည်းက သေးငယ်သော သူမအဖို့ ယခုအချိန်မှာတော့ ပိုလို့တောင် သေးငယ်သွားသလို ခံစားလာခဲ့ရသည်။

"ငါတို့က သေးငယ်လာတာမဟုတ်ဘူး၊ မိုးနဲ့မြေရဲ့ ဝိညာဉ်စွမ်းအင်ကို ခံစားနိုင်နေတာ"

ကျွင်းရှောင်ယောက်က ရှင်းပြလိုက်သည်။

ကျန်းလော့လီတို့သုံးယောက်လည်း အနည်းငယ် ခံစားကြည့်ပြီးနောက် အံ့သြသွားခဲ့ကြလေသည်။

"ဒီဝိညာဉ်စွမ်းအင်တွေက အရမ်းကြွယ်ဝပါလား၊ ဒါက အင်မော်တယ်နယ်မြေကြီးက ဝိညာဉ်စွမ်းအင်တောင် ဒီနေရာလောက် မသိပ်သည်းမှာကို ကြောက်ရတယ်"

ရီယုက အံ့အားသင့်စွာ ပြောလိုက်သည်။

"ကမ္ဘာဆယ်ခုရဲ့ ဝိညာဉ်စွမ်းအင်တွေကို စုစည်းထားတဲ့ အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှာ ဒီလိုပတ်ဝန်းကျင်မျိုးရှိရတာက ပုံမှန်ပါပဲ။ ဒီနေရာမှာ

ဝိညာဉ်စွမ်းအင်တွေက သိပ်သည်းလွန်းတာကြောင့်
ဒီကရှေးဟောင်းသစ်ပင်တွေနဲ့ သက်ရှိတွေကလည်း
ထူးထူးခြားခြား ကြီးမားလွန်းကြတာ"
ကျွင်းရှောင်ယောက်က ရှင်းပြလေသည်။

သို့သော်လည်း တစ်ချိန်တည်းမှာပဲ
အက်ကြောင်းဆယ်ခု ကမ္ဘာလောကအတွင်းရှိ
သားရဲများကလည်း
ပိုကြောက်စရာကောင်းလာနိုင်သည်။

ယင်းက အန္တရာယ်များ ပြည့်နှက်နေသော
နေရာမျိုးပင် ဖြစ်ပေသည်။

"ဂါး"

ကျွင်းရှောင်ယောက်နှင့် အခြားသူများက

ဤကမ္ဘာကြီးကို စူးစမ်းနေကြချိန်တွင်...

ပေတစ်ရာရှည်သော ကင်းခြေများကြီးတစ်ကောင်က
တောင်ပေါ်မှဆင်းသက်လာကာ
၎င်း၏ချွန်ထက်သောပါးစပ်ဖြင့်
ကျွင်းရှောင်ယောက်ကို ကိုက်ခဲလာတော့သည်။

--------

အခန်း ( ၂၄၄ ) တစ်ခုစီက အခွင့်အလမ်းများ၊
ရှေးဟောင်းအပျက်အယွင်း တောင်တန်းများ၊
အပျက်အစီးများ၊ ဝိညာဉ်ဗတ္တိဇံရေကန်။

ပေရာချီကာရှည်လျားသော ဤကင်းခြေများက
အလွန်ကြမ်းတမ်းကာ
ကြောက်မက်ဖွယ်အရှိန်အဝါများထွက်ပေါ်နေသည်။

ပြင်ပကမ္ဘာတွင်ဆိုပါက
ကင်းခြေများတစ်ကောင်အတွက်
ဤမျှကြီးထွားလာရန် မဖြစ်နိုင်ပါ။

သို့ရာတွင် အက်ကြောင်းဆယ်ခု
ကမ္ဘာလောကမှာတော့ ဝိညာဉ်စွမ်းအင်က
သန်မာလွန်း၍ ထိုကဲ့သို့သော သားရဲများကိုပင်
မွေးဖွားပေးနိုင်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
မျက်လုံးများက ကျဉ်းမြောင်းသွားကာ
ရွှေရောင်လက်ဝါးပုံရိပ်တစ်ခုဖြင့် ရိုက်ချလိုက်သည်။

ဤလက်ဝါးရိုက်ချက်က ကင်းခြေများကြီးဦးခေါင်းကို
အပိုင်းပိုင်းဖြစ်သည်အထိ တိုက်ရိုက်ကွဲသွားစေခဲ့၏။

၎င်း၏ရှည်လျားသော ခန္ဓာကိုယ်ကြီးကလည်း လေထဲမှ ပြုတ်ကျလာကာ ဖုန်မှုန့်များ လွင့်ပျံလာတော့သည်။

"ဒီအက်ကြောင်းဆယ်ခု ကမ္ဘာလောကမှာ အခွင့်အလမ်းတွေနဲ့ အကျပ်အတည်းတွေ အတူဒွန်တွဲနေတယ်။ မင်းငါ့နောက်ကို လိုက်နေတာလား ဒါမှမဟုတ် ဖြတ်ကျော်သွားမလား"

ကျွင်းရှောင်ယောက်က ရီယုတို့ကို ကြည့်လိုက်သည်။

ထိုစကားကိုကြားတော့ ရီယု ခဏတာ အံ့အားသင့်သွား၏။ ပထမတော့ ကျွင်းရှောင်ယောက်ကို ကာကွယ်ရင်းလိုက်ပါမည်ဟု ပြောလိုခဲ့သည်။

သို့သော်လည်း ဒုတိယအတွေးမှာတော့

ကျွင်းရှောင်ယောက်ဟာ သူတို့၏ အကာအကွယ်ကို လုံးဝ မလိုအပ်နိုင်ပေ။

ယင်းကိုတွေးပြီးနောက် ရီယုက လက်ယုက်ကာ ပြောလိုက်သည်။

"ရီယု တစ်ယောက်တည်း အပြင်ထွက်ပြီး အခွင့်ရေးရှာဖို့ ဆန္ဒရှိပါတယ်"

ရီယုက ပြတ်ပြတ်သားသား ပြောလိုက်၏။

သူ့တွင် ရက်စက်ကြမ်းကြုတ်သော ကံကြမ္မာတစ်ခု ရှိခဲ့သောကြောင့် စိတ်ဆန္ဒကလည်း ခိုင်မာအားကောင်းလာသည်။

ဤအကြောင်းဆယ်ခု ကမ္ဘာလောက၌ မိမိ၏ အစွမ်းသတ္တိနှင့် ကံတရားအတိုင်း မိမိအခွင့်အရေးကို

ရှာလိုခဲ့ပေသည်။

"မင်းကကော"

ကျွင်းရှောင်ယောက်က ရန်ချင်းယင်ကို ကြည့်လိုက်သည်။

ရန်ချင်းယင်က ကျွင်းရှောင်ယောက်အနားတွင်သာ နေချင်သော်လည်း နှုတ်ခမ်းကို အနည်းငယ်ကိုက်လိုက်လေသည်။

ကျွင်းရှောင်ယောက်က သူမကို သူ့ဘာသာသူ အပြင်ထွက်ပြီး ကိုယ်တိုင်ကြိုးစားစေချင်ကြောင်း သူမစိတ်ထဲတွင် သိသည်။

ဝါးမျိုးခြင်းဖင်းဂေါ့ကျင့်စဉ်၏ ဆက်ခံသူအနေဖြင့် ရန်ချင်းယင်ဟာ တစ်ယောက်တည်း လေ့ကျင့်ရန်

လိုအပ်သည်။

"သခင်လေးကို အနာဂတ်မှာ ကူညီနိုင်ဖို့ ချင်းယင်က တစ်ယောက်တည်း လေ့ကျင့်ပြီး ပိုသန်မာလာဖို့ ဆန္ဒရှိပါတယ်"

ရန်ချင်းယင်လည်း အခိုင်အမာ ပြောလိုက်သည်။

သူမ၏စကားအရ ပိုအားကောင်းလိုခြင်းမှာ ကျွင်းရှောင်ယောက်အတွက်ပင် ဖြစ်ချေသည်။

ယင်းက ကျန်းလော့လီကို နှလုံးသားထဲမှ အနည်းငယ် ချဉ်သွားစေသည်။

"ကောင်းတယ်၊ မင်းတို့က တကယ်ကို ငါယုံကြည်တဲ့ နောက်လိုက်တွေ ဖြစ်ထိုက်ပါပေတယ်"

ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

ရီယုနှင့် ရန်ချင်းယင်တို့နှစ်ယောက်လုံးတွင် ကံကောင်းခြင်းများ ရှိသည်။ အကယ်၍ ကျွင်းရှောင်ယောက်နှင့် အတူရှိနေလျှင် သူတို့ အခွင့်အရေးများကို ဆုံးရှုံးရလိမ့်မည်။

မိမိဘာသာ လေ့ကျင့်နေမှ ပိုအစွမ်းထက်နိုင်ချေ ပိုများသည်။

ကျွင်းရှောင်ယောက်ကလည်း သာမန်လူများကို အလိုမရှိပါ။

သူ၏နောက်လိုက်များက အနာဂတ်တွင် ကမ္ဘာကြီးကို အုပ်စိုးရန် သူနှင့်အတူ လိုက်ပါမည့်သူများ ဖြစ်သည်။

ဆုံးဖြတ်ချက်ချပြီးနောက် ရီယုနှင့် ရန်ချင်းယင်လည်း ကျွင်းရှောင်ယောက်ကိုဦးညွတ်ကာ ပြတ်ပြတ်သားသား ထွက်ခွာသွားတော့သည်။

ကျွင်းရှောင်ယောက်က ကျန်းလော့လီဘက်ကို မျက်နှာလှည့်ပြီး ပြောလိုက်သည်။

"မင်းကော ဘယ်လိုလဲ"

"ဟီးဟီး၊ ပုံမှန်အတိုင်း အစ်ကိုရှောင်ယောက်နဲ့ပဲ အတူနေမှာပေါ့၊ ပန်းကလေးကို ဖန်လှောင်အိမ်ထဲ ထည့်မထားသင့်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ တစ်ယောက်တည်းလွှတ်ဖို့တော့ မစဉ်းစားနဲ့နော်။ လော့လီက ရှင်ကြီးအနောက်ပဲ လိုက်ချင်တာ"

ကျန်းလော့လီက ရှေ့သို့ခြေတစ်ချက်လှမ်းကာ ကျွင်းရှောင်ယောက်၏လက်မောင်းတစ်ဖက်ကို

ဖက်တွယ်ထားလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ကောင်းကင်ကိုသာ မော့ကြည့်နေပြီး ဘာစကားမျှ မပြောနိုင်တော့ပေ။

'အမေ၊ အမေ့သားကို ဘယ်လိုဒုက္ခ ပေးထားခဲ့တာလဲ' ကျွင်းရှောင်ယောက်လည်း စိတ်ထဲမှ သက်ပြင်းချလိုက်မိသည်။

ကျန်းရို့ကိုယ်တိုင် ရွေးချယ်ထားသည့် ချွေးမဖြစ်သော ကျန်းလော့လီသာလျှင် ကျွင်းရှောင်ယောက်နှင့် အလွန်နီးစပ်နိုင်သည်။

တခြားမိန်းကလေးများအတွက်တော့ ကျွင်းရှောင်ယောက်က လိုက်မမှီနိုင်သော

ရေခဲတုံးကဲ့သို့ လမင်းကြီးတစင်းပင်။

'နောက်ဆုံးတော့ အစ်ကိုရှောင်နဲ့
နှစ်ယောက်တည်းကမ္ဘာဖြစ်ခွင့်ရနေပြီ၊ ဒီအချိန်မှာ
လော့လီက ဘယ်လိုလက်လျှော့နိုင်မှာလဲ'

ကျန်းလော့လီက ကျေနပ်ပျော်ရွှင်စွာဖြင့်
တွေးလိုက်သည်။

"ကောင်းပါပြီ၊ သွားကြရအောင်"

ကျွင်းရှောင်ယောက်လည်း
ဤမနိုင်စိန်ကောင်မလေးကို ဂရုမစိုက်တော့ပါ။

ဤသို့ဖြင့် သူတို့နှစ်ဦးလည်း ဤနယ်နိမိတ်ကို
စတင်စူးစမ်းလိုက်ကြသည်။

တောင်ပေါ်မှာတော့ အသီးအနှံမျိုးစုံရှိသည်။

အင်မော်တယ်နယ်မြေကြီး၌ပင် တွေ့ရခဲသော မြင့်မြတ်ဆေးပင်များကိုပင်  ဤတောင်တန်းတွင် တွေ့ရ၏။

ကျွင်းရှောင်ယောက်နှင့် ကျန်းလော့လီလည်း ကောင်းတာများကို ခူးဆွတ်လိုက်ကြသည်။

ဟုတ်ပေသည်၊ လမ်းတလျှောက်မှာလည်း သားရဲမျိုးစုံမြင်ရသည်၊ အားလုံးက အပြင်ကမ္ဘာထက် ပိုကြီးကြ၏။

ဥပမာ၊ ဝံပုလွေအရွယ် ရွှေစားကြွက်။

စပါးအုံးမြေမျှားကဲ့သို့ ကြီးမားသော
မြေပိုးကောင်လေးများ။

လင်းယုန်ကြီးများကဲ့ လင်းနို့များ။

ဤသက်ရှိများ ပြင်ပကမ္ဘာထက် ကြီးမားရုံသာမက
ပြင်ပကမ္ဘာထက်လည်း အားကောင်းသည်။

၎င်းတို့ထဲတွင် နီဗားနားနှင့်
ကောင်းကင်တံတားနယ်ပယ်များပင်ပါသော်လည်း
ကျွင်းရှောင်ယောက်၏ ရိုက်သတ်ခြင်းကို
ခံခဲ့ရပေသည်။

နောက်ဆုံးမှာတော့
ဂျင်တစ်ဘီလီယံကျော်အင်အားဖြင့် ရိုက်နှက်ခြင်းကို
ခံနိုင်သူက သိပ်မရှိပေ။

ဆန့်ကျင်ဘက်အနေဖြင့် ကျန်းလော့လီဟာ အေးအေးဆေးဆေးသာ ရှိနေခဲ့သည်။ ကျွင်းရှောင်ယောက်နှင့်အတူ ရှိနေသောကြောင့် အလွန်သက်တောင့်သက်သာရှိပြီး သူမ၏လုံခြုံရေးကို ဘာမှစိတ်ပူစရာမလိုပါ။

ရုတ်တရက် သူမက တစ်ခုခုကို တွေးလိုက်မိသလို ကြည်လင်သည့်မျက်နှာကို မော့ပြီး ပြောလိုက်သည်။ "အစ်ကိုရှောင်ယောက်၊ လော့လီ ရုတ်တရက်တွေးမိတာက ဒီနေရာက သတ္တဝါတွေဆိုရင် အပြင်လောကထက် ပိုကြီးတယ်"

"လော့လီလည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှာနေရင် အရပ်ရှည်ပြီး ပိုကြီးလာတော့မှာလား"

ကျန်းလော့လီ၏ အကြံကောင်းလျှင်တစ်ချက်
စကားကြောင့် ကျွင်းရှောင်ယောက် ဆွံ့အသွားမိသည်။
အချိန်အတော်ကြာမှ သူပြောလိုက်လေသည်။
"မင်းက တကယ်လိမ္မာပါးနပ်တဲ့
တစ္ဆေလေးတစ်ကောင်ပဲ"

"ဟီး"

ကျန်းလော့လီက လျှာထုတ်ပြီး
အနည်းငယ်ရယ်လိုက်သည်။

ထိုအချိန်တွင် အရှေ့ဘက် တောင်တန်းများပေါ်မှ
ကျောက်တိုင်တစ်ခု ပေါ်လာသည်။

ထိုနေရာတွင် ပြိုကျနေသော နန်းတော်နှင့်
အပျက်ယွင်းများရှိ၏။ ထိုနေရာရှိ လက်ရာများမှာ

မျက်မှောက်ခေတ်ဝန်းကျင်နှင့်မတူဘဲ
အလွန်ရှေးကျသည်။

"ရှေးဟောင်းအပျက်အယွင်းလား"
ကျွင်းရှောင်ယောက်၏ မျက်လုံးများက
စိတ်ဝင်စားမှုများကို လှစ်ဟလာသည်။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကသည် ရှေးခေတ်
အခွင့်လမ်းတစ်ခုဖြစ်ပြီး လူအနည်းငယ်သာ
ဝင်နိုင်သည်။

သို့သော်လည်း အဆောက်အဦးများထဲသို့
ဝင်လိုသူများအတွက် စွမ်းရည်တချို့တော့
ရှိရပေလိမ့်မည်။

ဤသမိုင်းဝင်နေရာ၌ ကျွင်းရှောင်ယောက်ဟာ ၎င်းကို

လွှမ်းခြုံထားသည့် ပြင်းထန်သော
ဝိညာဉ်ရေးစွမ်းအင်များကြောင့်
ကောင်းကင်သို့တက်လှမ်းတော့မည်ကဲ့သို့
ခံစားလိုက်ရသည်။

"ငါနဲ့လိုက်ခဲ့"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အနည်းငယ်အရောင်လက်သွားကာ ကျန်းလော့လီကို
ခေါ်ဆောင်သွားခဲ့သည်။

"ဝုန်း"

ကျွင်းရှောင်ယောက်က ကြီးမားသော
ကြေးတံခါးကြီးကို လက်တစ်ဖက်တည်းဖြင့်
ဆောင့်ဖွင့်ပြီး ဝင်ရောက်သွားခဲ့သည်။

လမ်းတစ်လျှောက်တွင်

အန္တရာယ်များတွေ့ရသော်လည်း
ကျွင်းရှောင်ယောက်က အလွယ်တကူပင်
ဖြေရှင်းခဲ့၏။

ကျွင်းရှောင်ယောက်၏ ချေမှုန်းခံရသော
အထိမ်းအမှတ် အဆောက်အအုံများကို
စောင့်ကြပ်နေသည့် ကြေးရုပ်သေးအချို့လည်း
ရှိသေးသည်။

နောက်ဆုံးတွင် ခန်းမကြီးတစ်ခုသို့
ရောက်လာခဲ့ကြသည်။

ပင်မခန်းမဆောင်တွင်းမှာတော့ ဝိညာဉ်ရေကန်တစ်ခု
ရှိသည်။

ဤဝိညာဉ်ရေကန်တွင်းရှိ ရေများက

အလွန်ထူးဆန်းပြီး အမှန်တကယ်
အရောင်အသွေးစုံလင်ကာ လှပသည်။

မရေမတွက်နိုင်သော အချိန်များကြာမြင့်ခဲ့သော်လည်း
ဤရောင်စုံရေကန်များက
အငွေ့ပျံပျောက်ကွယ်သွားရုံသာမကဘဲ ပို၍ပင်
သိပ်သည်းနေသေးသည်။

"ဒါက ဝိညာဉ်ရေကန်လား"
ကျန်းလော့လီက ခပ်တိုးတိုး ပြောလိုက်သည်။

သူမက ရှေးဟောင်းမင်းမျိုးနွယ် ကျန်းမိသားစုတွင်
မွေးဖွားခဲ့သူဖြစ်၍ ရတနာများစွာကို
ကောင်းစွာနားလည်သည်။

"အမှန်ပဲ"

ကျွင်းရှောင်ယောက်လည်း အနည်းငယ်
ပြုံးလိုက်မိသည်။

အင်မော်တယ်နယ်မြေကြီး၌ပင် ဝိညာဉ်ရေက
အလွန်ရှားပါးသော တည်ရှိမှုဖြစ်သည်။

ဤရေကန်မျိုးက ဝိညာဉ်စွမ်းအင်
ကြွယ်ဝရုံသာမကဘဲ အဆင့်နိမ့်
အင်မော်တယ်အရင်းအမြစ်နှင့်ပင် နှိုင်းယှဉ်နိုင်သည်။

ပို၍အရေးကြီးသည်မှာ ဤရေက ဖင်းဂေါ့ခန္ဓာအတွက်
ကောင်းသော အကျိုးသက်ရောက်မှုလည်း ရှိသည်။

ဤရေကန်တွင် ရေချိုးခြင်းက
အနောက်ဘက်နိဗ္ဗာန်ဘုံ၏ ရွှေခန္ဓာအရည်နှင့်ပင်

နှိုင်းယှဉ်နိုင်သည်။

အင်မော်တယ်နယ်မြေကြီးတွင်
ဤရေတစ်စက်၏ဈေးနှုန်းက မြင့်မြတ်အဆင့်
နတ်အရင်းအမြစ်တစ်ခုနှင့်ပင် နှိုင်းယှဉ်နိုင်သည်။

ယခုတော့ ဤနေရာတွင် ရေကန်တစ်ခုအပြည့်ပင်
ရှိနေခဲ့ချေပြီ။

'ဒါက ဒီနန်းတော်ကို တည်ဆောက်ခဲ့တဲ့
ရှေးကလူတွေရဲ့ အလုပ်ဖြစ်သင့်တယ်'
ကျွင်းရှောင်ယောက်က တွေးလိုက်မိသည်။

ဤဗတ္တိဇံရေက သူ၏ အနှိုင်းမဲ့နတ်ဆင်ခွန်အား
အသွင်ပြောင်းရန်အတွက်

အမှန်တကယ်သင့်လျော်သည်။

ဤရေကန်၏အကူအညီဖြင့် ကျွင်းရှောင်ယောက်၏ အနှိုင်းမဲ့နတ်ဆင်ခွန်အားက နောက်တစ်ဆင့်တက်ရန် သေချာသည်။

ယင်းက လူစွဲကောင်းယာဇ်ပလ္လင်၌ အသွင်ပြောင်းရန် ပို၍သေချာစေလိမ့်မည်။

ကျွင်းရှောင်ယောက်က ရေကန်ထဲသို့ ဝင်ကာနီးတွင်…

နံဘေးရှိ ကျန်းလော့လီက အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်ပြီး ရှက်သွားသည်။

'နင် ကောင်မစုတ်လေး…"

ကျွင်းရှောင်ယောက်ဟာ သူ့ဘေးတွင် ကောင်မလေးတစ်ယောက် ရှိနေသေးတာကို မေ့လုနီးပါးပင်။

သူမလည်း ရေကန်ထဲကို အတူတူဝင်ချင်ပါသလော။

ရေကန်က တစ်ခုသာရှိသည်။

"အစ်ကိုရှောင်ယောက်၊ ကျွန်မတို့ အတူတူပဲလား" ကျန်းလော့လီက သူမ လက်ချောင်းများကို လိမ်ယှက်ပြီး အပြစ်ကင်းစင်သည့် မျက်နှာဖြင့် မော့ကြည့်လိုက်သည်။

သူမ၏ မျက်တောင်ကော့များကတော့ တဖျပ်ဖျပ်ခတ်နေလေသည်။

တောက်ပသော မျက်ဝန်းတစ်စုံ၊ အပြစ်ကင်းစင်မှုနှင့်
သန့်စင်မှုကို ထုတ်ဖော်နေသော မျက်နှာလေး...

ဤမျက်နှာလေးက
သွေးဆောင်သည့်အရိပ်အမြွက်လည်း ပါဝင်နေသည်။

ကျွင်းရှောင်ယောက်လည်း ခြောက်ကပ်ကပ်ဖြင့်
ချောင်းဟန့်လိုက်မိလေသည်။

ဤမိန်းကလေးက သူ့ကို တစ်ခုခုကျူးလွန်ရန်
ကြိုးစားနေတာလား။

--------

အခန်း ( ၂၄၅ ) ရုပ်ခန္ဓာစွမ်းအား နှစ်ဆတိုးခြင်း၊
ဖန့်ဟန်၏ ညံ့ဖျင်းသော သရုပ်ဆောင်မှုစွမ်းရည်။

ကျန်းလော့လီသာ အမှန်တကယ် ဆွဲဆောင်လိုပါက
ချစ်စရာကောင်းသည့် မှင်စာလေးဖြစ်နေမည်မှာ
အသေချာပင်။

ကံကောင်းထောက်မစွာဖြင့် ကျွင်းရှောင်ယောက်က
အာရုံစူးစိုက်မှုကောင်းသည်။

အခြားလူသာဆိုလျှင် ဆာလောင်နေသော
ဝံပုလွေအဖြစ်သို့ ချက်ချင်း ပြောင်းသွားပေလိမ့်မည်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်နှင့်
ကျန်းလော့လီတို့က ဝိညာဉ်ဗတ္တဇံရေကန်ထဲသို့
အတူတူဝင်လာခဲ့ကြသည်။

ဟုတ်ပေသည်၊ အဝတ်အစားများကိုတော့ မချွတ်ပါ။

နှစ်ယောက်သား ဝိညာဉ်ဗတ္တိဇံရေကန်တွင်
တင်ပျဉ်ခွေထိုင်ပြီး ဝိညာဉ်ရေကို
စုပ်ယူလေ့ကျင့်လိုက်ကြသည်။

ကျွင်းရှောင်ယောက်က ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်းကို
အသက်သွင်းလိုက်ရာ သူ့ခန္ဓာပေါ်တွင်
အနက်ရောင်ရေဝဲပြီးတစ်ခု ထွက်ပေါ်လာသည်။

သူက ဝိညာဉ်ရေများကို အဆက်မပြတ် သန့်စင်ကာ
စုပ်ယူလိုက်၏။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်တွင်လည်း
ရောမဆင်မွှန်များ နဂါးဆင်မွှန်အဖြစ်သို့

ပြောင်းလဲသွားသည့် အက်ကွဲသံမျှားလည်း
ထွက်ပေါ်နေတော့သည်။

နံဘေးရှိ ကျန်းလော့လီ၏ အသားရေကလည်း
ကျောက်စိမ်းရောင်ဖြင့် တောက်ပနေသည်။

သူမ၏ ဝိညာဉ်ရေစုပ်ယူသည့်အရှိန်ကတော့
ကျွင်းရှောင်ယောက်လောက် မမြန်ပါ။

သို့သော်လည်း သူမ၏ တာအိုခန္ဓာအရ
ဝိညာဉ်ရေများစွာ မလိုအပ်ပေ။

ထို့ထက် ကျန်းလော့လီကလည်း
ခန္ဓာသန့်စင်ခြင်းလမ်းစဉ်ကို မလျှောက်လှမ်းပါချေ။

သူမ၏ ရှေးဦးဝိညာဉ်တာအိုခန္ဓာက မိုးနှင့်မြေ၏ အချိန်ပြည့် သန့်စင်ပေးခြင်းကို ခံနေရပြီးသား ဖြစ်သည်။

ဤသို့ လေ့ကျင့်ခြင်းက သုံးရက်၊ သုံးည ကြာမြင့်ခဲ့ပေသည်။

ကျွင်းရှောင်ယောက် အနှိုင်းမဲ့နတ်ဆင်ခွန်အားကလည်း သိသိသာသာ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

ထိုအချိန်... ရှေးဟောင်းတောင်တန်းများ၏ အပြင်ဘက်တွင် အလင်းရောင်တချို့ လက်လာသည်။

ယင်းက တစ်နည်းနည်းဖြင့် အက်ကြောင်းဆယ်ခု ကမ္ဘာလောကအတွင်းသို့ ဝင်နိုင်ခဲ့သော ပါရမီရှင်များပင် ဖြစ်သည်။

ဤပါရမီရှင်များက
ကောင်းကင်သားတော်ဆယ်ဦးအဆင့်သို့
မရောက်သေးသော်လည်း အားမနည်းလှပေ။

"ဟားဟားဟား၊ ရှေ့မှာ
ရှေးဟောင်းအပျက်ယွင်းတစ်ခု ရှိတယ်ဟ"

"အရှိန်အဝါကြီးလိုက်တာ၊
အဲဒီရှေးဟောင်းဘုရားကျောင်းထဲမှာ
ရတနာတစ်ခုရှိသင့်တယ်"

တချို့ပါရမီရှင်များက စိတ်လှုပ်ရှားနေသော
မျက်လုံးများဖြင့် ရှေးဟောင်းနန်းတော်အတွင်းသို့
ဝင်သွားခဲ့ကြသည်။

ထိုအချိန်တွင် ၎င်းတို့အနောက်မှ တောင်တန်းများတွင် လူရိပ်တစ်ခု ထပ်မံထွက်ပေါ်လာသည်။ ၎င်းက အရှေ့မှပါရမီရှင်များကိုလှမ်းကြည့်ကာ မျက်လုံး အရောင်လက်သွား၏။

"ကျွင်းရှောင်ယောက်ကလည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောကထဲကို သေချာပေါက်ဝင်မယ်လို့ ပြောခဲ့တယ်၊ ဒါပေမဲ့ အခု သူဘယ်ကိုရောက်နေတာပါလိမ့်"

လူရိပ်က ရေရွတ်လိုက်သည်။ ၎င်းမူကား အက်ကြောင်းဆယ်ခု ကမ္ဘာလောကထဲသို့ ဝင်လာခဲ့သော ဖန့်ဟာန်သာ ဖြစ်ချေသည်။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှာ အလွန်ကြီးသည်ဟု မဆိုနိုင်သော်လည်း သေးငယ်မှုတော့ မရှိပေ။

ဖန့်ဟန်လည်း ခဏာစဉ်းစားပြီးနောက်
ရှေးဟောင်းနန်းတော်အတွင်းသို့
လိုက်ပါဝင်ရောက်သွားခဲ့သည်။

ရှေးဟောင်းခန်းမအတွင်းရှိ ရေကန်အတွင်းမှာတော့
ကျွင်းရှောင်ယောက်၏လေ့ကျင့်မှုပင် ပြီးလုနီးပါး
ဖြစ်နေပြီ။

ယခုအခါ သူ့ခန္ဓာထဲရှိ ရောမဆင်အမှုန်
လေးသောင်းက နဂါးဆင်အမှုန်များအဖြစ်သို့
ပြောင်းလဲသွားပြန်သည်။

သူ့ခန္ဓာ ခွန်အားကလည်း နောက်ထပ်
သုံးဒဿမခြောက်ဘီလီယံအထိ တဟုန်ထိုး
တက်လာပြီး နှစ်ဆနီးပါး တိုးလာခဲ့၏။

လက်ရှိတွင် ကျွင်းရှောင်ယောက်က
အနှိုင်းမဲ့နတ်ဆင်ခွန်အားသက်သက် ထုတ်ဖော်လျှင်ပင်
ခုနစ်ဒသမ သုံးဘီလီယံ ဂျင်အားအထိ
အင်အားကြီးမားလာခဲ့ပြီ ဖြစ်သည်။

ယင်းက ကြောက်စရာဟုပင် မဆိုနိုင်တော့ဘဲ
မယုံနိုင်စရာအဆင့်ထိ ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

'ငါတော့ တစ်ချက်ထိုးမင်းသား ဖြစ်လာတော့မယ့်ပုံပဲ'
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

နောက်အခိုက်တွင် သူ့နှုတ်ခမ်းထောင့်ရှိ အပြုံးက
အနည်းငယ်ကျဉ်းမြောင်းသွားကာ
ရှေးဟောင်းခန်းမတံခါးသို့
အေးစက်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

"စိတ်အနှောက်အယှက်ဖြစ်စရာ ယင်ကောင်အုပ်စုပဲ"
ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့်
ပြောလိုက်သည်။

"ဝှစ် ဝှစ် ဝှစ်"
လေတိုးသံနှင့်အတူ ပါရမီရှင်များ ဝင်လာကြ၏။

ဝိညာဉ်ဗတ္တိဇ္ဇရေကန်ကိုမြင်ပြီးနောက်
၎င်းတို့မျက်လုံးများတွင် အံ့အားသင့်မှုအလင်းများ
တောက်ပလာသည်။

ထိုမှတဖန် ချစ်စရာကောင်းသော
ကျန်းလော့လီကိုမြင်သောအခါ တချို့ပါရမီရှင်များ၏
မျက်လုံးများက ထူးခြားသောအရောင်တချို့

တောက်ပလာသည်။

ထို့နောက် ကျွင်းရှောင်ယောက်ကို
လှည့်ကြည့်လိုက်၏။

ကျွင်းရှောင်ယောက်၏အမည်သည်
အောက်ပိုင်းတိုက်ကြီးလေးခုတွင်
လူသိများသော်လည်း ဤပါရမီရှင်များကတော့
ဒုင်းတိုက်ကြီးလေးခုမှ မဟုတ်ပေ။

ထို့ပြင် ဒုင်းတိုက်ကြီးလေးခုမှာပင်
ကျွင်းရှောင်ယောက်ကို နာမည်သာကြားဖူးပြီး
အမှန်တကယ်မြင်ဖူးသော ပါရမီရှင်ကတော့
အလွန်ရှားသည်။

ထို့ကြောင့် ဤပါရမီရှင်များဟာ

ကျွင်းရှောင်ယောက်ကို လုံးဝမသိပါချေ။

"မင်းက ဘယ်တိုက်ကြီးရဲ့ ပါရမီရှင်လဲ၊ ငါတို့ ဒီအခွင့်အရေးကို လိုချင်တယ်"

ပါရမီရှင်အဖွဲ့မှ တစ်ဦးက ပြောလိုက်သည်။

ကျွင်းရှောင်ယောက်ကတော့ စကားပြောရန်ပင် ပျင်းရိသောကြောင့် လက်ကိုမြှောက်ကာ ရိုက်ချရန် ဟန်ပြင်လိုက်၏။

ထိုအချိန်တွင်၊ နေနှင့်လက အနောက်ဘက်မှ ရုတ်တရက်ထိုးတက်လာပြီး တိုက်ခိုက်လာသည်။

ဤခိုးဝင်တိုက်ခိုက်မှုက ပါရမီရှင်အများအပြားကို သေဆုံးစေခဲ့၏။

"ဘယ်သူလဲ"

"ဘယ်သူက ခိုးဝင်တိုက်ခိုက်ဝံ့တာလဲ"

ကျန်ပါရမီရှင်များလည်း ဒေါသတကြီး
ဖြစ်သွားခဲ့ကြသည်။

ထိုအချိန်တွင် နေနှင့်လ ထွန်းတောက်လာသကဲ့သို့
လူရိပ်တစ်ခုပ ဤပါရမီရှင်အုပ်စုကို
ထပ်မံတိုက်ခိုက်ပြန်သည်။

"ဖောင်း"

ပါရမီရှင်များ၏ ခန္ဓာကိုယ်က ပေါက်ကွဲသွားသည်။

"ဂျွတ်"

ပါရမီရှင်တစ်ဦးလည်း တစ်ကိုယ်လုံး
ကျိုးကြေသွား၏။

ဤသို့ဖြင့် ခဏချင်းမှာပင် ရှေးဟောင်းခန်းမအတွင်းမှ
ပါရမီရှင်အားလုံး အသတ်ခံလိုက်ရတော့သည်။

ဤတိုက်ခိုက်မှုက ရက်စက်ကြမ်းကြုတ်လွန်းသဖြင့်
ကျွင်းရှောင်ယောက်ပင်
အနည်းငယ်မျက်ခုံးပင့်လိုက်သည်။

ဤလူရိုပ်ကတော့ ဖန့်ဟန်သာ ဖြစ်ချေသည်။

သူ့မျက်လုံးတွင်
အလင်းရောင်တစ်ချက်လက်လာပြီးနောက်
လူလုံးထွက်ပြလာကာ ကျွင်းရှောင်ယောက်ကို

ဦးညွှတ်ပြီး ပြောလိုက်သည်။

"ဖန့်ဟန်က နတ်ဘုရားသားတော်ကို ဂါရဝပြုပါတယ်"

ဖန့်ဟန်၏ သဘောထားကိုမြင်တော့
ကျွင်းရှောင်ယောက်၏မျက်လုံးများတွင် နက်ရှိုင်းစွာ
တွေးတောမှုအရိပ်အမြွက်တို့ ဖြစ်ပေါ်လာသည်။

ယင်းက ပုံမှန်မဟုတ်ပေ။

အတိတ်က သူ့ကိုကြည့်သောအခါ
ဖန့်ဟန်၏မျက်လုံးများတွင် မနာလိုစိတ်နှင့်
ဒေါသများသာ ရှိသည်။

ယခုအခါမှ သဘောထားများ ဘယ်လိုလုပ်ပြီး
ပြောင်းသွားပါသနည်း။

သူ့ကိုပင် ကူညီပေးခဲ့ပါသေးသည်။

တစ်ခါမှားဖူးရုံဖြင့် အတွေးဆိုးများ
ဖြစ်ပေါ်လာနိုင်တတ်သည်။

ကျွင်းရှောင်ယောက်ကို ဘယ်တော့မှ အမှီလိုက်မှာ
မဟုတ်တော့မှန်း သိသွားသည့်အတွက် ဖန့်ဟန်ဟာ
သူ့ကံကြမ္မာကိုလက်ခံပြီး အညံ့ခံခဲ့တာပဲလား။

ကျွင်းရှောင်ယောက်ကတော့ မဖြစ်နိုင်ဘူးဟု
ထင်သည်။

ကောင်းကင်သားတော် ဆယ်ယောက်ထဲတွင်
မည်သူက မာနမကြီးဘဲ နေလို့လဲ။

၎င်းတို့က အညှို့ခံရန်ထက် အသေခံလိုက်မည့်
လူစားမျိုး ဖြစ်သည်။

ရန်ချင်းယင်ပင်လျှင် ကျွင်းရှောင်ယောက်က
သူမ၏သွေးကြွေးအတွက်
ကြွေလွင့်နတ်ဘုရားသားတော်ကို
ချေမှုန်းခဲ့သောကြောင့်သာ လုံးလုံးလျားလျား
အညှို့ခံလိုက်ခြင်း ဖြစ်သည်။

ထိုသို့မဟုတ်ပါက ရန်ချင်းယင်ဟာ
ကျွင်းရှောင်ယောက်ကို မည်သို့မျှ
အညှို့ခံမှာမဟုတ်ပေ။

"မင်းလည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောကကို
ဝင်လာမယ်လို့ မျှော်လင့်မထားခဲ့ဘူး"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါက ကံတရားပဲ"

ဖန့်ဟန်က ပြောလိုက်၏။

ကျွင်းရှောင်ယောက်လည်း အနည်းငယ်
ခေါင်းညိတ်လိုက်လေသည်။ သူပြောတာမှန်သည်။

ဖန့်ဟန်တွင် ကံကောင်းခြင်းများ မရှိပါက
အမျှထူးခြားလာမည် မဟုတ်ပါ။

ယခုတော့ သူပြသခဲ့သောခွန်အားမှာ ယခင်ကထက်
များစွာ ပိုမိုအားကောင်းလာခဲ့ပြီ ဖြစ်သည်။

ယင်းက ဖန့်ဟန်၏ ရွှေလက်ချောင်းကြောင့်ပင် ဖြစ်လိမ့်မည်။

ကျွင်းရှောင်ယောက်ဟာ ဖန့်ဟန်၏ ရွှေလက်ချောင်းက ဘာဖြစ်မည်မှန်း မသိသော်လည်း ပုန်းကွယ်နဂါးတိုက်ကြီးနှင့် ဆက်စပ်နေကြောင်း သူကောင်းစွာသိသည်။

"ဖန့်ဟန်၊ မင်းက လုံးဝမတူညီတဲ့ လူတစ်ယောက်လို ခံစားရတယ်"

ကျွင်းရှောင်ယောက်က လေးနက်သောမျက်နှာဖြင့် ပြောလိုက်သည်။

ဖန့်ဟန်၏ နှလုံးသားက အနည်းငယ် ခုန်သွားသော်လည်း သူ့အမူအရာကတော့ တည်ငြိမ်နေဆဲပင်။

သူက ရုတ်တရက် သက်ပြင်းပြင်းတစ်ချက်ချကာ ပြောလိုက်သည်။

"ကျုပ် အခုနားလည်နေပြီလို့ထင်ပါတယ်။ ဒီအောက်ကမ္ဘာမှာ ကျုပ်အတွက် တိုးတက်လမ်းမရှိတော့ဘူး၊ အဲဒါကြောင့် နတ်ဘုရားသားတော်နဲ့အတူ အင်မော်တယ်နယ်မြေကြီးဆီ လိုက်ပါနိုင်ဖို့ပဲ မျှော်လင့်မိပါတယ်"

"အိုး၊ ဒီလိုကြောင့်ပဲ"

ကျွင်းရှောင်ယောက်က အပေါ်ယံတွင် အနည်းငယ် ခေါင်းညိတ်ပြလိုက်သည်။ သူ့စိတ်ထဲမှာတော့ လှောင်ရယ်လိုက်၏။

သရုပ်ဆောင်တာလား။ မင်းက ရုပ်ရှင်မင်းသားလား။

အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များပင်
ကျွင်းရှောင်ယောက်ကို မလှည့်စားနိုင်ပေ။

အောက်ကမ္ဘာမှ ဤဖန့်ဟန်က သူ့ကို
လှည့်စားချင်သေးပါသလား။

ကျွမ်းကျင်တဲ့သူတစ်ယောက်ရှေ့တွင် စကေးပြခြင်းက
ရယ်စရာကောင်းလှသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
ဖန့်ဟန်၏ရည်ရွယ်ချက်ကို သိထားလျှင်ပင်
ထုတ်မပြသေးပေ။

ကျွင်းရှောင်ယောက်က တာ့ယင်မင်းဆက်မှ

ကေရာဇ်၏ သားတော် ဖြစ်သည်။

သူက ရည်ရွယ်ချက်ချက်ရှိရှိလုပ်ရင် အကျိုးသက်ရောက်မှု သိပ်မကောင်းနိုင်ပါချေ။

'ဒီလိုဆိုမှတော့ လှည့်ကွက်လေးတွေ ပြိုင်ကြည့်ကြရအောင် ဖန့်ဟာန်၊ မင်းက ဒုတိယထပ်ကို ရောက်နေပြီလို့ထင်တယ်၊ ဒါပေမယ့် ငါကတော့ ငါးထပ်ကို ရောက်နေခဲ့ပြီးပြီ'

ကျွင်းရှောင်ယောက်က စိတ်ထဲမှာတွင် လှောင်ရယ်လိုက်သည်။

သို့သော်လည်း အပေါ်ယံတွင် တည်ငြိမ်စွာဖြင့် ပြောလေသည်။

"မင်းရဲ့ ခွန်အားကလည်း အားမနည်းပါဘူး၊ ဒီအပြင် အခုလေးတင်ပဲ ဒီနတ်ဘုရားသားတော်ရဲ့ပြဿနာကို

ကူညီဖြေရှင်းပေးခဲ့တယ်"

"ဒါကြောင့် အပြင်ပြန်ရောက်တဲ့အခါ
ဒီနတ်ဘုရားသားတော်က မင်းကို
အင်မော်တယ်နယ်မြေကြီးဆီ ခေါ်သွားပေးနိုင်တယ်"

"ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်"
ဖန့်ဟန်က အလွန်ဝမ်းသာသွားဟန်ဖြင့်
လက်သီးဆုပ်လိုက်သည်။

သို့သော်လည်း သူ့နှလုံးသားတွင်းမှာတော့
လှောင်ပြောင်နေသည်။

'ကျွင်းရှောင်ယောက်၊ အသက်ရှင်လျက်
အပြင်ထွက်နိုင်ဦးမှာကော သေချာရဲ့လား'

'ကျွင်းမိသားစုရဲ့ အထောက်အထားနဲ့ ကာကွယ်သူတွေမရှိရင် မင်းက ငါ့ထက် နည်းနည်းပဲ ပိုအစွမ်းထက်တာ'

ဖန့်ဟန်က နှလုံးသားထဲမှ လှောင်ပြောင်လိုက်သည်။

သူ့သရုပ်ဆောင်ချက်က အပြစ်ကင်းစင်သကဲ့သို့လည်း ခံစားခဲ့ရ၏။

ကျွင်းရှောင်ယောက်က သူ့စကားကို ယုံကြည်သွားပြီဖြစ်၍ အစောပိုင်းမှ သူ၏သံသယများနှင့် သတိထားမှုတို့ကို လျှော့ပေါ့လိုက်တော့သည်။

--------

အခန်း ( ၂၄၆ ) ကျွင်းရှောင်ယောက်၏
ဖန့်ဟန်ဟူသော ကြက်သွန်မြိတ်ကို
လှီးဖြတ်မည့်အစီအစဉ်၊ နာကျင်နေသော ဖန့်ဟန်။

သူက ခေါင်းငုံ့ကာ လက်ယှက်ထားသည့် ဖန့်ဟန်ကို
ကြည့်လိုက်သည်။

ထို့နောက် ကျွင်းရှောင်ယောက် သူ့နှလုံးသားထဲတွင်
သက်ပြင်းချလိုက်၏။

သူ့ကို လှည့်စားရန်အတွက် အနီဖန့်ဟန်ခမျာ
အရှက်ရခြင်းကိုလည်း သည်းခံနိုင်ခဲ့ပြီ။

သို့သော်လည်း သူ့ကို ဘာအားကိုးဖြင့်

ကိုင်တွယ်ဖြေရှင်းမှာလဲ။

သူ၏ ရွှေလက်ချောင်းပင်လော။

ကျွင်းရှောင်ယောက်လည်း ဖြစ်နိုင်ခြေအမျိုးမျိုးကို တွေးနေခဲ့မိသည်။

ထိုအချိန်တွင် ကျန့်လော့လီသည်လည်း ကျင့်ကြံခြင်းမှ ပြီးဆုံးသွားသည်။

ဖန့်ဟန်ကိုမြင်သောအခါ သူမမျက်နှာက အနည်းငယ်မှုန်ကုပ်ကုပ်လေး ဖြစ်သွား၏။

နောက်ဆုံးမှ သူမနှင့် ကျွင်းရှောင်ယောက်ဟု နှစ်ယောက်တည်းကမ္ဘာတစ်ခု ရရှိလာခဲ့ခြင်း

ဖြစ်သည်။ ဤအချိန်မျိုးတွင် အခြားသူများကို
ဘယ်လိုလုပ်ပြီး ထည့်သွင်းနိုင်နည်းနည်း။

"အစ်ကိုရှောင်ယောက်၊ သူက ဘယ်သူလဲ"
ကျန်းလော့လီက မျက်မှောင်ကြုတ်လိုက်သည်။

"တာ့ယင်မင်းဆက်ရဲ့ မင်းသားတစ်ပါးပါ"
ကျွင်းရှောင်ယောက်က အများကြီးတွေးမနေပေ။

"အိုး၊ ဒါဆိုရင်လည်း သွားကြရအောင်လေ"
ကျန်းလော့လီက စိတ်အနှောက်အယှက်ဖြစ်စေသော
အနှိုဖန့်ဟာန်ကို ဖယ်ရှားပစ်ရန် ကြိုးစားလိုက်သည်။

ထိုအခါ ဖန့်ဟာန်က ကမန်းကတန်း ပြောလိုက်၏။
"ကျုပ်က နတ်ဘုရားသားတော်အနောက်ကို

လိုက်နိုင်မယ်လို့ မျှော်လင့်ပါတယ်"

"နင် ဘာဖြစ်လို့ ဒီလောက်လိုက်ကပ်နေတာလဲ"
ကျန်းလော့လီက ဒေါသတကြီးပြောသည်။

ကျန်းလော့လီ၏ ဤကဲ့သို့ ကဲ့ရဲ့ပြစ်တင်ခြင်းကို
ခံရသောအခါ ဖန့်ဟန်မျက်နှာက ရှုံ့မဲ့သွားသည်။

ယောကျ်ားဖြစ်သရွေ့ ဆန့်ကျင်ဘက်လိင်၏
ကဲ့ရဲ့ရှုတ်ချမှုမျိုးကို လက်မခံချင်ကြပါ။

သို့သော်လည်း ဖန့်ဟန်က နောက်မဆုတ်ပါ။

ကျွင်းရှောင်ယောက်က ဖန့်ဟန်ကို လေးလေးနက်နက်
ကြည့်လိုက်ပြီးနောက် ခေါင်းညိတ်ကာ

ပြောလိုက်သည်။

"ကောင်းပြီ၊ ဒါဆို မင်းငါ့နောက်ကို လိုက်နိုင်တယ်"

"အစ်ကိုရှောင်ယောက်..."

ကျန်းလော့လီက နှုတ်ခမ်းကိုစူလိုက်သည်။ ဖန့်ဟန်ကိုကြည့်ရင်းမှလည်း ပို၍ပင် စိတ်မသက်မသာ ဖြစ်လာသည်။

ကျွင်းရှောင်ယောက်က လက်ဝှေ့ယမ်းပြီး ကျန်းလော့လီကို စကားမပြောရန် ဟန့်ပြလိုက်လေသည်။

ဖန့်ဟန်ကို သူ့အနောက်သို့ ဘာကြောင့်လိုက်ခိုင်းရသနည်း။

အကြောင်းမှာ ကျွင်းရှောင်ယောက်က ဖန့်ဟန်၏
ကမ္ဘာ့မူလနှင့် ရှေ့လက်ချောင်းကို
စိတ်ဝင်စားသောကြောင့် ဖြစ်သည်။

ဖန့်ဟန်သာ သူ့အနောက်ကို မလိုက်ပါက
ဘယ်လိုလှည့်ကွက်များအား
အသုံးပြုဦးတော့ပါမည်နည်း။

ဖန့်ဟန်က ဘာမျှမလုပ်ရင်
ကျွင်းရှောင်ယောက်ကလည်း
သူ၏သစ္စာရှိနောက်လိုက်၏သားကို မည်သို့
လှူပ်ရှားရပါမည်နည်း။

ဖန့်ဟန်က သူ့အနောက်သို့ လိုက်ပါလိုခြင်းမှာ
ကောင်းသောကိစ္စပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူ့အတွက်
အခွင့်အလမ်းများကိုလည်း ဖန်တီးပေးချင်ခဲ့ပေသည်။

ဤနည်းအားဖြင့် ဖန့်ဟန်၏ကံကောင်းခြင်းများကို
တရားမျှတစွာ ရယူနိုင်သည်။

ထိုအတွက် တာ့ယင်ကေရာဇ်နှင့် အခြားသူများလည်း
နာကြည်းမှုကို ခံစားရမည် မဟုတ်ပေ။

ယင်းက နှစ်ဖက်စလုံးအတွက် အကောင်းဆုံးပဲ
မဟုတ်လား။

အကယ်၍ ဖန့်ဟန်သာ
ကျွင်းရှောင်ယောက်၏အတွေးများကို သိသွားခဲ့ပါက
ဒေါသတကြီး အော်ဟစ်နေတော့မည် ဖြစ်သည်။

မင်း ခွေးကောင်။

သို့သော်လည်း ကံမကောင်းစွာဖြင့် ဖန့်ဟာန် မသိခဲ့ပါချေ။

ကျွင်းရှောင်ယောက်က သူ့အပေါ်သတိထားခြင်းကို လုံးလုံးလျားလျား စွန့်လွှတ်လိုက်ပြီဟုပင် လွဲမှားစွာ တွေးလိုက်မိသည်။

ထို့နောက် ကျွင်းရှောင်ယောက်လည်း ၎င်းတို့နှင့်အတူ ရှေးဟောင်းခန်းမအတွင်းမှ ထွက်ခွာသွားတော့သည်။

သူတို့က အခွင့်အလမ်းများကို ဆက်လက်ရှာဖွေခဲ့ကြသည်။

သို့သော်လည်း အခွင့်အလမ်း အမျိုးမျိုးကို
ကျွင်းရှောင်ယောက်နှင့် ကျန်းလော့လီက
ခွဲဝေရယူသွားကြသည်။

ကျွင်းရှောင်ယောက်နောက်ကို လိုက်ပါလာသော
ဖန့်ဟန်အတွက်တော့ ဆံချည်တစ်မျှင်စာပင် မရပေ။

ယင်းက ဖန့်ဟန်၏ မျက်နှာကို အနည်းငယ်
အကြည့်ရဆိုးစေသည်။

ဖန့်ဟန်ကို ပို၍ပင် ဒေါသဖြစ်စေခဲ့သည်ကတော့
ထိုအကြောင်းကြောင့်သာ ဖြစ်သည်။

ရင်းတို့က အင်မော်တယ်ဆေးပင်ကိုတောင်

ရှာတွေ့ခဲ့ပေသည်။

ထိုအင်မော်တယ်ဆေးပင်က
အပင်နှစ်မျိုး၏အသီးများသီးနေပြီး တစ်မျိုးက
ရွှေအနီရောင်ဖြစ်ကာ နောက်တစ်မျိုးကတော့
ငွေရောင် ဖြစ်သည်။

ဤအင်မော်တယ်ဆေးက နေနှင့်လ၊ ယင်နှင့်ယန်တို့၏
စွမ်းအားကို ထုတ်လွှတ်နေလေသည်။

"နေနဲ့လ အင်မော်တယ်ဆေး"
ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

အင်မော်တယ်ဆေးက အင်မော်တယ်နယ်မြေကြီး၌ပင်
အလွန်ရှားပါးသောအရာ ဖြစ်သည်။

ထိုစဉ်က မီးငှက်တိုင်းပြည်၏ မင်းသမီးသည်လည်း အင်မော်တယ်ဆေးတစ်ပင်အတွင် ကျွင်းမိသားစုရှေ့တွင် ဒူးထောက်နေခဲ့ဖူးပေသည်။

ထိုမှတဆင့် အင်မော်တယ်ဆေး၏ ရှားပါးပုံကို တွေ့နိုင်သည်။

သို့သော်လည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှာတော့ အင်မော်တယ်ဆေးကိုပင် ရှာဖွေတွေ့ရှိခဲ့ချေပြီ။

ဖန့်ဟန်လည်း အလွန်စိတ်လှုပ်ရှားသွားသည်။

ဤနေနှင့်လ အင်မော်တယ်ဆေးသည် သူ့ခန္ဓာကိုယ်နှင့် အလွန်လိုက်ဖက်၏။ ၎င်းကို သန့်စင်နိုင်ပါက

သူ့အတွက် များစွာအကျိုးရှိပေလိမ့်မည်။

နေနှင့်လ အင်မော်တယ်ဆေးနံ့ဘေးမှာတော့
ခိုင်မာသော ရှေးဟောင်းအတားဆီးများ ရှိနေသည်။

“အဲဒီရှေးဟောင်း အတားဆီးတွေကို
သွားဖြေရှင်းလိုက်ပါ”

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

ဖန့်ဟာန်က သူ့နောက်ကို လိုက်ချင်မှတော့
သဘာဝအတိုင်း အလုပ်များကို ပိုလုပ်ရပေမည်။

ထိုစကားကို ကြားလိုက်ရပြီးနောက်
ဖန့်ဟာန်နှလုံးသားတွင် တုန်တုန်ယင်ယင်

ဖြစ်သွားသည်။

အနှီကျွင်းရှောင်ယောက်သည် သူ့အား ရှေးဟောင်းအတားအဆီးကို ဖြေရှင်းစေကာ နေနှင့်လ အင်မော်တယ်ဆေးကိုရယူရန် စီစဉ်နေပါသလား။

အကယ်၍သာ ယခင်ကဆိုလျှင် ဖန့်ဟာန်အနေဖြင့် ဤမျှသည်းခံနိုင်တော့မည် မဟုတ်ပါ။

ယခုမူ သူက ကျွင်းရှောင်ယောက်ကို လှည့်စားခဲ့ပြီးပြီမို့ မတတ်သာတော့ပါ။

ယင်းကိုတွေးပြီးနောက် ဖန့်ဟာန်လည်း အဆိုရှေးဟောင်းအကြွင်းကျန်များကို တိုက်ရိုက်တိုက်ခိုက်လိုက်သည်။

နေနှင့်လ အင်မော်တယ်ဆေးကို ကာကွယ်ထားသော ရှေးဟောင်းအကြွင်းကျန်က
အလွန်အစွမ်းထက်သည်ဟု ဆိုရမည်။

ကောင်းကင်သားတော်ဖြစ်သည့် ဖန့်ဟန်ပင်လျှင် ခက်ခက်ခဲခဲ ကိုင်တွယ်ရသည်။

ထို့ပြင် ကျွင်းရှောင်ယောက်ကလည်း
သူ့ဘေးတွင်ရှိနေသဖြင့် နတ်အဆောင်အမိန့်ကို
အလွယ်တကူ မသုံးနိုင်ခဲ့ပေ။

ထို့ကြောင့် တိုက်ပွဲမှာ ထင်ထားသည်ထက်
များစွာပိုခက်ခဲခဲ့သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်နှင့်

ကျန်းလော့လီတို့က အကူညီပေးရန် ပျင်းရိကြပြီး ခပ်အေးအေးသာ ရပ်ကြည့်နေသည်။

ကျန်းလော့လီဆိုလျှင် ဖန့်ဟန်ကိုကြည့်ကိုကြည့်ကာ နှုတ်ခမ်းကိုမဲ့၍ ပြောလိုက်သည်။

"သူနဲ့ ထိုက်တန်တယ်"

ဖန့်ဟန်ဘက်မှာတော့ ရှေးဟောင်းအကြွင်းကျန်ကို နာရီဝက်ကြာ တိုက်ခိုက်ခဲ့ပြီး နောက်ဆုံးတွင်မှ ခက်ခက်ခဲခဲ ကျော်ဖြတ်နိုင်ခဲ့သည်။

သူဟာ အလွန်မောပန်းနေပြီး သွေးများလည်း စွန်းထင်းပေကျံနေကာ အတော်ပင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေခဲ့ရသည်။

ကျွင်းရှောင်ယောက်နံဘေးတွင် ဖန့်ဟန်အတွက်

ဝှက်ဖဲများကို အသုံးပြုရခက်သောကြောင့်လည်း ခက်ခက်ခဲခဲ အနိုင်ယူခဲ့ရသည်။

သို့သော်လည်း ရလဒ်ကတော့ ကောင်းမွန်ခဲ့ပေသည်။

ဖန့်ဟန်က သက်ပြင်းတစ်ချက်ချကာ ပြုံးလိုက်သည်။

ထို့နောက် နေနှင့်လ အင်မော်တယ်ဆေးပင်ကို ကောက်ယူရန် လှည့်ကြည့်လိုက်၏။

သို့သော်လည်း နေနှင့်လ အင်မော်တယ်ဆေးကို ကျွင်းရှောင်ယောက်က စွမ်းအင်ဖြင့် စုပ်ယူဖမ်းသွားချေပြီ။

ဖန့်ဟန်၊ "..."

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြုံးကာ ကျန်းလော့လီကို နေနှင့်လ အင်မော်တယ်ဆေးအား ကမ်းပေးလိုက်သည်။

ကျန်းလော့လီလည်း အနည်းငယ် အံ့အားသင့်သွားပြီး ပြောလိုက်သည်။

"အစ်ကိုရှောင်ယောက်၊ ဒါက လော့လီအတွက် အရမ်းတန်ဖိုးကြီးတယ် မဟုတ်လား"

"ကိစ္စမရှိပါဘူး၊ ငါ့မှာ အင်မော်တယ်ဆေးမရှားဘူး" ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုရှောင်ယောက်" ကျန်းလော့လီက ချစ်စဖွယ်ပြုံးလိုက်ရာ

ပါးချိုင့်လေးနှစ်ခုကလည်း အထင်အရှား
ထွက်ပေါ်လာခဲ့လေသည်။

ကျန်းမိသားစု၏ ပုလဲရတနလေးဖြစ်သောကြောင့်
သူမတွင်လည်း အင်မော်တယ်ဆေး မရှားပါးပါချေ။

သို့ရာတွင် ကျွင်းရှောင်ယောက်က ပေးလာချိန်မှာတော့
အစိပ်ပွါယ်က ကွဲပြားသွားခဲ့ပြီ ဖြစ်သည်။

ကျန်းလော့လီက မျက်လုံးကိုမှိတ်ပြီး
အနည်းငယ်ခုန်ကာ ကျွင်းရှောင်ယောက်၏ပါးကို
ရွှတ်ခနဲနမ်းလိုက်လေသည်။

"ဒီကောင်မလေး..."

ကျွင်းရှောင်ယောက်လည်း ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

ကံကောင်းထောက်မစွာဖြင့် နှုတ်ခမ်းကို မနမ်းခဲ့ပေ၊
မဟုတ်ပါက သူ၏ ပထမအနမ်းလေး
ပျောက်ကွယ်သွားရပေလိမ့်မည်။

ဤမြင်ကွင်းကို မြင်လိုက်ရပြီးနောက်
ဖန့်ဟန်မျက်နှာက မည်းမှောင်သွားသည်။

သူ့မှာ ရှေးဟောင်းအကြွင်းကျန်ကိုဖျက်ဆီးရန်
အပြင်းအထန်ကြိုးစားခဲ့ရသော်လည်း
ကျွင်းရှောင်ယောက်က
တိုက်ရိုက်ယူဆောင်သွားလေသည်။

ထို့ထက် သူဟာ အလှူလက်ဖက်နှင့်
မျက်နှာလုပ်လိုက်ခြင်း ဖြစ်သည်။

ထို့ထက်ပို၍ အရေးကြီးဆုံးအချက်ကတော့
မိန်းကလေးလော့လီက အနမ်းပန်းတစ်ပွင့်
ပြန်ပေးလိုက်ခြင်းသာ ဖြစ်တော့သည်။

ဖန့်ဟန်မှာသာ ဒဏ်ရာအပြင်းအထန်ရခဲ့ရုံအပြင်
ဘာမျှမရနိုင်ခဲ့ပေ။

သူ့အခြေအနေဟာ အလွန်သနားစရာကောင်းလှသည်။

နှင်းများ တဖွဲဖွဲကျနေသလို မြောက်လေကလည်း
တိုက်နေသည်။

ဖန့်ဟန်ဟာ အေးစက်သော မိုးရေများက
သူ့မျက်နှာပေါ်သို့ ကျဆင်းလာသလို

ခံစားလိုက်ရသည်။

ဖန့်ဟန်အခြေအနေကို သတိပြုမိသောအခါ
ကျွင်းရှောင်ယောက်၏မျက်လုံးများ၌
ရယ်ချင်ပက်ကျိအမူအရာများ ဖြစ်ပေါ်လာသည်။

သူက မျက်နှာပိုးသတ်ကာ ပြောလိုက်လေသည်။
"ဖန့်ဟန်၊ မင်း ကောင်းကောင်းလုပ်ခဲ့တာပဲ။
ဒီနတ်ဘုရားသားတော်က မင်းကို
ဆိုးဆိုးရွားရွားဆက်ဆံမှာ မဟုတ်ဘူး"

ကျွင်းရှောင်ယောက်၏ စကားကို ကြားရသောအခါမှ
ဖန့်ဟန်မျက်နှာမှာ  အနည်းငယ်ပိုကောင်းလာခဲ့သည်။

သို့တိုင် သူ့နှလုံးသားက သွေးယိုစီးနေဆဲပင်။

အကြောင်းမှာ နေနှင့်လ အင်မော်တယ်ဆေးက
သူ့ခန္ဓာနှင့် အလွန်လိုက်ဖက်ညီသောကြောင့်ပင်
ဖြစ်သည်။

ဤကျွင်းရှောင်ယောက်က
သူနှင့်အသင့်တော်ဆုံးအခွင့်အရေးကို
ရယူသွားခဲ့ခြင်းပင်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ လုပ်ရပ်ကြောင့်
ဖန့်ဟာန် အံ့သြသွားရပြန်သည်။

ကျွင်းရှောင်ယောက်
စိတ်ဝိညာဉ်ဆေးတစ်ပင်ကိုထုတ်ကာ ဖန့်ဟာန်ကို
ပေးလိုက်၏။

"အာ၊ ဒါက..."

ဖန့်ဟန် နေရာတွင် အေးခဲသွားခဲ့သည်။

သူသည် အလွန်လည်း ဒေါသထွက်သွား၏။

စိတ်ဝိညာဉ်ဆေး၏အထက်တွင် နက်နဲဆေး ရှိသည်၊ နက်နဲဆေးအထက်မှာတော့ မြင့်မြတ်ဆေးများ ရှိပေသည်၊ မြင့်မြတ်ဆေး၏အထက်မှာမှ အင်မော်တယ်ဆေး ဖြစ်သည်။

သူ၏ နေနှင့်လအင်မော်တယ်ဆေးကို ယခုတော့ စိတ်ဝိညာဉ်ဆေးတစ်ပင်ဖြင့် အစားထိုးခဲ့ပြီ။

ထို့ထက် ယင်းမှာ အဆင့်နိမ့်ဆေး ဖြစ်သည်။

ဖန့်ဟန် ခန္ဓာကိုယ်လည်း အနည်းငယ် တုန်ခါသွား၏။

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်က
အံ့ဩဟန်ဆောင်ပြီး ပြောလိုက်သည်။
"ဒါက မလုံလောက်ဘူးလား၊ ကိစ္စမရှိပါဘူး၊
နောက်ထပ် ရှိသေးတယ်"

ကျွင်းရှောင်ယောက်က နောက်ထပ် အဆင့်နိမ့်
စိတ်ဝိညာဉ်ဆေးတစ်ပင်ကို ထုတ်ယူလိုက်၏။

"ဖူး"
နောက်ဆုံးမှာတော့ ဖန့်ဟန်လည်း လုံးဝ
သည်းမခံနိုင်တော့ဘဲ ပါးစပ်ထဲမှ
သွေးများအန်ထွက်လာတော့သည်။

--------

အခန်း ( ၂၄၇ ) ပန်ဟွမ်ဟင်းလင်းပြင်ဓား၊
သန့်စင်သော သွေးသတ္တဝါ ကူရှီခွန်၊ ရန်ပန်နှင့်
ဖာဟိုင်တို့ မဟာမိတ်များ ဖြစ်သွားကြပြီ။

ဖန့်ဟန်ဟာ ကျွင်းရှောင်ယောက်က ရည်ရွယ်ချက်ရှိရှိ
လုပ်ခဲ့သလား၊ အမှန်တကယ် လုပ်ချင်သလား
မသိပေ။

ယခုအခါ ဒေါသကြောင့် တုန်တုန်ယင်ယင် ဖြစ်နေပြီး
နှလုံးသွေးများပင် စီးကျနေခဲ့ပြီ ဖြစ်သည်။

"မင်းအဆင်ပြေရဲ့လား"

ကျွင်းရှောင်ယောက်က အပေါ်ယံတွင်
တည်ငြိမ်ဟန်ဆောင်ပြီး စိတ်ထဲမှ လျှောင်ပြောင်ကာ

မေးလိုက်သည်။

"စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်၊ ကျုပ် အဆင်ပြေပါတယ်၊ ဒါပေမယ့် ကျုပ်ခန္ဓာကိုယ်ပေါ်က ဒဏ်ရာက မပျောက်သေးဘူး"

ဖန့်ဟန်က အံကြိတ်ပြီး ပြောလိုက်သည်။

"အင်း၊ ဒီစိတ်ဝိညာဉ်ဆေးနှစ်ခုက မင်းရဲ့ဒဏ်ရာကနေ ပြန်ကောင်းအောင် ကူညီပေးသင့်တယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ဖန့်ဟန်လည်း ဒေါသအလွန်ထွက်ကာ ပါးစပ်မှ သွေးများ အန်ထွက်လာ၏။

သူလိုချင်တာက နေနှင့်လ အင်မော်တယ်ဆေး ဖြစ်သည်။

ဤသောက်ကျိုးနည်းဆေးများ မဟုတ်ပေ။

သို့သော်လည်း နောက်ဆုံးတွင် ယင်းက ဒဏ်ရာအချို့ကို သက်သာပျောက်ကင်းစေနိုင်သောကြောင့် စားသုံးလိုက်ရဆဲ ဖြစ်သည်။

'ဖန့်ဟန်… ဖန့်ဟန်၊ မင်းကနုံအလွန်းတယ်'

နံဘေးတွင် ခါးသီးမှုများပြည့်နှက်နေသောမျက်နှာဖြင့် ဆေးသန့်စင်နေသော ဖန့်ဟန်ကိုကြည့်ကာ ကျွင်းရှောင်ယောက်၏ နှလုံးသားထဲတွင် လှောင်ရယ်လိုက်သည်။

လှည့်ကွက်များ ကစားရာတွင် ကျွင်းရှောင်ယောက်က
မည်သူ့ကိုမျှ မကြောက်ဖူးပါချေ။

မင်းက ငါ့နောက်ကို လိုက်ပြီး
မကောင်းကြံချင်နေတာလား။

ကောင်းတယ်။

ဒါဆိုရင် မင်းကို လိုက်ခွင့်ပြုပေးမယ်။

ဒီနည်းနဲ့ မင်းရဲ့နှလုံးသွေးပါ ယိုစီးကျလာရလိမ့်မယ်။

ထို့ပြင် ၎င်းက
ကောင်းကင်၏သားတော်ဖြစ်သောကြောင့်
သူ၏ကံကောင်းခြင်းမှာ တကယ်ကို အံ့မခန်းပင်။

ဖန့်ဟန်မရှိပါက ဤနေနှင့်လ အင်မော်တယ်ဆေးကို တွေ့ရနိုင်မည်မဟုတ်ပါချေ။

ထို့ပြင် ဤနေနှင့်လ အင်မော်တယ်ဆေးက ဖန့်ဟန်၏ခန္ဓာကိုယ်နှင့် အလွန်လိုက်ဖက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က မာနကြီးပြီး ဖမ်းဆုပ်လိုက်ချေပြီ။

ယင်းက ဖန့်ဟန်ပေးဆပ်ရမည့် တန်ကြေး ဖြစ်သည်။

လမ်းတလျှောက်ရှိ အခွင့်အလမ်းများကလည်း တန်ကြေးသာ ဖြစ်ရပေလိမ့်မည်။

ထို့ကြောင့်ပင် ကျွင်းရှောင်ယောက်က ရီယုနှင့် ရန်ချင်းယင်ကို သူ့နောက်သို့ မလိုက်စေလိုခြင်း ဖြစ်သည်။

သူတို့အားလုံးဟာ မဟာကမ္ဘာ့ကောင်းခြင်းများ ရှိကြသူများဖြစ်၍ ကျွင်းရှောင်ယောက်နှင့် အမြဲအတူနေခြင်းက ၎င်းတို့၏တိုးတက်မှုကို ထိခိုက်စေလိမ့်မည်။

သို့သော်လည်း ဖန့်ဟန်ကတော့ ကိစ္စမရှိပါ။ သူ့ကို ရိုတ်သိမ်းသွားရန် အချိန်ကျပြီ ဖြစ်သည်။

ထို့နောက် သူတို့သုံးယောက်ဟာ ရှေ့ကိုဆက်သွားခဲ့လေသည်။

လမ်းတစ်လျှောက်တွင် အခွင့်အလမ်းမျိုးစုံ

တွေ့ခဲ့သော်လည်း ကျွင်းရှောင်ယောက်နှင့်
ကျန်းလော့လီတို့က ခွဲယူသွားကြသည်။

ဖန့်ဟန် ပိုင်ဆိုင်သင့်သော အခွင့်အရေးအချို့ကိုပင်
၎င်းတို့က သိမ်းပိုက်ခဲ့ကြ၏။

ဤအရာက ဖန့်ဟန်၏ နှလုံးသားထဲတွင်
ဒေါသများပြည့်နှက်သွားစေသော်လည်း
ထုတ်မပြနိုင်ခဲ့ပါချေ။

ထို့ကြောင့် သူကြိတ်ခံစားနေရသော ဝေဒနာကို
တွေးကြည့်၍ရသည်။

'ကျွင်းရှောင်ယောက်၊ မင်းအခုတော့ ဂုဏ်ယူနေဦးပေါ့။
ငါမင်းကို အက်ကြောင်းဆယ်ခု ကမ္ဘာလောကထဲကနေ
ဘယ်တော့မှ ထွက်မသွားစေဘူး'

ဖန့်ဟန်က သူ့နှလုံးသားထဲမှ တိတ်တဆိတ် ဟိန်းဟောက်လိုက်သည်။

ဤသို့ဖြင့် တစ်ရက်ကြာသွားခဲ့ချေပြီ။

ကျွင်းရှောင်ယောက်၏ ခြေလှမ်းများက ရုတ်တရက် ရပ်တန့်သွားသည်။

"အစ်ကိုရှောင်ယောက်၊ ဘာဖြစ်နေတာလဲ" ကျန်းလော့လီ မေးလိုက်၏။

ကျွင်းရှောင်ယောက်က ပြန်မဖြေပါ။

သူဟာ သိုလှောင်ခြင်းမှော်ရတနာအတွင်းရှိ ပန်ပွှမ်နှစ်များစား၏ အနည်းငယ်တုန်ခါနေမှုကို

ခံစားနေရသည်။

'ပန်ပွှမ်နှစ်များစား၊ ဖြစ်နိုင်ပါ့မလား...'
ကျွင်းရှောင်ယောက် တွေးလိုက်မိသည်။

"ဟိုကိုသွားမယ်"
ကျွင်းရှောင်ယောက်က တစ်နေရာကို
တစ်ချက်လှမ်းကြည့်လိုက်သည်။

ပန်ပွှမ်နှစ်များစားနှင့် ပွဲတင်ထပ်သောတည်ရှိမှုသည်
ထိုလမ်းကြောင်းမှပင် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အခြားတစ်ဖက်မှ ရန်ပန်ပလည်း
၎င်းကို သတိပြုမိသွားသည်။ သူသည်
စိတ်လှုပ်ရှားနေသော မျက်လုံးများဖြင့် အဝေးကို

လှမ်းကြည့်လိုက်၏ ။

"ငါ့အခွင့်အရေးအတွက် ရောက်လာခဲ့ပြီ"

တောင်ကုန်းတစ်ခုတွင်လည်း
ရွှေရောင်အိတ်တစ်လုံးနှင့် ရဟန်းငယ်တစ်ပါး
ထွက်လာသည်။ သူသည်ကား အနောက်ဘက်
နိဗ္ဗာန်ဘုံမှ ဗုဒ္ဓသားတော် ဖာဟိုင်သာ ဖြစ်သည်။

သူက အဝေးကိုမျှော်ကြည့်ပြီး လက်ယှက်ကာ
ပြောလိုက်လေသည်။

"အမိတ္တာဘ၊ အဲဒီရတနာက ဒီရဟန်းငယ်နဲ့
သက်ဆိုင်တယ်”

………

ဤသည်မှာ အလွန်တရာကျယ်ပြောသော
လွင်ပြင်တစ်ခုဖြစ်သည်။

လွင်ပြင်အထက် ကောင်းကင်ယံမှာတော့
ရှေးဟောင်းနန်းတော်ကြီးတစ်ခု ရှိ၏။ ယင်းက
ကောင်းကင်ရတနာ နန်းတော်ကြီးတစ်ခုကဲ့သို့
လေထဲတွင် ဤအတိုင်း တည်ရှိနေခဲ့ခြင်း ဖြစ်သည်။

အနီးနားရှိ လေထဲမှာတော့ ဟင်းလင်းပြင်စွမ်းအားများ
စိမ့်ဝင်နေသည်။ ယင်းက ရောမသားရဲကြီးတစ်ကောင်
ပါးစပ်ဟထားသကဲ့သို့ ရုံဖန်ရုံခါ မှောင်မိုက်သော
ဟင်းလင်းပြင်အက်ကြောင်းကြီးများ
ထွက်ပေါ်လာတတ်သည်။

ဤလွင်ပြင်တွင် ပါရမီရှင်တချို့ရှိနေပြီး
ကောင်းကင်ပြင်ရှိ ရှေးဟောင်းနန်းတော်ကို

မော့ကြည့်နေခဲ့ကြပေသည်။ ၎င်းတို့၏
မျက်လုံးမှာတော့ ပူပြင်းသော အငွေ့အသက်များ
ထွက်ပေါ်နေသည်။

"ဒါက သေချာပေါက် အခွင့်အရေးတစ်ခုပဲ"
ပါရမီရှင်တချို့က စိတ်လှုပ်ရှားသော မျက်လုံးများဖြင့်
ကောင်းကင်သို့ ပျံတက်သွားကြသည်။

သို့သော်လည်း ရှေးဟောင်းနန်းတော်အနီးသို့
ရောက်ခါနီးတွင် တိုက်ကြီးကဲ့သို့
အနက်ရောင်အရိပ်ကြီးတစ်ခုထွက်ပေါ်လာကာ
အားလုံးကို ပိတ်ဆို့သွားတော့သည်။

ယင်းက ဟင်းလင်းပြင်ကိုခွဲထုတ်ကာ အားလုံးကို
ဝါးမျိုတော့မည့်ဟန်ဖြင့် မိုင်တစ်သောင်းကျော်အောင်
ပါးစပ်ကြီးဟထားသော သတ္တဝါကြီး ဖြစ်သည်။

"ဘုရားရေ၊ အဲဒါ… ကူရှီခွန်ပဲ"

ပါရမီရှင်အားလုံး အလွန်ကြောက်လန့်သွားပြီး
မျက်လုံးမျက်ဆံပြူးကုန်သည်။

ကူရှီခွန်က အလွန်ကြောက်စရာကောင်းသည့်
ခွန်အားရှိသော သတ္တဝါဖြစ်ပြီး
အဆုံးမဲ့ဟင်းလင်းပြင်တွင် နေထိုင်သည်ဟူသော
ကောလဟာလများပင် ရှိလေသည်။

၎င်းက ကြောက်စရာ
ဟင်းလင်းပြင်မုန်တိုင်းများအောက်၌ပင်
ရှင်သန်နိုင်ကြသည်။

ဟုတ်ပေသည်၊ ဤသန့်စင်သွေး သတ္တဝါကြီး၏
ခွန်အားကလည်း အလွန်ကြောက်စရာကောင်းသည်။

၎င်းက တွင်းနက်ကဲ့သို့ ပါးစပ်ကြီးဖြင့်
အဆုံးမဲ့စုပ်ယူအားများ ပေါက်ကွဲထွက်ကာ
ပါရမီရှင်များကို စုပ်ယူသွား၏။

သန့်စင်ဝိညာဉ်အောက်ရှိ မည်သည့်ကျင့်ကြံသူမှ
ကူရှီခွန်၏ စုပ်ယူအားကို  ခုခံနိုင်စွမ်းမရှိခဲ့ပေ။

ကူရှီခွန်၏ ခန္ဓာကိုယ်အတွင်းပိုင်းက
သာမန်နတ်ဆိုးသားရဲများကဲ့သို့ အသွေးအသားများ
မရှိပေ၊ ယင်းက သေးငယ်သော မုန်တိုင်းငယ်များနှင့်
ပြည့်နှက်နေသော ဟင်းလင်းပြင်
နေရာလွတ်တစ်ခုကဲ့သို့ပင် ဖြစ်သည်။

ကူရှီခွန် ဝါးမျိုခံရသည့် မည်သည့်သတ္တဝါမဆို
၎င်း၏ခန္ဓာကိုယ်အတွင်းမှ

ဟင်းလင်းပြင်မုန်တိုင်းကြောင့်
သန့်စင်သောစွမ်းအင်အဖြစ်သို့ ချေမှုန်းသွားခံရကာ
ကူရှီခွန်အတွက် စွမ်းအားဖြစ်လာပေလိမ့်မည်။

ယခုလည်း ကူရှီခွန်က ပါရမီရှင်အများစုကို
တစ်ချက်တည်းဖြင့် ဝါးမျိုသွားရာ မလှုပ်ရှားဘဲ
နေခဲ့မိသော ပါရမီရှင်အားလုံး ချွေးသီးချွေးပေါက်
ကျဆင်းလာတော့သည်။

သို့သော်လည်း ထူးဆန်းသည်မှာ ကူရှီခွန်က
ရှေးဟောင်းနန်းတော်၏ ကာကွယ်ကွဲသို့
ဝန်းရံထားခဲ့ခြင်း ဖြစ်သည်။

၎င်းက တခြားဘယ်နေရာကိုမျှ မသွားခဲ့ပါချေ။

သို့သော်လည်း ဤနည်းအားဖြင့်

ရှေးဟောင်းနန်းတော်ထဲသို့ မည်သူမျှ
မဝင်ရောက်နိုင်တော့ပေ။

ယင်းက ပါရမီရှင် တော်တော်များများကို
စိတ်မချမ်းသာဖြစ်စေခဲ့သည်။

ထိုအချိန်တွင် အဝေးမှ ရွှေရောင်အလင်းတန်းတစ်ခု
ချဉ်းကပ်လာသည်။ ယင်းက ရန်ပန် ဖြစ်ချေသည်။

အဝေးမှ ရှေးဟောင်းနန်းတော်ကိုမြင်သောအခါ
သူ့မျက်လုံးထဲတွင် မီးတောက်မီးလျှံများပင်
ဖြစ်ပေါ်လာသည်။

သူ့ခန္ဓာကိုယ်ထဲမှ ပန်ဟွမ်အသက်ဓားကလည်း
ပွဲတင်ထပ်ကာ တုန်ခါနေပုံရ၏။

'ဖြစ်ကောင်းဖြစ်နိုင်တာက...
ပန်ဟွမ်ဟင်းလင်းပြင်ဓားလား'

ရန်ပန်က ရှေးဟောင်းနန်းတော်ကို
လှမ်းကြည့်လိုက်သည်။

ရှေးဟောင်းနန်းတော် အနီးတစ်ဝိုက်တွင်
ဟင်းလင်းပြင်စွမ်းအားများ ထွက်ပေါ်နေသည်။

၎င်းမှာ ပန်ဟွမ်ဟင်းလင်းပြင်ဓား၏ လက္ခဏာများနှင့်
တူညီလွန်းပေသည်။

သို့သော်လည်း နန်းတောမဘေးရှိ ကျူရှီခွန်သားရဲကြီးက
ရန်ပန်ကို  မျက်မှောင်ကြုတ်သွားစေခဲ့သည်။

ကူရှီခွန်သားရဲကြီးကို ကိုင်တွယ်ရန်က သူ့အတွက်ပင် ခက်ခဲသည်။

ငင်းသာ ဝါးမျိုခံရပါက သေဆုံးနိုင်ချေ များပေသည်။

သူ၏ ကောင်းကင်အလင်းဦးချိုချပ်ဝတ်ကလည်း ကူရှီခွန်ခန္ဓာတွင်းရှိ ဟင်းလင်းပြင်မုန်တိုင်းစွမ်းအားကို ခုခံရန်မလွယ်ပေ။

'ဒါကြီးကို ဘယ်လိုလုပ်ရပါ့'

ရန်ပန်က လေးလေးနက်နက်

မျက်မှောင်ကြုတ်လိုက်သည်။

ထိုအချိန်တွင် အခြားတစ်ဖက်မှ ဗုဒ္ဓအလင်းများနှင့် ဓမ္မရွတ်ဆိုသံများ ထွက်ပေါ်လာသည်။

ထို့နောက် ရွှေရောင်သဃ်န်းဖြင့် ရဟန်းဖာဟိုင် ရောက်လာခဲ့၏။

"ဟမ်၊ အနောက်ဘက် နိဗ္ဗာန်ဘုံက ဗုဒ္ဓသားတော်လား" ဖာဟိုင် ရောက်ရှိလာတာကိုမြင်တော့ ရန်ပန် မျက်ခုံးပင့်လိုက်သည်။

အင်မော်တယ်နယ်မြေကြီး၌ ကျော်ကြားသော ပါရမီရှိရှင်ချင်း ဖြစ်ကြသောကြောင့် မြင်ရုံဖြင့် မှတ်မိကြသည်။

"အမိတ္တာဘ၊ ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ မားကွစ်ကွမ်ကျင်းပဲ၊ တွေ့ရတာ ဝမ်းသာပါတယ်" ဖာဟိုင်က ရန်ပန်ကိုမြင်တော့ လက်ဝါးတစ်ဖက်ကို

ရင်ဘက်အရှေ့တွင်ထောင်ကာ ပြောလိုက်သည်။

ရန်ပန်၏မျက်နှာအမူအရာကတော့ မပြောင်းလဲပေ။

သူက ဗုဒ္ဓတာအိုကို စိတ်မဝင်စားဘဲ အနည်းငယ်
ပျင်းရိသည်။

သို့သော်လည်း ဤဗုဒ္ဓသားတော်သည်
ကျွင်းရှောင်ယောက်ကြောင့် မျက်နှာပျက်ဖူးခဲ့ကြောင်း
သူကြားဖူးသည်။

ယင်းက အသုံးဝင်သောကိစ္စပင်။

တချိန်တည်းမှာပင် ဖာဟိုင်ကလည်း ရန်ပန်နှင့်
ကျွင်းရှောင်ယောက်ကြားတွင် မကြေလည်ဖူးသော

ကိစ္စများကို တွေးနေမိ၏။

ထို့နောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အတွေးကိုယ်စီနှင့် ပြိုင်တူပြုံးလိုက်ကြသည်။

"ဖာဟိုင်၊ မတော်တဆမှုသာ မရှိခဲ့ရင် ကျွင်းရှောင်ယောက်လည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောကထဲကို ဝင်လာသင့်တယ်"

ရန်ပန်က ပြောလိုက်သည်။

"အမိတ္တာဘ၊ ဒီရဟန်းငယ်နဲ့ ကျွင်းရှောင်ယောက်က အကြောင်းကြောင့် အကျိုးဖြစ်ပြီး ယှဉ်ပြိုင်စရာတွေ ရှိပါတယ်"

ၡင်းတို့နှစ်ယောက်စလုံး တစ်ယောက်သဘောကို တစ်ယောက် ကောင်းစွာ

နားလည်သဘောပေါက်သွားကြသည်။

ထိုအချိန်တွင် အေးစက်သော အသံတစ်ခုက အဝေးမှ ထွက်ပေါ်လာသည်။

"ဒီနတ်ဘုရားသားတော်နဲ့ ဆက်ဆံဖို့အတွက် မဟာမိတ်ဖွဲ့ဖို့ ဆုံးဖြတ်ပြီးပြီလား"

ထိုအသံကိုကြားတော့ ရန်ပန်ကော ဖာဟိုင်ပါ ချက်ချင်း လှည့်ကြည့်လိုက်၏။

သူတို့ မျက်လုံးများတွင်ကား နက်ရှိုင်းသော နာကြည်းမှုနှင့် အေးစက်မှုများ ဖြစ်လာတော့သည်။

နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက် ရောက်ရှိလာခဲ့ပြီ။

---------

အခန်း ( ၂၄၈ ) ရန်ပန်နှင့် ဖာဟိုင်က ကျွင်းရှောင်ယောက်ကို ပူးပေါင်း တိုက်ခိုက်သော်လည်း အနိုင်မရပေ၊ ဖန့်ဟန် လှုပ်ရှားခြင်း။

ကောင်းကင်အမြင့် မနီးမဝေးတွင် ပုံရိပ်သုံးခု ထွက်ပေါ်လာသည်။

ယင်းက ကျွင်းရှောင်ယောက်၊ ကျန်းလော့လီနှင့် ဖန့်ဟန်တို့သာဖြစ်ချေသည်။

ကျွင်းရှောင်ယောက်က ရန်ပန်နှင့် ဖာဟိုင်ကို

ကြည့်လိုက်သည်။

ဤနှစ်ယောက်က သူ့ကို ရန်ငြိုးထားနေတာ ကြာမြင့်ခဲ့ချေပြီ။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အေးစက်စက်အလင်းတစ်ခု ပေါ်လာသည်။

ဤအက်ကြောင်းဆယ်ခု ကမ္ဘာလောကသည် တာအိုကာကွယ်သူများ မဝင်နိုင်သောကြောင့် ရန်ပန်နှင့် ဖာဟိုင်လည်း တစ်ယောက်တည်းသာ ဝင်လာနိုင်သည်။

ယင်းက ပို၍ အခြေအနေကောင်းပေသည်။

၎င်းတို့ကို သတ်လိုက်လျှင်ပင်
ပန်ဝူနတ်ဘုရာမင်းဆက်နှင့် အနောက်ဘက်
နိဗ္ဗာန်ဘုံတို့ မည်ကဲ့သို့တုံ့ပြန်မည်ကို
ကျွင်းရှောင်ယောက်က လုံးဝဂရုမစိုက်ပါ။

သူ၏နောက်ခံကြောင့်လည်း ဤလူနှစ်ယောက်အတွက်
ပြဿနာလာရှာကြရန် မဖြစ်နိုင်ပေ။

ဤအတွက် ကျွင်းရှောင်ယောက် လုပ်သည်ဖြစ်စေ၊
မလုပ်သည်ဖြစ်စေ ဘာမျှမဖြစ်ပေ။

ကျွင်းရှောင်ယောက်၏ မျက်လုံးများမှ
သတ်ဖြတ်ချင်စိတ်ကိုမြင်သောအခါ ရန်ပန်နှင့်
ဖာဟိုင်တို့ မျက်နှာပျက်သွားခဲ့ကြသည်။

သူတို့ နှစ်ယောက်စလုံးက အောက်ကမ္ဘာတွင်

အခွင့်အလမ်းများစွာ ရရှိခဲ့၍ များစွာ
တိုးတက်လာကြပြီ ဖြစ်သည်။

သို့တိုင် အနီးကျွင်းရှောင်ယောက်ထံမှ
နားလည်ရခက်သော ခံစားချက်ကို ရရှိနေဆဲပင်။

ကျွင်းရှောင်ယောက်၏ အရှိန်အဝါက ပင်လယ်ကဲ့သို့
နက်ရှိုင်းပြီး ခန့်မှန်းရခက်ကာ သူ့အကန့်အသတ်က
မည်သည့်နေရာတွင် ရှိနေသည်မှန်း မသိရနိုင်ပေ။

ကျွင်းရှောင်ယောက်၏ အနောက်မှာတော့ ဖန့်ဟန်က
ရန်ပန်ကို စိုက်ကြည့်လိုက်သည်။ သူ့မျက်လုံးမှာလည်း
နားမလည်နိုင်သော အလင်းများ
တဖျတ်ဖျတ်လက်နေခဲ့၏။

"ပုရွက်ဆိတ်တွေက မဟာမိတ်ဖွဲ့မယ်ဆိုရင်တောင်

ပုရွက်ဆိတ်အုပ်စု ဖြစ်နေတုန်းပဲ။ ဒီနေ့တော့
အားလုံးကို အဆုံးသတ်ကြမယ်"

ကျွင်းရှောင်ယောက်က ထူးခြားမှုမရှိဟန်ဖြင့်
ပြောလိုက်သည်။

သူက ရန်ပန်၊ တခြားသူများနှင့် ပတ်သပ်ခဲ့တာ
ကြာမြင့်ခဲ့ပြီမို့ ယခုတော့ ဤအအရာများကို
အဆုံးသတ်ရန် အချိန်တန်ချေပြီ။

ကျွင်းရှောင်ယောက်က ထူးခြားမှုမရှိသော မျက်နှာဖြင့်
လက်ဝါးရိုက်ချက် ထုတ်ဖော်လိုက်သည်။

"အတူတူလုပ်ရအောင်"

ရန်ပန် အော်ဟစ်လိုက်၏။

ကျွင်းရှောင်ယောက် တိုက်ခိုက်လိုက်သောအခါ
ဖြစ်ပေါ်လာသော အငွေ့အသက်က
ရန်ပန်၏နှလုံးသားကို အနည်းငယ်
တုန်ခါသွားစေခဲ့သည်။

ထို့ကြောင့် မဆိုင်းမတွပင် ဆုံးဖြတ်ချက်ချပြီး
ဖာဟိုင်နှင့်လက်တွဲရန် ပြောဆိုလိုက်တော့သည်။

ဖာဟိုင်ကလည်း တိုက်ရိုက် တိုက်ခိုက်လိုက်သည်။

ယခုအချိန်တွင် တစ်ဦးချင်းတိုက်ခိုက်ရန်
အာရုံစိုက်နေသေးပါက
ကျွင်းရှောင်ယောက်လက်တွင်းသို့
ခုန်ဝင်သွားသကဲ့သို့ပင် ဖြစ်လိမ့်မည်။

ဖာဟိုင်ကလည်း ဤအကြောင်းကို

ကောင်းစွာသိသောကြောင့် ရန်ပန်နှင့် တိုက်ရိုက်ပူးပေါင်းခဲ့သည်။

ရန်ပန်က နတ်လှံကိုဆွဲကိုင်ကာ နဂါးနက်ကြီးတစ်ကောင်ကဲ့သို့ တိုက်ခိုက်လိုက်သည်။

တစ်ဖက်တွင် ဖာဟိုင်က ကတ္တဖ ဗုဒ္ဓတံဆိပ်ကို လက်တစ်ဖက်တည်းဖြင့်ထုတ်ဖော်ကာ တိုက်ခိုက်လိုက်၏။

(Kassapa Buddha - ကဿပဗုဒ္ဓပါ၊ ဒါပေမဲ့ ကျနော်တို့ဘာသာအရ အဆင်မပြေမှာစိုးတဲ့အတွက် ကတ္တဖလို့ပဲ ရေးထားပါတယ်။ အဆင်မပြေရင် ပြောပါ)

"အင်အားကြီးလိုက်တာ၊ ဒါက အင်မော်တယ်နယ်မြေကြီးရဲ့

ထိပ်တန်းပါရမီရှင်ပဲလား"

မြေပြင်မှ ပါရမီရှင်များဟာ ရန်ပန်နှင့် ဖာဟိုင်ကိုမြင်ပြီးနောက် အံ့သြသွားကြသည်။

သူတို့က ကံကောင်းကြပြီး အောက်ကမ္ဘာ၏ ထိပ်တန်း ပါရမီရှင်များထဲတွင် ပါဝင်သော်လည်း ယခုအချိန်မှာတော့ အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များနှင့် သူတို့ကြားမှကွာဟချက်ကို သိခဲ့ရချေပြီ။

အောက်ကမ္ဘာမှ ပါရမီရှင်များတွင် ကောင်းကင်သားတော်ဆယ်ဦးသာ အင်မော်တယ်နယ်မြေကြီး၏ ပါမီရှင်များနှင့် ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီသည်။

သူတို့နှစ်ယောက် လှုပ်ရှားနေတာကိုမြင်ရသော်လည်း

ကျွင်းရှောင်ယောက်၏မျက်နှာကတော့
အပြောင်းအလဲမရှိပါ။

သူ၏ လက်ရှိအင်အားက အင်မော်တယ်နယ်မြေကြီးမှ
လူငယ်မျိုးဆက်ကြားတွင်
ပြိုင်ဘက်ကင်းသလောက်ပင်။

ရှေးဟောင်းလူထူးဆန်းများ၊ သို့မဟုတ်
ရှေးဟောင်းဧကရာဇ်များ၏ သားမြေးများသာ သူနှင့်
တိုက်ကွက်အနည်းငယ်ရင်ဆိုင်ရန်အတွက်
အရည်အချင်းပြည့်မီမှာကို ကြောက်ရသည်။

ကျွင်းရှောင်ယောက်က မည်သည့်
နတ်ဘုရားသိုင်းကိုမျှအသုံးမပြုဘဲ
လက်ဝါးတစ်ဖက်တည်းဖြင့် တွန်းထုတ်လိုက်သည်။

ထိုအခါ ခုနစ်ဒဿမသုံးဘီလီယံ ဂျင်ခွန်အားက ပေါက်ကွဲထွက်လာခဲ့၏။

ဤနတ်ဘုရားစွမ်းအား၏ အင်အားက သာမန်လူတို့ စိတ်ကူးမယဉ်နိုင်သော အဆင့်သို့ပင် ရောက်ရှိသွားပေပြီ။

ကျွင်းရှောင်ယောက်က အနာဂတ်တွင်ပင် ဖင်းဂေါခန္ဓာကေရာဇ် ဖြစ်လာနိုင်ဖွယ် ရှိသည်။

သူ၏ ရုပ်ခန္ဓာသက်သက်ဖြင့်ပင် မဟာကေရာဇ်၊ ရှေးကေရာဇ်တို့နှင့်  ယှဉ်ပြိုင်နိုင်လောက်သည်။

"ဝုန်း"

သူတို့သုံးယောက် တိုက်မိသောအခါ ရန်ပန်နှင့် ဖာဟိုင်၏ တိုက်ခိုက်မှုစွမ်းအားများက

ချေမှုန်းခံရလုနီးပါး ဖြစ်သွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်က လက်ဗလာဖြင့် ရန်ပန့်လှံကို ခုခံလိုက်၏။

လှံကိုယ်ထည်တစ်လျှောက်
ကြီးမားသောအင်အားတစ်ခုက
စီးဝင်သွားပြီးနောက်မှာတော့...

"ဝုန်း" ဟူသော ပေါက်ကွဲသံနှင့်အတူ ရန်ပန်ခန္ဓာက သံတူကြီးဖြင့် အထုခံရသကဲ့သို့ ခံစားရပြီး သွေးအန်ကာ ပြန်ဆုတ်သွားရတော့သည်။

သူ့ရင်ဘတ်မှာလည်း အရိုးအက်ကွဲသံများ ထွက်ပေါ်လာသည်။

အကယ်၍ သူသာ
ကောင်းကင်အလင်းဦးချိုချပ်ဝတ်ကို ဝတ်မထားပါက
ဤတိုက်ခိုက်မှုဟာ သူ့ကိုပင် ဒဏ်ရာအပြင်းအထန်
ရစေပေလိမ့်မည်။

အခြားတစ်ဖက်တွင်လည်း ဖာဟိုင်၏
ကတ္တာဖတံဆိပ်က တိုက်ရိုက်ပျက်ဆီးသွားသည်။

သူက အနောက်ဘက်နိဗ္ဗာန်ဘုံ၏ အဓိပမိ
ခန္ဓာကျင့်စဉ်ဖြစ်သော ရွှေခန္ဓာကျင့်စဉ်ပင် ဖြစ်သည်။

စွမ်းအင်အတက်အကျများ ဖြစ်လာပြီးနောက်
ရွှေခန္ဓာကျင့်စဉ်သည် လုံးဝ ပေါက်ကွဲသွား၏။

ဖာဟိုင်လည်း ထိတ်လန့်တကြားဖြင့်

မျက်လုံးများပြူးကျယ်ကာ သွေးများ
အန်ထွက်လာတော့သည်။

ကျွင်းရှောင်ယောက်၏စွမ်းအားက
ယခင်ကနှင့်အတူဘဲ တဟုန်ထိုးတက်လာဦးမည်ဟု
ထင်မထားခဲ့ပေ။

"အစ်ကိုရှောင်ယောက်က တော်လိုက်တာ"
ကျန်းလော့လီ၏ မျက်လုံးများက တောက်ပသွားကာ
ပြုံးလိုက်သည်။

သူမကတော့ မလိုအပ်သည့်အတွက် ကူညီရန်
စိတ်ကူးမရှိခဲ့ပေ။

ကျွင်းရှောင်ယောက်တစ်ဦးတည်းက
ထိုနှစ်ယောက်ကိုကိုင်တွယ်ရန်

လုံလောက်တာထက်ပိုသည်။

'ဘယ်လိုလုပ်ပြီး မင်းက ပိုသန်မာလာရပြန်တာလဲ'

ကျန်းလော့လီအနောက်တွင်ရပ်နေသော
ဖန့်ဟန်ကတော့
ကျွင်းရှောင်ယောက်၏အင်အားကြောင့်
မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။

ပတ်ဝန်းကျင်ရှိ အောက်ကမ္ဘာမှ ပါရမီရှင်များလည်း
တုန်တုန်ယင်ယင် ဖြစ်ကုန်ကြ၏။

တစ်တောင်ထက် တစ်တောင်ပိုမြင့်ခြင်းမှာ
အဘယ်နည်း။

ယခုမြင်နေရသည်က ရှင်းလင်းသော ဥပမာတစ်ခု

ဖြစ်နေခဲ့ချေပြီ။

ရန်ပန်နှင့် ဖာဟိုင်ကပင် သူတို့မျက်လုံးထဲတွင် အလွန်အားကောင်းနေကြပြီ ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ မျက်လုံးထဲမှာတော့ ၎င်းတို့နှစ်ယောက်လုံးက အမွှာညီအကိုများကဲ့သို့ပင်။

"ဒါပဲလား၊ မင်းတို့အတူတူ လုပ်ကြတာတောင်မှ ဒီနတ်ဘုရားသားတော်ကို တိုက်ခိုက်ချင်စိတ် နည်းနည်းဖြစ်လာအောင် မလုပ်နိုင်ကြဘူး"

ကျွင်းရှောင်ယောက်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

"ကျွင်းရှောင်ယောက်၊ သိပ်မလွန်နဲ့ကွ"

ရန်ပန်၏ မျက်လုံးများက နီရဲသွားကာ
အော်ဟစ်လိုက်သည်။

သူဟာ အရှက်တရားကို သည်းမခံနိုင်တော့ဘဲ
စွမ်းအင်ပေါက်ကွဲလိုက်၏။

သူ့ခန္ဓာထဲမှ ဓားတစ်ချောင်းက ရုတ်တရက်
ထွက်ပေါ်လာကာ အဆုံးမဲ့ အသက်စွမ်းအားများလည်း
ထွက်ပေါ်လာတော့သည်။

သူ၏ ဒဏ်ရာရနေသောခန္ဓာကိုယ်ကလည်း
ပြန်လည်ကောင်းမွန်လာခဲ့ပြီ ဖြစ်သည်။

"ပန်ဟွမ်အသက်ဓား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက တောက်ပလာသည်။

ပန်ဟွမ်နှစ်များစားက သူ၏ သိုလှောင်ခြင်းမှော်ရတနာထဲတွင် ထည့်သိမ်းထားခြင်းဖြစ်သောကြောင့် ရန်ပန်နှင့် ပန်ဟွမ်အသက်စားမှာ အာရုံမခံစားနိုင်ခဲ့ပေ။

"ဒီနေ့ မင်းကို ဒီဓားနဲ့ သတ်မယ်"

နောက်ဆုံးမှာတော့ ရန်ပန်ဟာ ကျွင်းရှောင်ယောက်ကိုသတ်ရန် စိတ်ပိုင်းဖြတ်ပြီး ပန်ဟွမ်အသက်စားကို ပထမဆုံးအကြိမ် ထုတ်ဖော်လိုက်ပြီ ဖြစ်သည်။

ဖာဟိုင်ကလည်း အောက်ကျမခံပေ။

သူ့ထံမှ ယုံကြည်မှုစွမ်းအားများ တဟုန်ထိုး
တက်လာခဲ့၏။

အလုံးစုံသော သတ္တဝါတို့၏ ကိုးကွယ်ရာအလယ်တွင်
တင်ပျဉ်ခွေထိုင်နေသော ရွှေရောင်ဗုဒ္ဓရုပ်တုတစ်ခု
ရှိနေသည်။

ယခင်ကနှင့်မတူဘဲ ဤရွှေရောင်ဗုဒ္ဓရုပ်တုဟာ
သွေးများ လွှမ်းနေခဲ့၏။

သူ၏ ရှေ့မျက်နှာတော်က
သနားကြင်နာတတ်ပုံရသော်လည်း
အနောက်မျက်နှာကတော့ ငရဲပြည်မှ
နတ်ဆိုးဘုရင်ကဲ့သို့ပင်။

"ယုံကြည်ခြင်းတန်ခိုး၊ ဗုဒ္ဓခန္ဓာနဲ့

နတ်ဆိုးနှလုံးသားလား"

ကျွင်းရှောင်ယောက်က ဖာဟိုင်ကို
တစ်ချက်ကြည့်လိုက်သည်။

ယခင်က ကောင်းကင်တာအိုမျှော်စင်တွင် ဖာဟိုင်နှင်
တိုက်ခိုက်ခဲ့သော်လည်း ၎င်းကို သတိမထားမိခဲ့ပေ။

မမျှော်လင့်ဘဲ ယုံကြည်ခြင်းတန်ခိုး၏
ကောင်းချီးများအောက်တွင် ဖာဟိုင်က ဗုဒ္ဓခန္ဓာနှင်
နတ်ဆိုးနှလုံးသားကို
အမှန်တကယ်ရှာဖွေတွေ့ရှိခဲ့ချေပြီ။

သို့သော် ..

အကြွင်းမဲ့ ခွန်အားနှင့် ရင်ဆိုင်ရသောအခါ

ဤအရာအားလုံးက အချည်းနှီးပင်။

"ဗုဒ္ဓခန္ဓာနဲ့ နတ်ဆိုးနှလုံးသား၊ လက်တစ်ထောင် နတ်ဆိုးဗုဒ္ဓ"

ဖာဟိုင်က ဟိန်းဟောက်ကာ တိုက်ခိုက်မှုထုတ်ဖော်လိုက်၏။

ထိုအခါ နတ်ဆိုးဗုဒ္ဓပုံရိပ်မှ လက်တစ်ထောင် ထွက်ပေါ်လာကာ ကျွင်းရှောင်ယောက်ကို တိုက်ခိုက်လိုက်တော့သည်။

ဤလက်တစ်ထောင် နတ်ဆိုးဗုဒ္ဓက အလွန်အစွမ်းထက်ပြီး လက်တစ်ထောင်ဖြင့် တိုက်ခိုက်သောအခါ ကောင်းကင်ကြီးကိုပင် ဖြိုခွင်းနိုင်သကဲ့သို့ပင်။

ရန်ပန်ကတော့ ပန်ဟွမ်အသက်ဓားဖြင့်
တိုက်ခိုက်လိုက်သည်။

ဤလူနှစ်ယောက်၏ သန်မာသော
တိုက်ခိုက်မှုကိုရင်ဆိုင်ရသောအခါ
ကျွင်းရှောင်ယောက်က သူ့ရင်ဘက်ရှိ အနှိုင်းမဲ့အရိုးကို
ထုတ်ဖော်လိုက်သည်။

သူ့ရင်ဘတ်မှ တောက်ပသော နတ်အလင်းများ
ထွက်ပေါ်လာကာ ရောမလက်ကြီးအသွင်
ပြောင်းလဲသွား၏။ ယင်းက ရန်ပန်တို့နှစ်ဦးကို
ပြင်းပြင်းထန်ထန် ရိုက်ချလိုက်လေတော့သည်။

တစ်ချိန်တည်းမှာပင် သူက ဝါးမျိုးခြင်း
ဖင်းဂေါ့ကျမ်း၏ စွမ်းအားကိုလည်း
လှုံ့ဆော်လိုက်သည်။

ထိုအခါ ပတ်ဝန်းကျင်လေထဲတွင်
အနက်ရောင်တွင်းများ တစ်ခုပြီးတစ်ခု
ထွက်ပေါ်လာသည်။ ယင်းက
သန်မာသောစုပ်ယူအားများဖြင့်
တိုက်ခိုက်မှုအားများကို ချေဖျက်ပစ်လိုက်၏။

"ဝုန်း"

ထို့နောက်တော့ မိုးကြိုးမုန်တိုင်းကဲ့သို့ ပေါက်ကွဲသံများ
ဆက်တိုက် ထွက်ပေါ်လာတော့သည်။

ထိုကဲ့သို့ ပြင်းထန်သောတိုက်ခိုက်မှုတွင် ဖာဟိုင်နှင့်
ရန်ပန်က အရိုးကျိုး၊ အရွတ်များပြတ်ထွက်ပြီး
သွေးအန်ကာ နောက်ပြန်လွင့်သွားခဲ့ကြသည်။

တစ်ဖက်မှာတော့ ကျွင်းရှောင်ယောက်က

ထိုအင်အားများကို ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်း၏
ရေဝဲကြီးများဖြင့် စုပ်ယူပြီး ဖြေရှင်းလိုက်၏။

"ပျင်းစရာပဲ"

ကျွင်းရှောင်ယောက်၏ မျက်လုံးများကတော့
ထူးခြားမှုမရှိပေ။

သူ့ကိုရှုံးနိမ့်ဖူးသူများအတွက် နောင်တွင်
သူတို့ကြားမှကွာဟချက်က ပိုကြီးမားလာမည်ဖြစ်ပြီး
သေးငယ်သွားမည်မဟုတ်ပေ။

"ပြီးပြီ"

ကျွင်းရှောင်ယောက်က သူ့လက်ကို
ပြန်ရုတ်လိုက်သည်။

ထိုအချိန်တွင် ဖန့်ဟန်က ရုတ်တရက်
လှုပ်ရှားလာသည်။

သူက အဓိပဓိရတနာ ဝိညာဉ်ကွင်းဆက်ကြိုးကိုသုံးပြီး
လျှပ်စီးလက်သကဲ့သို့ ကျန်းလော့လီကို
တိုက်ရိုက်ချည်နှောင်လိုက်၏။

တစ်ချိန်တည်းမှာပင် နတ်ပူဇော်အမိန့်ကို
ကျန်းလော့လီ၏ ဦးခေါင်းထက်တွင်
ဆိုင်းငံ့ထားလိုက်တော့သည်။

"ကျွင်းရှောင်ယောက်၊ ရပ်လိုက်တော့။
မင်းနောက်တစ်ကြိမ်ထပ်လှုပ်ရင် သူသေရလိမ့်မယ်"

--------

အခန်း ( ၂၄၉ ) ဖန့်ဟာန်နှင့် ရန်ပန်၏ တွက်ချက်မှု၊ ကျွင်းရှောင်ယောက်၏ ပိုမိုနက်နဲသော အစီအစဉ်။

အမှတ်တမဲ့ဆန်သော ဤမြင်ကွင်းက
မနီးမဝေးမှကြည့်နေသော ပါရမီရှင်များကို
အံ့အားသင့်စေခဲ့သည်။

ဤပြောင်းလဲမှုမျိုးသည်
အနည်းငယ်ရုတ်တရက်ဖြစ်လွန်းသဖြင့်
၎င်းတို့အားလုံး မတုံ့ပြန်နိုင်တော့ပေ။

ကျန်းလော့လီပင် မတုံ့ပြန်နိုင်တော့ပါ။

သူမ၏ အာရုံစူးစိုက်မှုက ကျွင်းရှောင်ယောက်တွင်သာ

အမြဲစွဲလန်းနေခဲ့သည်။

ရလဒ်အနေဖြင့် သူမ သတိပြန်ဝင်လာသောအခါ ဝိညာဉ်ကြိုးဖြင့် ချည်နှောင်ခြင်းအား ခံထားရချေပြီ။

ယင်းကို သဘောပေါက်ပြီးနောက် ကျန်းလော့လီ၏မျက်နှာက ဒေါသဖြင့် နီမြန်းလာကာ ပြောလိုက်သည်။

"ဖန့်ဟာန်၊ နင် ဘာလုပ်တာလဲ"

ဖန့်ဟာန်၏မျက်နှာကတော့ အေးစက်နေဆဲပင်။

အချိန်အတော်ကြာအောင် ထိန်းထားခဲ့ပြီး နောက်ဆုံးတွင်ကား သူ၏ ဇာတိရုပ်ကို ထုတ်ဖော်လာခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က နောက်ပြန်ကြည့်လိုက်သည်။

ဖန့်ဟန်၏ အပြုအမူကိုမြင်ရသော်လည်း ကျွင်းရှောင်ယောက်၏မျက်နှာက အံ့သြနေခြင်းမျိုး မရှိပါ။

ဤမြင်ကွင်းက သူမျှော်လင့်ထားသကဲ့သို့ပင်။

'ဟမ်၊ သူ ဒါကို သတိထားမိတာ ကြာပြီပဲလား၊ မဖြစ်နိုင်ဘူး၊ ငါ ဒါကို ကောင်းကောင်း ဖုံးကွယ်ထားတာ'

ဖန့်ဟန် တွေးလိုက်သည်။

ကျွင်းရှောင်ယောက်က ကျန်းလော့လီ ဦးခေါင်းထက်မှ

နတ်အဆောင်အမိန့်ကိုကြည့်လိုက်၏။

"အိုး၊ ဒါက မင်းရဲ့ရွှေလက်ချောင်းပဲလား"
ကျွင်းရှောင်ယောက်က လှောင်ပြောင်လိုက်သည်။

ဤနတ်အဆောင်အမိန့်တွင်
ကမ္ဘာ့မူလစွမ်းအားရှိကြောင်း သူခံစားနိုင်သည်။

ယင်းက ပုန်းကွယ်နဂါးတိုက်ကြီး၏ ကမ္ဘာ့မူလသာ
ဖြစ်ချေမည်။

ယင်းကပင် ကျွင်းရှောင်ယောက်လိုချင်သည့်အရာ
ဖြစ်သည်။

သို့သော်လည်း ဖန့်ဟန်သည် တာ့ယင်ကေရာဇ်၏

သားဖြစ်သောကြောင့် ယခင်က
အလွန်အကျွံမလုပ်နိုင်ခဲ့ပေ၊ မဟုတ်ပါက
သူ့ရဲကောင်း၏နှလုံးသားကို
အေးစက်စေခဲ့မည်ဖြစ်သည်။

ယခုတော့ ကိစ္စမရှိတော့ပါ။

မျှော်လင့်ထားသည့်အတိုင်း ဖန့်ဟန်က
ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်နေပြီ ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက်က ကျန်းလော့လီကို
ချည်နှောင်ထားသော ဝိညာဉ်ကြိုးကို
ကြည့်လိုက်လေသည်။

ဤဝိညာဉ်ကြိုးမျိုးက အောက်ကမ္ဘာတွင် မဆိုထားနှင့်၊
အင်မော်တယ်နယ်မြေကြီး၌ပင် ရှားပါးသည်။

"ဒီဝိညာဉ်ကြိုးက မင်းဟာမဖြစ်သင့်ဘူး မဟုတ်လား"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထိုအချိန်တွင် ဒဏ်ရာပြင်းထန်စွာရနေသော ရန်ပန်က
ရုတ်တရက် ရယ်မောပြီး ပြောလိုက်သည်။

"ဟားဟားဟား၊ ကျွင်းရှောင်ယောက်၊
ဒီဝိညာဉ်ကြိုးကို ငါပေးလိုက်တာ"

ရန်ပန်၏ စကားများက ဖန့်ဟာန်နှင့်
သူ့ကြားမှပတ်သက်မှုကို ပို၍ ရှင်းလင်းသွားစေသည်။

"ဘာ၊ တကယ်ပဲ နင်လုပ်ခဲ့တာလား၊ လူယုတ်မာ"
ကျန်းလော့လီက ဒေါသတကြီးဖြင့်
အော်ဟစ်လိုက်သည်။

သူမက ဖန့်ဟာန်ကို အမြဲမုန်းတီးခဲ့သူဖြစ်ကာ ယခုတော့ ပို၍ပင် ဒေါသထွက်လာခဲ့ချေပြီ။

ကျန်းလော့လီက ရုန်းကန်ချင်သော်လည်း ဝိညာဉ်ကြိုးက သူမ၏ စွမ်းအင်များကို ချိတ်ပိတ်ထားသည်။

စွမ်းအင် အရင်းအမြစ်မရှိသောကြောင့် သိုလှောင်ခြင်း မှော်ရတနာအတွင်းမှ ရတနာများကိုပင် အသုံးမပြုနိုင်တော့ပေ။

ရုန်းကန်နေရသော ကျန်းလော့လီကိုကြည့်ရင်း ဖန့်ဟာန်က ကျေနပ်စွာပြုံးလိုက်သည်။ ထို့နောက် ကျွင်းရှောင်ယောက်ကို အလွန်ဂုဏ်ယူနေသော မျက်နှာအမူအရာဖြင့် ကြည့်လိုက်၏။

"ကျွင်းရှောင်ယောက်၊ မင်းတစ်လမ်းလုံး ငါ့ကို စော်ကားလာခဲ့တာ၊ နောက်ဆုံးမှာ ဒီလိုအခြေအနေမျိုးရောက်လိမ့်မယ်လို့ မင်းမျှော်လင့်မထားမိမှာကို ငါကြောက်တယ်၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား"

ဖန့်ဟန်က အလွန်ဂုဏ်ယူဟန်ဖြင့် ပြောလိုက်သည်။

သူသည် တလမ်းလုံး စောင့်ကြည့်နေခဲ့ပြီး ဤကျန်းလော့လီက ကျွင်းရှောင်ယောက်အတွက် အရေးပါသူတစ်ယောက် ဖြစ်သင့်သည်။

ထို့ကြောင့် ကျန်းလော့လီကို ချုပ်ကိုင်ခြင်းက ကျွင်းရှောင်ယောက်ကို ထိန်းချုပ်နိုင်ခြင်းနှင့် မခြားပေ။

ယင်းက ဖန့်ဟန်၏ ယုံကြည်မှု ဖြစ်သည်။

"ဒီတော့ တလမ်းလုံး မင်းသည်းခံလာခဲ့တာ
ဒီအခိုက်အတန့်အတွက်ပဲလား"
ကျွင်းရှောင်ယောက်၏မျက်နှာက တည်ငြိမ်နေဆဲပင်။

ဖန့်ဟန်က ရှက်ရွံ့ခြင်းမရှိဘဲ ပေါ့ပေါ့ပါးပါး
ရယ်မောကာ အမှန်အတိုင်းပြောလိုက်သည်။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကထဲသို့
ဝင်ရောက်လာပြီးမကြာမီ ဖန့်ဟန်နှင့်
တွေ့ဆုံခဲ့ပေသည်။

ရလဒ်အနေဖြင့် သူတို့နှစ်ယောက်လုံးက
ကျွင်းရှောင်ယောက်ကို ရန်ငြိုးထားနေကြောင်း

သိသွားခဲ့ပြီး ဤအစီအစဉ်ကို ချမှတ်လိုက်ကြသည်။

အစမှအဆုံး ဖန့်ဟန်က ကျွင်းရှောင်ယောက်ကို ရှာဖွေရန်သာ တစိုက်မတ်မတ် ကြိုးစားခဲ့ပေသည်။

စကားဆုံးသည့်အခါ ဖန့်ဟန်က ဂုဏ်ယူစွာပြုံးပြီး ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ မင်းဒေါသထွက်နေလား... နောင်တရနေလား... စိတ်ဆိုးနေလား"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးပြီး ခေါင်းကိုခါယမ်းကာ လက်ကိုမြှောက်ကာ ကျောက်စိမ်းတုံးတစ်ခုကို ထုတ်ယူလိုက်သည်။

ယင်းက အလင်းအရိပ်ကျောက်ဖြစ်ပြီး ပုံရိပ်များကို

မှတ်တမ်းတင်ထားနိုင်ပေသည်။

"မင်းပြောသမျှကို ငါ အခုပဲ
မှတ်တမ်းတင်ထားလိုက်ပြီ"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ကျွင်းရှောင်ယောက်၏ လှည့်စားခြင်းကို
ထပ်မံခံလိုက်ရရာ ဖန့်ဟန်မျက်နှာအမူအရာက
အနည်းငယ် ပြောင်းလဲသွား၏။

သို့ရာတွင် သူက ဂရုမစိုက်ဘဲ
လှောင်ပြောင်ပြောဆိုလိုက်သည်။
"ဒါတွေကို အခု မှတ်တမ်းတင်ထားရင်တောင်
ဘာအရေးလဲ။ အက်ကြောင်းဆယ်ခု
ကမ္ဘာလောကကနေ မင်းထွက်သွားနိုင်မယ်လို့
ထင်နေတာလား"

"ဒါက သက်သေတစ်ခုပဲ"

ကျွင်းရှောင်ယောက်က အလင်းနှင့်အရိပ်ကျောက်ကိုသိမ်းကာ ပြောလိုက်သည်။

ဤသို့ဖြင့် ဖန့်ဟန်ကို တာ့ယင်ကေရာဇ်တို့ စိတ်ကွက်မှာမကြောက်ဘဲ အလိုရှိသည့်အတိုင်း သတ်နိုင်ပေလိမ့်မည်။

"ကျွင်းရှောင်ယောက်၊ မင်းအညံ့ခံလိုက်တော့။ မဟုတ်ရင် ငါသူ့ကို နတ်အဆောင်အမိန့်နဲ့ ယာဇ်ပူဇော်ပစ်မယ်"

ဖန့်ဟန်က ခြိမ်းခြောက်လိုက်သည်။

"အစ်ကိုရှောင်ယောက်၊ လော့လီအတွက် စိတ်မပူနဲ့၊

သူတို့ကိုသတ်လိုက်ပါ"

ကျန်းလော့လီက အော်လိုက်၏။

သူမက ကျွင်းရှောင်ယောက်အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ချင်ပေ။

ကျွင်းရှောင်ယောက်ကို အောက်ဆွဲချတာထက် အသေခံလိုက်တာ ပိုကောင်းသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အနည်းငယ်ကျဉ်းမြောင်းသွားကာ ပြောလိုက်သည်။

"ဒီနတ်ဘုရားသားတော်က ဒီလိုခြိမ်းခြောက်မှုမျိုးကို ဂရုစိုက်မယ်လို့ မင်းထင်လား"

"အိုး၊ မင်းက သူ့အပေါ်မှာ တကယ်ကို

ခံစားချက်မရှိဘူးလား"

ဖန့်ဟန်က ကျွင်းရှောင်ယောက်ကို
စိုက်ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်က ကျန်းလော့လီ၏သေခြင်းကို
လျစ်လျူရှုထားလိမ့်မည်ဟု သူမယုံပေ။

ကျန်းလော့လီက ကျွင်းရှောင်ယောက်ကို
မထိခိုက်စေလိုသော်လည်း လှမ်းကြည့်လိုက်ဆဲပင်။
ဘာမျှမပြောဘဲ ငြိမ်သက်နေသည့်
ကျွင်းရှောင်ယောက်ကိုကြည့်ကာ သူမနှလုံးသားထဲ
ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။

အပြောင်းအလဲမရှိသော မျက်နှာအမူအရာဖြင့်
ကျွင်းရှောင်ယောက်ကိုကြည့်ကာ ကျန်းလော့လီက
နှုတ်ခမ်းကိုကိုက်လိုက်၏။

"လော့လီက အမြဲ စိတ်ကူးယဉ်ဆန်နေတာပဲ"
ကျန်းလော့လီက စိတ်ပျက်လက်ပျက်နှင့်
ပြောလိုက်သည်။

အစတုန်းကတော့ သူမဟာ
ကျွင်းရှောင်ယောက်၏ရုပ်ရည်ကြောင့်
သဘောကျခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံသည်။

ယခုတော့ သူမဟာ ရုပ်ရည်တစ်ခုတင်မကဘဲ
ကျွင်းရှောင်ယောက်ကို နှစ်သက်ခဲ့ချေပြီ။

ကျန့်လော့လီဟာ သူ၏ စရိုက်လက္ခဏာ၊ သူ၏
အပြုအမူ၊ သူနှင့်ပတ်သက်သမျှ အရာအားကို
သဘောကျခဲ့သည်။

ခေါင်းကိုအနည်းငယ်ငုံ့ထားသည့်
ကျန်းလော့လီကိုကြည့်ကာ
ကျွင်းရှောင်ယောက်တွေးလိုက်မိသည်။

စိတ်ဝင်စားမှုအကြောင်းကို ပြောရလျှင်တော့ သူက
ကျန်းလော့လီကို  ဂရုစိုက်ရန်မလိုပါ။

ယခုထိတော့ ကျွင်းရှောင်ယောက်ဟာ
ကျန်းလော့လီကို မကြိုက်သေးပါ။ သို့မဟုတ်
သူနှစ်သက်သော မိန်းကလေး မတွေ့သေးပါ။

ကျွင်းရှောင်ယောက်ကို ခံစားစေနိုင်သူက ရှားသည်။

ယခုထိတော့ သူဟာ ပိုသန်မာသော
ယောက်ျားတစ်ယောက်ဖြစ်ချင်ပြီး ခံစားချက်မရှိသော

လေ့ကျင့်ရေးစက်ကဲ့သို့သာ ဖြစ်နေပါသေးသည်။

"မင်းအညှို့မခံသေးဘူးလား"

ဖန့်ဟန်က နတ်အဆောင်အမိန့်ကို အနည်းငယ် အသက်သွင်းလိုက်၏။

"မင်းတို့က ငါ့ကို တိုက်ရိုက်သတ်ချင်တာလား"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ပြောလိုက်သည်။

"သူ့သတ်လိုက်ရုံပဲပေါ့"

ဖာဟိုင်က ရန်ပန့်ကို ပြောလိုက်၏။

ဤသည်က အလွန်ကောင်းသည့် အခွင့်အရေးတစ်ခုပင်။

ဤအချိန်ကို လွတ်သွားရင်
ကျွင်းရှောင်ယောက်ကိုသတ်ရန်
မဖြစ်နိုင်လောက်တော့ပါ။

ရန်ပန်၏ မျက်လုံးများက တောက်ပလာပြီး
ရှေးဟောင်း နန်းတော်ဘေးက ကူရှီခွန်ကို ရုတ်တရက်
ကြည့်လိုက်သည်။

သူက ခဏစဉ်းစားပြီးမှ ပြောလိုက်၏။
"သူ့ကို တိုက်ရိုက်သတ်တာက
ဖြုန်းတီးရာရောက်တယ်၊ ဒါကြောင့် သူ့ကို အသုံးချပြီး
ကူရှီခွန်ရဲ့ အာရုံကို ဆွဲဆောင်နိုင်ရင်
ပိုကောင်းလိမ့်မယ်။ ဒါမှ ငါတို့လည်း
ရှေးဟောင်းနန်းတော်ထဲ ဝင်နိုင်ကြမှာ"

ရန်ပန်၏ အကြံပြုချက်ကို ကြားရပြီးနောက်
ဖာဟိုင်လည်း အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ကူရှီခွန်သာ ဝါးမျိုခံရပါက သူ့ခန္ဓာကိုယ်ထဲမှ
ဟင်းလင်းပြင်မုန်တိုင်းများကြောင့်
ကျွင်းရှောင်ယောက် သေကိုသေရပေလိမ့်မည်။

ယင်းကိုတွေးကာ ရန်ပန်က ကျွင်းရှောင်ယောက်ကို
ပြောလိုက်သည်။

"တကယ်တော့ တခြားနည်းလမ်းလည်းရှိသေးတယ်၊
မင်းသာ ကူရှီခွန်ရဲ့ အာရုံကို ဆွဲဆောင်နိုင်ခဲ့ရင်
ကျန်းလော့လီကို ငါတို့ လွှတ်ပေးမယ်"

"မင်း သေချာလား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
အရောင်တစ်ချက်လက်သွားသည်။

သူ့နှုတ်ခမ်းထောင့်များကလည်း မသိမသာ ကွေးညွတ်သွား၏။

အခြေအနေက သူ၏ထိန်းချုပ်မှုအောက်တွင် ရှိနေပုံရသည်။

"စိတ်မပူပါနဲ့၊ ငါတို့က ကျန်းမိသားစုကို အရမ်းမစော်ကားချင်ဘူး။ မင်းသွားနေသမျ ကျန်းလော့လီကို လွှတ်ပေးလိုက်မယ်" ရန်ပန်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

"မဟုတ်ဘူး၊ အစ်ကိုရှောင်ယောက်... မသွားနဲ့" ကျန်းလော့လီ မျက်နှာပျက်သွားကာ အမြန်အော်လိုက်၏။

ကျွင်းရှောင်ယောက်သာ ကုရှီခွန် ဝါးမျိုခံရပါက အသက်ရှင်ရန် မဖြစ်နိုင်သလောက်ပင်။

"ကောင်းပြီ"

ကျွင်းရှောင်ယောက်က ခေါင်းညိတ်လိုက်သည်။

ရန်ပန်၏ အဆိုပြုချက်က သူလိုချင်သည့်အတိုင်းသာ ဖြစ်ချေသည်။

ဖန့်ဟာန် သို့မဟုတ် ရန်ပန်ပဲဖြစ်ဖြစ် ကျွင်းရှောင်ယောက်ရှေ့တွင် သူတို့နှစ်ယောက်လုံးက အမွှာညီအကိုများသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ တွက်ချက်မှုများက

အခြားသူများထက် ပိုနက်နဲပေသည်။

--------

အခန်း ( ၂၅၀ ) ကျွင်းရှောင်ယောက်ကို ကူရှီခွန် ဝါးမျိုသွားပြီ၊ ပန်ဟွမ် ဟင်းလင်းပြင်ဓား ထွက်ပေါ်လာခြင်း။

ကျွင်းရှောင်ယောက်က လွယ်လွယ်နှင့် သဘောတူတာကို မြင်တော့ ရန်ပန့်မျက်လုံးတွင် သံသယများလှစ်ဟလာသည်။

သို့သော်လည်း ကျန်းလော့လည် သူတို့လက်ထဲတွင် ရှိနေသောကြောင့် ကျွင်းရှောင်ယောက် လှည့်ကွက်များ အသုံးပြုမည်ကို မကြောက်ကြပါချေ။

"၊ကျွင်းရှောင်ယောက်၊ မင်း လှည့်ကွက်တွေ
မကစားရင် ပိုကောင်းမယ်"

ရန်ပန်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်က အေးအေးလူလူပင် ကူရှီခွန်ကို
လှည့်ကြည့်လိုက်လေသည်။

"အစ်ကို ရှောင်ယောက်"

ကျွင်းရှောင်ယောက်က ကူရှီခွန်ရှိရာကို မတုံ့ဆိုင်းဘဲ
လျှောက်သွားတော့မှာမြင်ပြီးနောက် ကျန်းလော့လီ
တုန်ယင်သွားကာ အော်ဟစ်လိုက်သည်။

ယခင်ကတော့ ကျွင်းရှောင်ယောက်၏
နှလုံးသားထဲတွင် သူမရှိသောကြောင့်

အနည်းငယ်စိတ်ပျက်နေမိသည်။

ယခုမူ ကျွင်းရှောင်ယောက်၏ လုပ်ရပ်များက သူ့နှလုံးသားတွင် သူမအတွက် နေရာတစ်ခု ရှိနေသေးကြောင်း သက်သေပြနေခဲ့ချေပြီ။

ဤအရာက ကျွင်းရှောင်ယောက်အပေါ် နှစ်သက်မှုကို ပိုတိုးစေပြီး တချိန်တည်းမှာပင် ပို၍စိုးရိမ်လာမိတော့သည်။ ကျွင်းရှောင်ယောက်ကို သူမကြောင့် ဘာမျှမဖြစ်စေချင်ပါ။

အကယ်၍ သူ၏အစီစဉ်က ကျန်းလော့လီနှလုံးသားကို ပို၍ကိုင်လှုပ်ခဲ့မိကြောင်း သိသွားခဲ့လျှင် ကျွင်းရှောင်ယောက်
အလွန်အကူအညီမဲ့သွားပေလိမ့်မည်။

ကျွင်းရှောင်ယောက်၏ တကယ့်ရည်ရွယ်ချက်က
ကျန်းလော့လီကို ကယ်တင်ရန် မဟုတ်ပါ။

ကျွင်းရှောင်ယောက်က ရှေးဟောင်းနန်းတော်အနီးသို့
ချဉ်းကပ်ပြီးနောက် ကူရှီခွန်ကို လက်ဝါးဖြင့်
ပုတ်လိုက်သည်။

ထိုအခါ ကူရှီခွန်က ဟိန်းဟောက်ပြီး
ကျွင်းရှောင်ယောက်ကို မျိုချလိုက်၏။

ကောင်းကင်တစ်ဖက်ခြမ်းပင် လုံးဝ
ပျောက်ကွယ်သွားခဲ့ပုံရသည်။

ကျွင်းရှောင်ယောက်လည်း ခြေတစ်လှမ်းနှင့်
မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

"အခွင့်ကောင်းပဲ"

ရန်ပန်နှင့် ဖာဟိုင်တို့ နှစ်ယောက်စလုံး မျက်လုံးများ တောက်ပသွားကြသည်။

တစ်ချိန်တည်းမှာပင် ရန်ပန်က ဖန့်ဟန်ကို ပြောလိုက်၏။

"ကျန်းလော့လီကို ဒီမှာ ချုပ်နှောင်ထားလိုက်ပါ။ ကိစ္စပြီးသွားရင်တော့ မင်းရဲ့အကျိုးအမြတ်တွေအတွက် နစ်နာမှာ မဟုတ်ဘူး"

ထို့နောက်တော့ ရန်ပန်နှင့် ဖာဟိုင်တို့ဟာ ရှေးဟောင်းနန်းတော်ဆီသို့ တပြိုင်နက်တည်း ပျံသန်းသွားတော့သည်။

ထိုအချိန်တွင် ဖန့်ဟာန်၏ မျက်လုံးများ တောက်ပလာသည်။

အမှန်အတိုင်းပြောရလျှင် ရန်ပန်နှင့်ဖာဟိုင်ကို ယုံကြည်လောက်အောင် သူမမိုက်မဲပါ။

သို့သော်လည်း မတတ်နိုင်ပေ။

ကျွင်းရှောင်ယောက်ကို သေစေချင်လျှင် ရန်ပန်နှင့် ပူးပေါင်းရုံသာရှိသည်။

ရန်ပန်ကပင် ကျန်းလော့လီကို ချုပ်နှောင်နိုင်သည့် ဝိညာဉ်ကြိုးအား ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ကျန်းလော့လ၍၏ အာရုံစိုက်မှုက

ကျွင်းရှောင်ယောက်အပေါ်မှာပဲ ရှိပေသည်။

ကူရှီခွန်က ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းကဲ့သို့ ကြောက်မက်ဖွယ် ဝါးမျိုခြင်း စွမ်းအားကို ထုတ်လွှတ်နေသည်။

ကျွင်းရှောင်ယောက်၏ တစ်ကိုယ်လုံးကို ကူရှီခွန်က တိုက်ရိုက် မျိုချလိုက်ပေသည်။

"အစ်ကိုရှောင်ယောက်"

ကျန်းလော့လီဟာ သူမ၏ဝိညာဉ်ကို ဆုံးရှုံးသွားသကဲ့သို့ ခံစားလိုက်ရသည်။

ကျွင်းရှောင်ယောက်ကို ကူရှီခွန်က ဝါးမျိုသွားသောအခိုက်တွင်...

တစ်ကမ္ဘာလုံးပြိုကွဲသွားသကဲ့သို့ ခံစားလိုက်ရသည်။

နဂိုတောက်ပနေသော မျက်လုံးများလည်း တက်ကြွမှု
ပျောက်ကွယ်သွားကာ လမ်းလျှောက်နေသော
လူသေကောင်တစ်ယောက်ကဲ့သို့ပင်။

ယခုမှသာလျှင် ကျန်းလော့လီဟာ
ကျွင်းရှောင်ယောက်က သူမအတွက်
မည်မျှအရေးကြီးသည်ကို နားလည်လာခဲ့သည်။

သူမ၏ ဗလာကျင်းနေသော ကြွယ်မျက်လုံးများမှ
မျက်ရည်များဟာ ပါးပြင်ထက်သို့
လိမ့်ဆင်းလာတော့သည်။

"ဟားဟားဟား၊ သေပြီ၊ နောက်ဆုံးတော့
ကျွင်းရှောင်ယောက် သေသွားပြီ"

ဖန့်ဟန်က စိတ်လှုပ်ရှားစွာဖြင့် ရယ်မောလိုက်သည်။

နောက်ဆုံးတော့ သူ့ခေါင်းပေါ်မှ ဖိချထားသည့် ကျောက်တောင်ကြီးလည်း ကွဲကြေခဲ့ချေပြီ။

ကျွင်းရင်အာ အလွန်အထင်ကြီးခံရသည့် ပြိုင်ဘက်ကင်း သူရဲကောင်းလည်း နောက်ဆုံးတော့ ကျဆုံးခဲ့ရပြီ ဖြစ်သည်။

တစ်ဖက်တွင် ရန်ပန်နှင့် ဖာဟိုင်တို့က ရှေးဟောင်းနန်းတော်ထဲသို့ ဝင်ရောက်လာကြသည်။ ကျွင်းရှောင်ယောက်ကို ကူရှီခွန်က ဝါးမျိုသွားပြီဖြစ်သောကြောင့်လည်း ၎င်းတို့မျက်လုံးများတွင် စိတ်လှုပ်ရှားမှုများဖြင့် ပြည့်နှက်နေလေသည်။

အင်မော်တယ်နယ်မြေကြီးရှိ
ပါရမီရှင်များကြားများမှာပင် ထိပ်ဆုံးမှ
နေရာယူထား◌ျသာ ကျွင်းရှောင်ယောက်လည်း
နောက်ဆုံးမှာတော့ အက်ကြောင်းဆယ်ခု
ကမ္ဘာလောကတွင် ကျဆုံးသွားရပြီ ဖြစ်သည်။

ဤသတင်းသာ ပျံ့သွားပါက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို
ထိတ်လန့်တုန်လှုပ်စေမည့် ရောမလှိုင်းကြီးတစ်ခု
ထွက်ပေါ်လာလိမ့်မည်။

ရန်ပန်နှင့် တခြားသူများလည်း ကျွင်းမိသားစုရဲ့
ဖိအားကို ခံကြရမည်မှာ  သေချာသည်။

သို့သော်လည်း သူတို့က မျိုးဆက်သစ်များချည်းသာ
ဖြစ်သောကြောင့် ယခုကဲ့သို့ သတ်ဖြတ်ခြင်းမှာ

မထူးခြားပေ။ ကျွင်းမိသားစုကလည်း
မျက်နှာပျက်ခံပြီး သူတို့ကို ပစ်မှတ်မထားဟု
ယူဆရသည်။

ရန်ပန်၊ ဖာဟိုင်နှင့် ဖန့်ဟန်တို့
သက်ပြင်းတစ်ချက်ချလိုက်ချိန်တွင်...

ကူရှီခွန် မျိုချခံလိုက်ရသော ကျွင်းရှောင်ယောက်က
အထူးနေရာတစ်ခုတွင် ရှိနေသည်။

ကူရှီခွန်၏ ဝမ်းဗိုက်တစ်ခုလုံးက
စကြာဝဠာကြီးတစ်ခုကဲ့သို့ ဖြစ်သည်။

အဆုံးမဲ့ ဟင်းလင်းပြင်မုန်တိုင်းများကလည်း
တိုက်ခတ်နေလေသည်။

အကယ်၍ တော်ရုံသတ္တဝါများ ဝင်သွားပါက ချက်ချင်းပင် သန့်စင်သော စွမ်းအင်အဖြစ်သို့ ပြောင်းလဲသွားပြီး ကူရှီခွန်မှ စုပ်ယူသွားခဲ့မည်ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း တုံ့ဆိုင်းမနေဘဲ ချင်ထျန်းဘိုးဘေးနဂါးချပ်ဝတ်ကို တိုက်ရိုက် ထုတ်ဖော်လိုက်လေသည်။

ထို့နောက် အနှိုင်းနဲ့နတ်ဆင်ခွန်အား၏ အသန်မာဆုံး ကာကွယ်နည်းဖြစ်သော အမှောင်နတ်ဘုရားအကာကွယ်ကိုလည်း ထုတ်ဖော်လိုက်ပြန်သည်။

ထို့ပြင် ကျွင်းရှောင်ယောက်က အစွမ်းထက်

နတ်ဘုရားစွမ်းအင်များဖြင့်လည်း သူ့ကိုယ်သူ ကာကွယ်ထားလိုက်သေးသည်။

ယခုအချိန်တွင် သူ၏ ခုခံအားကို အမြင့်ဆုံးထိ မြှင့်တင်ထားခဲ့ပြီ ဖြစ်သည်။

ယခုအခါ ကျွင်းရှောင်ယောက်က မတ်တပ်ရပ်ပြီး ရန်ပန်နှင့် ဖာဟိုင်တို့ကို တိုက်ခိုက်ခွင့်ပေးရင်တောင် သူ၏ခံစစ်ကို ချိုးဖျက်နိုင်မည်မဟုတ်ပေ။

ဟင်းလင်းပြင် မုန်တိုင်းမျိုးစုံနှင့် လှိုင်းလုံးကြီးများက ကျွင်းရှောင်ယောက်ကို ရိုက်ခတ်ခဲ့ပြီး ပြင်းထန်သော သက်ရောက်မှုကို ဖြစ်စေခဲ့သည်။

ဤအဆင့်တိုက်ခိုက်မှုက တခြားသူသာဖြစ်ခဲ့ရင် အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များပင်

တိုက်ရိုက် သေရပေလိမ့်မည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့ သွေးအနည်းငယ်ဆူပွက်သွားရုံသာ ဖြစ်သည်။

'ကြောက်စရာကောင်းတဲ့ ဟင်းလင်းပြင်စွမ်းအားပဲ၊ ဒီစွမ်းအားနဲ့ ဝါးမျိုခံရရင် တော်ရုံလူ သေသွားလောက်တယ်'

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

သူကိုယ်တိုင်လည်း အကြောင်းမရှိပါက စွန့်စားမည်မဟုတ်ပေ။

သို့ဆိုလျှင် အဘယ်ကြောင့်ပင်နည်း။

သဘာဝအတိုင်း ကျွင်းရှောင်ယောက်၏
နှလုံးသားထဲတွင် မုန်းဆချက်တချို့ရှိနေ၍ ဖြစ်သည်။

ပန်ဟွမ်ဟင်းလင်းပြင်ဓားက ကူရှီခွန်၏
ခန္ဓာကိုယ်ထဲတွင် ရှိနေနိုင်သည်။

ဟုတ်ပေသည်။ ယင်းက ကျွင်းရှောင်ယောက်၏
မုန်းဆချက်သာဖြစ်သော်လည်း
ရှေးဦးစိတ်ဝိညာဉ်ပုံရိပ်ဖော်ကျင့်စဉ်ဖြင့်
လေ့ကျင့်ခဲ့ပြီးနောက် သူ၏အစစ်အမှန်ဝိညာဉ်ဟာ
အလွန်ထက်မြက်လာခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏ ခံစားနိုင်စွမ်းက
ရန်ပန်နှင့် အခြားသူများထက် များစွာ သာလွန်သည်။

ထို့အပြင် သာမန်လူများအနေဖြင့်

ဤအခြေအနေမျိုးနှင့် ကြုံတွေ့ရသောအခါက
တကယ့်ရတနာက ရှေးဟောင်းနန်းတော်တွင်
ရှိမည်ဟုသာ  အလိုလို ထင်မြင်လာလိမ့်မည်။

ရတနာအစစ်ကို ကူရှီခွန်၏ ခန္ဓာကိုယ်ထဲတွင်
ဝှက်ထားမည်ဟု မည်သူမျှ ထင်ထားခဲ့မည်မဟုတ်ပေ။

အန္တရာယ်အရှိဆုံးနေရာက အလုံခြုံဆုံးနေရာ
ဖြစ်သည်။

ထို့ကြောင့်ပင် ကျွင်းရှောင်ယောက်က ကူရှီခွန်ကို
ဝါးမျိုခံခဲ့ရခြင်း ဖြစ်သည်။

သူက ကျန်းလော့လီထင်သလို သူမအတွက်
စတေးခံခဲ့ခြင်း မဟုတ်ပေ။

ကျွင်းရှောင်ယောက်ကတော့ သူ့ရွေးချယ်မှုက မရည်ရွယ်ဘဲ ကျန်းလော့လီ၏ နှစ်သက်မှုကို ဆွဲဆောင်သွားပြီမှန်း မသိသေးပါချေ။

အကယ်၍ ကျန်းလော့လီ၏ ကျွင်းရှောင်ယောက်အပေါ် ချစ်ခြင်းမေတ္တာက မျှော်လင့်ချက်မဲ့နေမည်ဟုဆိုလျှင်...

ယခုအခါ ကျွင်းရှောင်ယောက်အတွက် သူ့အသက်ကိုပင် ပေးစွမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

အကြောင်းမှာ သူမ၏မျက်လုံးထဲတွင် ကျွင်းရှောင်ယောက်က သူ့အတွက် သူ့အသက်ကိုပင် စတေးနိုင်သောကြောင့်ပင် ဖြစ်သည်။

"ဒါက ဒီဟင်းလင်းပြင်အတက်အကျစွမ်းအားရဲ့ အတွင်းပိုင်းမှာ ရှိသင့်တယ်"
ကျွင်းရှောင်ယောက်က အတွင်းပိုင်းကို လှမ်းကြည့်လိုက်သည်။

သူက ပန်ဟွမ်နှစ်များစားဖြင့် အတားအဆီးများကိုဖြတ်ကာ ပျံသန်းသွားလေသည်။

ကူရှီခွန်၏ ကိုယ်ထည်က သီးသန့်နေရာတစ်ခုဖြစ်ပြီး နယ်ပယ်က ကုန်းမြေတိုက်ငယ်တစ်ခုထက်မနည်း အလွန်ကျယ်ပြန့်သည်။

လမ်းတွင် ကျွင်းရှောင်ယောက်ဟာ ထူးဆန်းသည့် သတ္တဝါတစ်မျိုးကိုလည်း တွေ့ခဲ့ရသေးသည်။

ထိုသတ္တဝါက လူသားများကဲ့သို့

ပုံသဏ္ဍာန်ရှိသော်လည်း ၎င်းတို့၏ ခန္ဓာကိုယ်ကတော့
ဟင်းလင်းပြင်စွမ်းအားများ ပြည့်နှက်နေသော
တိမ်တိုက်များကဲ့သို့ပင် ဖြစ်သည်။

"ဟင်းလင်းပြင်ဝိညာဉ်လား"

ကျွင်းရှောင်ယောက်က မျက်ခုံးပင့်လိုက်သည်။

ဟင်းလင်းပြင်စိတ်ဝိညာဉ်က ကပ်ပါးကောင်နှင့်တူပြီး
ကူရှီခွန်၏ ခန္ဓာတွင်း၌ ဖွဲ့စည်းထားသော
သတ္တဝါတစ်မျိုးဖြစ်သည်။

တစ်ချို့ သတ္တဝါများက ကူရှီခွန်၏
မျိုးချခြင်းခံရလျှင်ပင် ကံကောင်းခြင်း ကြောင့်
ခက်ခက်ခဲခဲ ရှင်သန်နိုင်ကြသည်။

ထိုအခါ ဟင်းလင်းပြင်ဝိညာဉ်များ ထွက်ပေါ်လာပြီး

သတ်ဖြတ်ပစ်ခြင်း ခံရပေလိမ့်မည်။

ဟင်းလင်းပြင်ဝိညာဉ်များက ကျွင်းရှောင်ယောက်ကို တွေ့လိုက်သည်နှင့်  သွေးနံ့ရနေသည့် ငါးမန်းများကဲ့သို့ စုရုံးလာသည်။

ကျွင်းရှောင်ယောက်က ပန်ဟွမ်နှစ်များဓားကိုကိုင်ပြီး ကျွင်းမိသားစု၏ အင်မော်တယ်သတ်ဓားသိုင်းကို ပြသခဲ့ပေသည်။

ယခုအခါ သူက အင်မော်တယ်ကျဆုံးခြင်း၊ အင်မော်တယ်ဖျက်ဆီးခြင်းနှင့် အင်မော်တယ်သတ်ဓား ဓားသိုင်း သုံးကွက်စလုံးကို ကျွင်းရှောင်ယောက်မှ ကျွမ်းကျင်ခဲ့ချေပြီ။

သူက ဓားချက်ထုတ်ဖော်လိုက်ရာ ဓားအလင်းက

အင်မော်တယ်များ၏ ကျဆုံးခြင်း မြင်ကွင်းကို
ထင်ဟပ်နေသကဲ့သို့ ထွက်ပေါ်လာသည်။

ဟင်းလင်းပြင်ဝိညာဉ်အားလုံး
ဤစားချက်အောက်တွင် ကွဲကြေသွားကာ
အသန့်စင်ဆုံး ဟင်းလင်းပြင်စွမ်းအင်အဖြစ်သို့
ပြောင်းလဲသွားခဲ့ကြပေသည်။

ကျွင်းရှောင်ယောက်က နတ်ဆိုးတောင်ပံများဖြင့်
ဆက်လက် ပျံသန်းသွားသည်။

သူက လေးညှို့မှ ပစ်လွှတ်လိုက်သော
မြှားတစ်စင်းကဲ့သို့ပင်...

သို့သော်လည်း ခဏကြာသောအခါ သူ့ရှေ့တွင်
ကြီးမားသော ဟင်းလင်းပြင် ရေဝဲကြီးတစ်ခု

ထွက်ပေါ်လာသည်။

ဂုင်းရေဝဲကြီးအလယ်မှာလည်း ဟင်းလင်းပြင်
စွမ်းအင်အတက်အကျများဖြင့်
ရှေးဟောင်းဓားတစ်ချောင်း ရှိနေခဲ့၏။

"ပန်ဟွမ်ဟင်းလင်းပြင်ဓား"
ကျွင်းရှောင်ယောက်၏ မျက်လုံးများလည်း
တောက်ပလာတော့သည်။

--------

အခန်း ( ၂၅၁ ) ဖန့်ဟာန်ကို သတ်ခြင်း၊
ကျွင်းရှောင်ယောက်ကို ဒေါသထွက်စေသည့်အတွက်
ပေးဆပ်ရခြင်းမှာ သေဆုံးခြင်းပင်။

ထိုဈေးဟောင်းဓားက ပန်ဟွမ်နှစ်များဓား၊
ပန်ဟွမ်အသက်ဓားတို့နှင့် ဆင်တူသည်။

ဓားတစ်ခုလုံးက ဟင်းလင်းပြင် စွမ်းအားများဖြင့်
ပြည့်နှက်နေ၏။

ရေဝဲကြီးက ပန်ဟွမ်ဟင်းလင်းပြင်ဓားကို
မူလအဖြစ်ထားပြီး လည်ပတ်နေခြင်း ဖြစ်သည်။

ပန်ဟန်ဟင်းလင်းပြင်ဓားနှင့် နီးကပ်သွားသော
မည်သည့်အရာမဆို တိုက်ရိုက် အပိုင်းပိုင်း
ပြတ်သွားပေလိမ့်မည်။

ရန်ပန်က ပန်ဟွမ်ဟင်းလင်းပြင်ဓားကို
ဈေးဟောင်းနန်းတော်အတွင်း၌ ရှိနေမည်ဟု

ထင်ထားခြင်း ဖြစ်သည်။ တကယ်တမ်းတွင် ဓားက
ကူရှီခွန်၏ ခန္ဓာထဲတွင်ရှိနေမည်ဟု အိပ်မက်ပင်
မက်ခဲ့ဖူးမည်ဟု မထင်ပေ။

'ငါ့မှာ ပန်ဟွမ်နှစ်များဓားရှိပြီး
ပန်ဟွမ်ဟောင်းလင်းပြင်ဓားကလည်း အရှေ့မှာရှိနေပြီ။
ငါသာ ရန်ပန်ကိုသတ်ပြီး ပန်ဟွမ်အသက်ဓားကို
ယူလိုက်မယ်ဆိုရင် ဓားသုံးချောင်းကို ပေါင်းစပ်ပြီး
ပန်ဟွမ်ကေရာဇ်ဓားကို ရလာတော့မှာ'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက
တောက်ပလာသည်။

ကေရာဇ်လက်နက်များ၊
မဟာကေရာဇ်လက်နက်များမှာ
အလွန်အစွမ်းထက်သည်။

ယင်း၏စွမ်းအားကလည်း စိတ်ကူးကြည့်ရန်ပင် မလွယ်ပေ။

ပန်ဝူကျောင်းသခင်နှင့် ပန်ဝူနတ်ဘုရားမင်းဆက်၏ အခြားသူများအနေဖြင့် ပန်ဟွမ်ကျောက်ဓားကို အမှန်တကယ် ရခဲ့သူက ရန်ပန်မဟုတ်ဘဲ ကျွင်းရှောင်ယောက်ဖြစ်နေမည်ဟု အိပ်မက်ပင် မမက်ဖူးမှာကို ကြောက်ရသည်။

ကျွင်းရှောင်ယောက်က ပန်ဟွမ်ဟင်းလင်းပြင်ဓားအနားသို့ ချဉ်းကပ်သွားသည်။

ပန်ဟွမ် ဟင်းလင်းပြင်ဓားကလည်း အန္တရာယ်တစ်မျိုးကို အလိုလိုသိနေပုံရ၏။

ၡင်းပတ်ဝန်းကျင်ရှိ ဟင်းလင်းပြင်မှုန်တိုင်းက ပို၍သန်မာလာတော့သည်။

ထိုအခါ ကျွင်းရှောင်ယောက်က ပန်ဟွမ်နှစ်များစား၏စွမ်းအားကို လှုံ့ဆော်ပေးလိုက်သည်။

ဤစွမ်းအားများ ပျံ့နှံ့သွားသောအခါ ပန်ဟွမ်ဟင်းလင်းပြင်ဓားက တူညီသော အရင်းအမြစ်၏ အရိပ်အယောင်ကို ခံစားသိရှိကာ တဖြည်းဖြည်း တည်ငြိမ်စပြုလာသည်။

ထို့နောက် ကျွင်းရှောင်ယောက်က သူ့လက်ကိုဆန့်ထုတ်ကာ စမ်းကြည့်လိုက်သည်။ တုံ့ပြန်မှုန် မရှိတော့သောအခါ စွမ်းအင်များဖြင့် ပန်ဟွမ်ဟင်းလင်းပြင်ဓားကိုဆုပ်ယူကာ

ဆွဲကိုင်လိုက်၏။

"ဝုန်း"

ကျွင်းရှောင်ယောက်က ပန်ဟွမ်ဟင်းလင်းပြင်ဓားကို ဆွဲကိုင်လိုက်သောအခါ...

သူ့ပတ်ဝန်းကျင်မှ အဆုံးမဲ့ ဟင်းလင်းပြင်စွမ်းအားကို ခံစားနိုင်ပုံရလာသည်။

ယခုအခါ ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင် မူလက ထင်ယောင်ထင်မှားဖြစ်ခဲ့သည့် နေရာများသည် မရေမတွက်နိုင်သော ဟင်းလင်းအလွှာများ ဖြစ်သွားပုံရသည်။

သူ့ဓားကို ပေါ့ပေါ့ပါးပါး လွှဲခုတ်လိုက်ခြင်းဖြင့် ဟင်းလင်းပြင်ကို ခွဲထုတ်နိုင်မည်ဟုပင်

ခံစားနေခဲ့ရချေပြီ။

"အချိန်နီးနေပြီ၊ အပြင်ထွက်ချိန်တန်ပြီ၊
တခြားသူတွေက ဘယ်လိုဖြစ်နေပြီလဲ မသိဘူး"
ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းပြီး
ရယ်လိုက်သည်။

လက်တစ်ဖက်တွင် ပန်ဟွမ်နှစ်များစားကိုင်ပြီး
ကျန်လက်တစ်ဖက်တွင်ကား
ပန်ဟွမ်ဟင်းလင်းပြင်ဓားကို ဆုပ်ကိုင်ထား၏။

ဓားနှစ်ချောင်းကို ပင့်မြှောက်ပြီးနောက်မှာတော့
အရှေ့ကို ခုတ်ပိုင်းချလိုက်တော့သည်။

ယင်းက မိုးနှင့်မြေကို ခွဲခြမ်းလိုက်သော ပန်ဂုကဲ့သို့ပင်

ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကူရှီခွန်၏ ခန္ဓာကိုယ် အပြင်ဘက်...

ရှေးဟောင်းနန်းတော် အဝင်ဝတွင် ရန်ပန်နှင့် ဖာဟိုင်တို့၏ ရုပ်ပုံများ ထွက်ပေါ်လာသည်။

ရန်ပန့် မျက်နှာသည်ကား အလွန်အကြည့်ရဆိုးနေသည်။

ဤရှေးဟောင်းနန်းတော်တွင် ရတနာများစွာရှိသည်မှာ အမှန်ပင် ဖြစ်သည်။

သို့သော်လည်း ပန်ဟွမ်ဟင်းလင်းပြင်ဓား မရှိပါ။

"မဟုတ်ဘူး၊ အရင်က ပွဲတင်ထပ်သံအရ
ဘာမှမမှားသင့်ဘူး၊ ဒါပေမယ့် ဘာလို့
ရှေးဟောင်းနန်းတော်ထဲမှာ မရှိရတာလဲ"
ရန်ပန် ပဟေဠိဖြစ်သွားသည်။

ဖာဟိုင်၏ အမူအရာကတော့
တည်ငြိမ်အေးဆေးသည်။

အရေးကြီးဆုံးဖြစ်သော ကျွင်းရှောင်ယောက်
ကျဆုံးသွားသောကြောင့် သူ့နှလုံးသားထဲမှ
ကြိုးတစ်ချောင်းကိုလည်း ရုတ်သိမ်းလိုက်ချေပြီ။

ရန်ပန်လည်း ယင်းကိုတွေးမိပြန်သောအခါ
သက်ပြင်းချလိုက်သည်။
"ပန်ဟွမ်ဟင်းလင်းပြင်ဓားကို ရှာမတွေ့ပေမယ့်

အနည်းဆုံးတော့ ကျွင်းရှောင်ယောက်
သေသွားပါပြီလေ"

ရန်ပန်၏ မျက်လုံးထဲတွင်
ကျွင်းရှောင်ယောက်ကိုသတ်ရန်က
ပန်ဟွမ်ဟင်းလင်းပြင်ဓားကို ရနိုင်ဖို့ထက်
ပိုအရေးကြီးသည်။

"ငါ ကျန်းလော့လီ နင့်ကို လုံးဝခွင့်မလွှတ်ဘူး။
ငါအသက်ရှင်နေသရွေ့ ဒီကိစ္စက ပြီးမှာမဟုတ်ဘူး"
ကျန်းလော့လီ၏ မျက်လုံးများက
အလွန်မင်းအေးစက်လာသည်။

သူမထံမှ ကြောက်မက်ဖွယ်ကောင်းအောင်
အေးစက်မှုများ ဖြစ်လာခဲ့၏။

ကောင်းကင်နှင့်မြေပြင်ကြားရှိ
ဝိညာဉ်စွမ်းအင်များကလည်း ပွက်ပွက်ဆူလာပြီး
မုန်တိုင်းကျတော့မည့် အခြေအနေကဲ့သို့
ဖြစ်လာတော့သည်။

"တာအိုခန္ဓာသုံးထောင်ထဲမှာ ထိပ်တန်းတစ်ရာဝင်တဲ့
မူလဝိညာဉ်တာအိုခန္ဓာဆိုတဲ့အတိုင်း
စိတ်ခံစားချက်တစ်ခုတည်းကတောင် ကမ္ဘာကြီးရဲ့
ဝိညာဉ်စွမ်းအင်တွေရဲ့ တည်ရှိမှုကို
ထိခိုက်စေနိုင်တယ်"

ဤမြင်ကွင်းကိုမြင်တော့ ရန်ပန်
သက်ပြင်းချလိုက်သည်။

ဖာဟိုင်ကတော့ ကျန်းလော့လီ၏ နူးညံ့သော
ချစ်စဖွယ် မျက်နှာလေးကို ကြည့်ပြီး
သူ့မျက်လုံးထဲတွင် မကောင်းသောအလင်းများ

လက်သွားသည်။

သူသည် မူလကပင် မကောင်းသောစိတ်ရှိသော ဖြစ်သည်။ သူ၏ ယုတ်မာသော စိတ်စေတသိတ်လွှမ်းမိုးမှုကြောင့်လည်း သူ့လုပ်ရပ်များသည် မကောင်းမှု အဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီ။

"အစ်ကိုရန်၊ ဒီကောင်မလေးကို လွှတ်လိုက်တာက ကျားတစ်ကောင်ကို တောင်ပေါ်ပြန်လွှတ်လိုက်သလိုပဲ၊ ဒါကြောင့် ငါတို့ သူ့ကို ဘာလို့ လွှတ်ပေးရတော့မှာလဲ..."

ဖာဟိုင်က ပြုံးနေသော်လည်း သူ့အပြုံးမှာ ကောင်းမွန်ခြင်းမရှိပေ။

ရန်ပန်လည်း ထိုစကားကိုကြားတော့ သူ့မျက်လုံးများ

အရောင်လက်သွားသည်။

သူက ကျွင်းမိသားစုကို စော်ကားပြီးပြီဖြစ်ကာ
ကျန်းမိသားစုကို ထပ်မံစော်ကားပါက
ပန်ဝူနတ်ဘုရားမင်းဆက်၏ ဖိအားသည်လည်း
ကြီးမားလာခဲ့ပေလိမ့်မည်။

သို့ရာတွင် ကျန်းလော့လီကိုလွှတ်ပေးရင်လည်း
သူတို့ကို လက်တုံ့ပြန်ဦးမည် ဖြစ်သည်။

ထို့ကြောင့် ဤကိစ္စကို သေသေသပ်သပ်
ဖြေရှင်းတာက ပိုကောင်းပေလိမ့်မည်။

"ကောင်းပြီ"

ရန်ပန် ခေါင်းညိတ်လိုက်သည်။

မည်သို့ပင်ဆိုစေကာမူ ဤအက်ကြောင်းဆယ်ခု
ကမ္ဘာလောၗ် စောင့်ကြည့်နေမည့်
တာအိုကာကွယ်သူများမရှိပါချေ။

၎င်းတို့က လှောင်ပြောင်သရော်သော မျက်နှာများဖြင့်
ကျန်းလော့လီထံ ချဉ်းကပ်သွားကြသည်။

ကျန်းလော့လီလည်း နှုတ်ခမ်းကို ခပ်တင်းတင်း
ကိုက်လိုက်၏။

ထိုအချိန်တွင် ကူရှီခွန်ထံမှ ဟိန်းဟောက်သံတစ်ခု
ရုတ်တရက် ထွက်ပေါ်လာသည်။

"ဘာဖြစ်တာလဲ"

ရန်ပန်၊ ဖာဟိုင်၊ ဖန့်ဟန်နှင့် တခြားသူအားလုံး အံ့သြသွား၏။

တစ်ဖက်တွင် ကျန်းလော့လီ၏ ခန္ဓာကိုယ်လေးက တစ်ခုခုကိုတွေးမိသကဲ့သို့ တုန်လှုပ်သွားကာ မျက်ရည်များပင် စီးကျလာတော့သည်။

'ဟုတ်တယ်၊ အစ်ကိုရှောင်ယောက်က ဒီလောက် လွယ်လွယ်နဲ့ သေဖို့ဆိုတာ မဖြစ်နိုင်ဘူး'

ကျန်းလော့လီ အလွန်ပျော်ရွှင်သွားခဲ့သည်။

ဟုတ်ပေသည်၊ နောက်အခိုက်တွင်...

ရန်ပန်နှင့် အခြားသူများ၏ ထိတ်လန့်တုန်လှုပ်နေသောအကြည့်အောက်တွင် ကူရှီခွန်၏ခန္ဓာကိုယ်ကို ဓားအလင်းတစ်ခုက

တိုက်ရိုက်ဖြတ်သန်းသွားပြီး
ဟင်းလင်းပြင်စွမ်းအားများလည်း
ထွက်ပေါ်လာတော့သည်။

ထို့နောက်တွင် အဖြူရောင်ဝတ် ပုံရိပ်တစ်ခုက
မနှေးမမြန် ပုံမှန် ခြေလှမ်းများဖြင့် ထွက်လာသည်။

ယင်းက ကျွင်းရှောင်ယောက်သာ ဖြစ်ချေသည်။

"ဒါ..."
ရန်ပန်တို့သုံးယောက်စလုံး တိတ်ဆိတ်သွားသည်။
တွေးခေါ်နိုင်စွမ်းများလည်း ပျောက်ဆုံးသွားသည့်နှယ်
ခဏချင်း မတုံ့ပြန်နိုင်တော့ပေ။

ဒါက သရဲလာခြောက်နေတာလား။

ကျွင်းရှောင်ယောက်ကို ကူရှီခွန်က မျိုချသွားသည့်တိုင် မသေဘဲပြန်လာမည်ဟု ရန်ပန်ဟာ အိပ်မက်ပင် မမက်ခဲ့ဖူးပေ။

ထိုအစား သူသည် ကူရှီခွန်၏ ခန္ဓာကိုယ်ကိုဖွင့်ပြီး ဖြည်းညှင်းစွာ ထွက်လာသည်။

ယင်းက လူတိုင်း၏ အတွေးအမြင်ကို ရိုးရှင်းစွာ ရိုက်ချိုးပစ်လိုက်ခြင်းပင်။

မနီးမဝေးမှ အခြေအနေကို စောင့်ကြည့်နေသော ပါရမီရှင်များလည်း နေရာတွင်ပင် အေးခဲသွားကြသည်။

ရန်ပန်နှင့် အခြားသူများက

စွမ်းအားကြီးကြသော်လည်း
စိတ်ကူးယဉ်နိုင်ပါသေးသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ စွမ်းအားကတော့
၎င်းတို့ စိတ်ကူးနိုင်စွမ်းထက်
များစွာကျော်လွန်သွားခဲ့ပြီ ဖြစ်သည်။

၎င်းတို့ဟာ ကျွင်းရှောင်ယောက်ကို
လူငယ်ဟန်ဆောင်ထားသော မွန်းစတားအိုကြီးဟုပင်
ထင်နေကြချေပြီ။

မဟုတ်လျှင် ဘယ်လိုလုပ်ပြီး
ဤမျှသန်မာနိုင်မည်နည်း။

"အစ်ကို ရှောင်ယောက်"

ကျန်းလော့လီ ဝမ်းသာအားရအော်သည်။

မိမိအနှစ်သက်ဆုံးအရာကို ပျောက်ဆုံးပြီးမှ ပြန်ရှာတွေ့သည့် ခံစားချက်မှာ ဖော်ပြရန်ပင် မလွယ်ပေ။

ကျွင်းရှောင်ယောက်က ကျန်းလော့လီကို ညင်သာစွာ ခေါင်းညိတ်ပြလိုက်ပြီး ရန်ပန်နှင့် တခြားသူများကို ကြည့်လိုက်သည်။

ရန်ပန်၊ ဖာဟိုင်နှင့် ဖန့်ဟန်တို့လည်း နှလုံးသားများ အနည်းငယ် လေးလံလာတော့သည်။

"ကျွင်းရှောင်ယောက်၊ မင်း..."

ရန်ပန်က ပါးစပ်ကို ဟလိုက်သော်လည်း ဘာမှ

မပြောနိုင်ပေ။

ကူရှီခွန်ပင် ကျွင်းရှောင်ယောက်ကို မသတ်နိုင်မှတော့ သူဘာပြောရဦးမလဲ။

ကျွင်းရှောင်ယောက်က ကိုယ့်ကိုကိုယ် သတ်မသေလျှင် သူ့ကိုရိုက်ရန် မဖြစ်နိုင်တော့ပေ။

ဖန့်ဟန်ကလည်း ယင်းကိုတွေးမိသောကြောင့် အမြန်ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ မင်းလှူပ်ရှားဝံ့ရင် သူသေရလိမ့်မယ်"

ဖန့်ဟန်၏ စကားကြောင့် ကျွင်းရှောင်ယောက်မျက်လုံးများ

အနည်းငယ်အေးစက်သွားစေသည်။

သူ့ကို တစ်ဖက်လူမှ ခြိမ်းခြောက်ခြင်းမျိုး မကြိုက်ပေ။

"ဖန့်ဟာန်၊ မင်းသေရမယ်"
ကျွင်းရှောင်ယောက် ပြောလိုက်သည်။

ဖန့်ဟာန်က နတ်အဆောင်အမိန့်ကို ကျန်းလော့လီထံ နီးကပ်လိုက်၏။

"မင်းစမ်းကြည့်လိုက်ရတယ်"
ဖန့်ဟာန်၏မျက်လုံးများက နီရဲလာသည်။

သို့သော်လည်း သူ့နောက်ကွယ်မှ

ရှေးဟောင်းဓားတစ်ချောင်း တိတ်တဆိတ်ထွက်လာတာကိုတော့ သတိမပြုမိပေ။

ယင်းက ပန်ဟွမ် ဟင်းလင်းပြင်ဓား ဖြစ်သည်။

ပန်ဟွမ်ဟင်းလင်းပြင်ဓားက ဟင်းလင်းပြင်စွမ်းအားကို ပိုင်ဆိုင်ထားသော်လည်း စိတ်ဝိညာဉ်ကင်းမဲ့ပြီး အရှိန်အဝါမရှိသောကြောင့် ဖန့်ဟန်ဟာ ယင်းကို လုံးဝရှာမတွေ့ခဲ့ပေ။

"မကောင်းတော့ဘူး"

ရန်ပန်၏မျက်လုံးအကြည့်များက ဖန့်ဟန်ထံသို့ ရောက်သွားသည်နှင့် သူ့မျက်နှာအမူအရာ ပြောင်းလဲသွားသည်။

"သေ"

ထိုအချိန်မှာပဲ ကျွင်းရှောင်ယောက်ထံမှ စကားတစ်ခွန်း ထွက်လာခဲ့၏။

ပန်ဟွမ်ဟင်းလင်းပြင်ဓားက ဖန့်ဟန်၏ ဦးနှောက်ထဲသို့ ချက်ချင်း ထိုးဖောက်ဝင်ရောက်သွားကာ ဓားစွမ်းအင်များ ထုတ်ဖော်လိုက်တော့သည်။

ပန်ဟွမ်ဟင်းလင်းပြင်ဓား၏ ဟင်းလင်းပြင်စွမ်းအားက ဖန့်ဟန်၏ခန္ဓာအပြင် မူလဝိညာဉ်ကိုပါ ပျက်ဆီးသွားစေခဲ့သည်။

ယခုတော့ ကောင်းကင်သားတော် ဖန့်ဟန်သည်လည်း သေဆုံးခဲ့ချေပြီ။

ဤမြင်ကွင်းကို မြင်လိုက်ရပြီးနောက် ရန်ပန်ကော
ဖာဟိုင်ပါ တုန်လှုပ်သွားသည်။

အထူးသဖြင့် ရန်ပန်...
ပန်ဟွမ်ဟင်းလင်းပြင်ဓားကိုမြင်ပြီးနောက်
သူ့မျက်လုံးများ ပြူးကျယ်သွားကာ
မျက်ခုံးလှုပ်သွား၏။

နောက်ဆုံးမှာတော့ အစပိုင်းတွင်
ကျွင်းရှောင်ယောက်က ဘာကြောင့်
အလွန်နာခံမှုရှိခဲ့သည်ကို နားလည်ခဲ့ချေပြီ။

ကျွင်းရှောင်ယောက်က ပန်ဟွမ်ဟင်းလင်းပြင်ဓားကို
ကူရှီခွန်၏ခန္ဓာကိုယ်ထဲတွင် ရှိနိုင်မည်ဟု
မျှော်လင့်ထားခဲ့ပြီးသောကြောင့်ပင် ဖြစ်သည်။

ဤနက်ရှိုင်းသော တွက်ချက်မှုမှာ
သူနှင့်ဖန်ဟန်၏အစီစဉ်ကိုလည်း
ထည့်တွက်ထားခဲ့ပြီးပုံပင်။

တကယ်တမ်းတွင် ကျွင်းရှောင်ယောက်က
ဤအစီစဉ်ကို ကိုယ်တိုင်ဝင်ပါပြီး ရေးဆွဲခဲ့ခြင်းပင်
ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ အကြံအစည်နှင့်
လိမ္မာပါးနပ်မှုက ကြောက်မက်ဖွယ်ကောင်းလှသည်။

ကျွင်းရှောင်ယောက်က သူ့လက်ကို
မြှောက်လိုက်သောအခါ ပန်ဟွမ်ဟင်းလင်းပြင်ဓားက
သူ့လက်ထဲသို့ ကျဆင်းလာသည်။

သူ့လက်တစ်ဖက်တွင်ကား ပန်ဟွမ်နှစ်များဓားကို

ကိုင်ထား၏။

"မင်းရဲ့နောက်ဆုံးစကားတွေကို ပြင်ဆင်ပြီးပြီလား"

ကျွင်းရှောင်ယောက်က သေခြင်းရှင်ခြင်းကို
စီရင်ဆုံးဖြတ်သော ဘုရင်တစ်ပါးကဲ့သို့
ဓားနှစ်လက်ကိုကိုင်ကာ လေထဲတွင်ရပ်လိုက်သည်။

ထိုအချိန်တွင် ရန်ပန်နှင့် ဖာဟိုင်တို့နှစ်ဦးစလုံး အဆုံးမဲ့
စိတ်ပျက်အားငယ်မှုများကို နှလုံးသားတွင်းမှ
ခံစားလိုက်ရသည်။

အားလုံးပြီးသွားပြီ။

ကျွင်းရှောင်ယောက်ကို ဒေါသဖြစ်စေပါက
ပေးဆပ်စရာ တစ်ခုသာ ရှိသည်။

ထိုအရာကား ... သေဆုံးခြင်းပင်တည်း။

--------

အခန်း ( ၂၅၂ ) ရန်ပန်နှင့်ဖာဟိုင်ကို သတ်ဖြတ်ခြင်း၊ ကြက်သွန်မြိတ်လှီးဖြတ်ခြင်းက စွဲလမ်းစေသည်။

နာမည်ကျော် မားကွစ်ကွမ်ကျင်း ရန်ပန်တစ်ယောက် ယခုအချိန်တွင် ဆန်ကောထဲမှဆန်ကဲ့သို့ တုန်လှုပ်နေသည်ကို စိတ်ကူးကြည့်ရန်ပင် ခက်ခဲသည်။

ကျွင်းရှောင်ယောက်လက်ထံမှ ပန်ဟွမ်နှစ်များစားနှင့် ပန်ဟွမ်ဟင်းလင်းပြင်ဓားကို ကြည့်လိုက်တော့ အရာအားလုံးကို ချက်ချင်းနားလည်သွားချေပြီ။

အနှီကျွင်းရှောင်ယောက်က အမှန်တကယ်ပင် သူ့ကို
တစ်ချိန်လုံး ကြံစည်နေခဲ့သည်။

ပန်ဝူနတ်မင်းဆက်အတွင်း၌ ပန်ဟွမ်အသက်ဓားကို
တွေ့မြင်ချိန်ကတည်း အစပြုခဲ့ခြင်းပင်
ဖြစ်နိုင်ချေရှိသည်။

သူ ရန်ပန်သည်ကား ယခုအခါ ကြက်သွန်မြိတ်နှင့်
လုံးဝတူသော တည်ရှိမှုကဲ့သို့ ဖြစ်လာခဲ့ချေပြီ။

ယခုတော့ ရိတ်သိမ်းချိန်တန်ပြီဖြစ်၍
ကျွင်းရှောင်ယောက်က ရိတ်သိမ်းတော့မည်ဖြစ်သည်။

ပြောရလျှင် ကျွင်းရှောင်ယောက်၏

တွက်ချက်မှုများက မယုံနိုင်လောက်အောင်ပင်။

"ကျွင်းရှောင်ယောက်၊ အစကနေအဆုံးထိ
မင်းရဲ့ပန်းတိုင်က ပန်ဧကရာဇ်ဓားပဲ"
ရန်ပန် အံကြိတ်လိုက်သည်။

ကျွင်းရှောင်ယောက်က ပန်ဟွမ်နှစ်များဓားကို
ဘယ်အချိန်ရသွားမှန်းတော့ သူမသိလိုက်ပေ။

ကျွင်းရှောင်ယောက်ကလည်း
အင်မော်တယ်နယ်မြေကြီးတွင် တခါမျှ လူသိရှင်ကြား
ထုတ်ဖော်မပြခဲ့ဖူးပါချေ။

"မင်းကြည့်ရတာ အရမ်းမိုက်မဲပုံတော့ မရဘူး"
ကျွင်းရှောင်ယောက်က လှောင်ပြောင်သရော်ဟန်ဖြင့်

ကြည့်လိုက်သည်။

ရန်ပန်က ဤအကြောင်းကို နောက်ဆုံးတွင် သိရှိခဲ့ပြီဖြစ်သော်လည်း အခွင့်အရေးအားလုံးကို ဆုံးရှုံးသွားလေပြီ။

"ဒီကျောက်စာဟာ ပန်ဝူနတ်ဘုရားမင်းဆက်ပိုင်တယ်၊ မင်းယူသွားရင် ပန်ဝူဘုရားမင်းဆက်က စိတ်ဆိုးသွားမှာကို  မကြောက်ဘူးလား"

ရန်ပန်အဖို့ ပန်ဝူနတ်ဘုရားမင်းဆက်ဟူသော ကျားအရေကို ဆွဲခြုံရန်မှတပါး အခြား ရွေးချယ်စရာမရှိတော့ပေ။

"ဒီနတ်ဘုရားသားတော်က ဂရုစိုက်မှာလား"

ကျွင်းရှောင်ယောက်ဟာ အလွန်ရယ်စရာကောင်းသကဲ့သို့ ခံစားလိုက်ရသည်။

ယင်းကိုကြားတော့ ရန်ပန်နှလုံးသားဟာ
အသူတစ်ရာနက်ရှိုင်းသော ချောက်ကြီးထဲသို့
ထိုးကျသွားသကဲ့သို့ ခံစားလိုက်ရသည်။

သူပြောတာမမှားပေ။ ဝူမင်ယွဲ့၏ ကြင်ရာရွေးပွဲနေ့တွင်
ကျွင်းရှောင်ယောက်၏ တာအိုကာကွယ်သူက
ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသားကို
တိုက်ရိုက်သတ်ဖြတ်ခဲ့သည်။

သို့တိုင် အဆုံးမှာတော့ ပန်ဝူကေရာဇ်သခင်ပင်
အံကြိတ်ပြီး စောင့်ကြည့်ရုံမှတပါး
အခြားမတတ်နိုင်ခဲ့ပေ။

ပန်ဝူနတ်ဘုရားမင်းဆက်ပင် ကျွင်းမိသားစုကို
ဆန့်ကျင်ရန်အတွက် ယုံကြည်မှုမရှိပေ။

ယင်းကိုတွေးပြီးနောက် ရန်ပန်လည်း အားကိုးရာမဲ့
ဖြစ်သွားသည်။

တစ်ဖက်မှာလည်း ဖာဟိုင်မှာ
အလားတူခံစားနေရလေသည်။

သူသည် ရည်မှန်းချက်ကြီးစွာဖြင့်
အနောက်ဘက်နိဗ္ဗာန်ဘုံမှ ထွက်ခွာလာခဲ့သည်။

ရလဒ်အနေဖြင့် ပထမမှတ်တိုင်ဖြစ်သော
ကောင်းကင်တာအိုမျှော်စင်တွင်
ကျွင်းရှောင်ယောက်၏ ရက်ရက်စက်စက်
အနိုင်ကျင့်ခြင်းကို ခံခဲ့ရပေသည်။

ယခုတော့ သူဟာ အောက်ကမ္ဘာ၌ အခွင့်အလမ်းရပြီး

ဗုဒ္ဓခန္ဓာနှင့် နတ်ဆိုးနှလုံးသားကိုပင် လုံးဝ
နိုးကြားလာခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း
ကျွင်းရှောင်ယောက်ကို ရင်ဆိုင်ရန်တော့
ယုံကြည်မှုမရှိပေ။

ဤပြိုင်ဘက်က အလွန်ကြောက်စရာကောင်းသည်၊
၎င်းသည် ရိုးရိုးရှင်းရှင်းပင် ပြိုင်ဘက်ကင်း၏။

ကျွင်းရှောင်ယောက်က အပိုစကားမပြောဘဲ ဓားဖြင့်
ခုတ်ချလိုက်သည်။

သူ၏ ကျင့်ကြံခြင်းအခြေခံ သက်သက်ကပင်
ပြိုင်ဖက်ကင်းနေရာ ယခုကဲ့သို့ ပန်ဟွမ်ဓားနှစ်လက်ကို
ဆွဲကိုင်ထားချိန်မှာတော့ ပို၍ အားကောင်းသည်ထက်
အားကောင်းလာတော့သည်။

ပန်ပွင့်ဟင်းလင်းပြင်ဓားရဲ့ ကျပန်းဓားချက်က မိုင်ထောင်ပေါင်းများစွာအထိ ဖြတ်သန်းသွားနိုင်သည်။

ပန်ပွင့်နှစ်များဓားသည်ကား အချိန်ကာလစွမ်းအားဖြင့် လွှမ်းခြုံကာ အရာအားလုံးကို ချေမှုန်းပစ်နိုင်ခဲ့၏။

ကျွင်းရှောင်ယောက်၏ ထိုးစစ်အောက်တွင် ရန်ပန်နှင့် ဖာဟိုင်က မုန်တိုင်းကြားမှ လှေငယ်လေးကဲ့သို့ ဖြစ်လာသည်။

၎င်းတို့ ခွန်အားရှိသမျှ အစွမ်းကုန် ခုခံနေသော်လည်း ကျွင်းရှောင်ယောက်ကို လုံးဝ ခုခံနိုင်မည်မဟုတ်ပေ။

၎င်းတို့နှစ်ဦးစလုံးတွင် အကာအကွယ် ရတနာများ ရှိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ ပြင်းထန်သည့်
ထိုးစစ်အောက်တွင် အကာအကွယ် ရတနာအားလုံး
ပြာဖြစ် ပျောက်ကွယ်သွားရသည်။

အဆုံးတွင် ရန်ပန်က ဟိန်းဟောက်ကာ
ပန်ဟွမ်အသက်ဓားကို ပြင်းထန်စွာ
တွန်းထုတ်လိုက်၏။

သို့သော်လည်း ကျွင်းရှောင်ယောက်လက်ထဲမှဓားက
သွေးများစွန်းပေနေခဲ့ပြီ။

ရန်ပန်၏ ဒေါသ၊ လက်မခံနိုင်မှု၊
စိတ်ပျက်အားငယ်မှုတို့
ပြည့်နှက်နေသောမျက်နှာကြီးဖြင့် ဦးခေါင်းက
လေထဲကို ပျံ့လွင့်သွားခဲ့သည်။

သူသည် မြင်းများကို စောင့်ရှောက်ရသော ကလေးလေးတစ်ယောက်အဖြစ် စတင်ခဲ့ပြီး ကံကောင်းစွာဖြင့် အင်မော်တယ်မင်းဆက်၏ မားကွစ်ကွမ်ကျင်းဖြစ်သည်အထိ တိုးတက်လာသည်။

မီးငှက် ရှေးဟောင်းတိုင်းပြည်တွင် ကျွင်းရှောင်ယောက်နှင့်  မတွေ့ခင်အချိန်ထိ သူ့ဘဝက သာသာယာယာ ရှက်လှွင့်နေခဲ့သည်။

နောက်ပိုင်း သူနှင့်ဆုံပြီးချိန်မှာတော့ သူ့ကံကြမ္မာက ပြောင်းလဲသွား၏။

ကျွင်းရှောင်ယောက်၏လက်ထဲတွင် အကြိမ်ကြိမ် ရှုံးနိမ့်ပြီး ဘဝပျက်လာခဲ့ရသည်။

ယခုနောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်၏
လက်ထဲမှာ သူ့အသက်တောင် ဆုံးရှုံးသွားလေပြီ။

ဖာဟိုင်ကတော့ ဤမြင်ကွင်းကိုမြင်ရသည်နှင့် သူ၏
နတ်ဆိုးနှလုံးသားပြိုလဲလုနီးဖြစ်ကာ
တိုက်ခိုက်လိုစိတ်အားလုံးဆုံးရှုံးပြီး တချိုးတည်း
လစ်ပြေးတော့သည်။

ကျွင်းရှောင်ယောက်က ဓားချက်ထုတ်ဖော်လိုက်ရာ
ဓားအလင်းက မိုင်ထောင်ပေါင်းများစွာသို့
ဖြတ်ကျော်သွားခဲ့သည်။

ဖာဟိုင်က အစွမ်းကုန်ကြိုးစားခဲ့သော်လည်း
ဤဓားရှေ့တွင်ကား ဆုပ်ပြဲလွယ်သော
စက္ကူတစ်ရွက်ကဲ့သို့ပင်။ သူ့ခန္ဓာက ထက်ခြမ်းကွဲပြီး
သွေးများစီးကျလာသည်။

ပန်ဝူနတ်ဘုရားမင်းဆက်မှ မားကွစ်ကွမ်ကျင်း။

အနောက်ဘက် နိဗ္ဗာန်ဘုံမှ ဗုဒ္ဓသားတော်။

ယခုအခါ အားလုံး သေဆုံးသွားလေပြီ။

ဤသတင်းသာ အင်မော်တယ်နယ်မြေကြီးသို့
ရောက်သွားပါက ကြီးမားသော
ဂယက်လှိုင်းလုံးများကို ဖြစ်စေမည်မှာ သေချာသည်။

ပန်ဝူဘုရားမင်းဆက်က
အင်မော်တယ်နတ်ဘုရားမင်းဆက်ဖြစ်ပြီး
အနောက်ဘက်နိဗ္ဗာန်ဘုံကလည်း
အင်မော်တယ်တာအိုဝါဒီဖြစ်သည်။

ကြွေလွင့်နတ်ဘုရားနန်းတော်မှ
ကြွေလွင့်နတ်ဘုရားသားတော်ကလည်း
ကျွင်းရှောင်ယောက်၏လက်၌
သွယ်ဝိုက်သောနည်းဖြင့် အသတ်ခံလိုက်ရသည်။

ယခုတော့ အနောက်ဘက်နိမ္မာန်ဘုံ၊
ပန်ဂူနတ်ဘုရားမင်းဆက်နှင့်
နတ်ဆိုးဘုရားနန်းတော်အပါအဝင်...

အောက်ပြည်သို့ ခရီးတွင် ကျွင်းရှောင်ယောက်က
အင်မော်တယ် အင်အားစုလေးခုကို
တစ်ပြိုင်နက်တည်း ရန်စခဲ့ချေပြီ။

၎င်းတွင် ရှေးဟောင်းတော်ဝင်မိသားစုအားလုံး
မပါဝင်သေးပါ၊ မဟုတ်ပါက ရန်စရန် အင်အားများ

ပိုမိုရှိလာမည်ဖြစ်သည်။

အကယ်၍ အခြားအင်မော်တယ်မင်းဆက်မှ ဆင်းသက်လာသူဆိုလျှင် ယခုလောက်ဆိုပါက သေးပါနေလောက်ပြီ ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ မျက်နှာကတော့ မပြောင်းလဲပါ။

ဤလူနှစ်ယောက်ကို သတ်လိုက်တာက ခွေးနှစ်ကောင်ကို သတ်လိုက်သကဲ့သို့ အပြောင်းအလဲ သိပ်မရှိပါချေ။

ကျွင်းရှောင်ယောက်က ထိုသို့သတ်ဝံ့ခြင်းမှာ...

ရှေးဟောင်းမင်းမျိုးနွယ် မိသားစုသုံးခုအနက် နှစ်ခုက သူ၏နောက်ခံ အထောက်အပံ့များ ဖြစ်သည်။

ထို့ပြင် အင်မော်တယ်နယ်မြေကြီးတခွင်မှ အင်အားစုအသီးသီး၏ တပည့်များရှိသော မြင့်မြတ်ဝိညာဉ် အကယ်ဒမီကျောင်းလည်း ရှိသေးသည်။

ထိုအခြေအနေမျိုးတွင် ကျွင်းရှောင်ယောက်အတွက် ကြောက်စရာဘာများ ရှိဦးပါမည်နည်း။

ကျွင်းရှောင်ယောက်က ဤလူနှစ်ယောက်ကို သပ်သပ်ရပ်ရပ် ဆက်ဆံခဲ့သည်ကို တွေ့ရပြီးနောက် တခြားပါရမီရှင်များလည်း မတော်တဆ ဒေါသဖြစ်စေမည်ကို စိုးရိမ်ကာ  လျင်မြန်စွာပင် လူစုခွဲလိုက်ကြတော့သည်။

ကျွင်းရှောင်ယောက်က ဖာဟိုင်၏ အသွေးအသားကို
သန့်စင်သော စွမ်းအင်အဖြစ် ပြောင်းလဲရန်
ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းကို အသုံးပြုခဲ့သည်။

နောက်ဆုံးတွင်ကား ဗုဒ္ဓခန္ဓာနှင့် နတ်ဆိုးနှလုံးသား၏
စွမ်းအင်က အလွန်အစွမ်းထက်ဆဲပင်။

သူ့လက်ကို ဝှေ့ယမ်းလိုက်သည်နှင့်
ပန်ဟွမ်အသက်ဓားက  ကောင်းကင်မှ
ထွက်ပေါ်လာပြီး သူ့လက်ထဲသို့ ကျလာသည်။

ဤအချိန်တွင် ပန်ဟွမ်ဓားသုံးချောင်းစလုံးကို
ကျွင်းရှောင်ယောက်မှ စုစည်းခဲ့ချေပြီ။

ဓားသုံးလက်ကြားမှ နီးကပ်သော ဆက်စပ်မှုကိုလည်း

သူ ခံစားနိုင်သည်။

ထို့နောက် ကျွင်းရှောင်ယောက်က
သူ့လက်ကိုဝှေ့ယမ်းပြီး နတ်အဆောင်အမိန့်ကိုလည်း
ဆုပ်ကိုင်လိုက်လေသည်။

သူက နတ်ဘုရားစွမ်းအားကိုသုံးပြီး ပြင်းပြင်းထန်ထန်
ညှစ်လိုက်သည်။

ထိုအခါ ပုန်းကွယ်နဂါးတိုက်ကြီးရှိ ကမ္ဘရတနာလည်း
ကျွင်းရှောင်ယောက်၏လက်ထဲတွင်
တစ်ချက်တည်းဖြင့် ကွဲကြေသွားတော့သည်။

ထိုအခါ ကမ္ဘာ့မူလစွမ်းအားက ပျံ့နှံ့သွားသည်။

အဆုံးတွင်၊ ၎င်းက မရေမတွက်နိုင်သော တော်ဝင်လမ်းနှင့် နဂါးစွမ်းအင် ကမ္ဘာမူလအဖြစ်သို့ ပြောင်းလဲသွားသည်။

၎င်းက ပုန်းကွယ်နဂါးတိုက်ကြီး၏ ကမ္ဘာ့မူလပင်။

ကျွင်းရှောင်ယောက်လည်း ယင်းကို အပြုံးဖြင့် လက်ခံလိုက်သည်။

ယခုအခါ ကျွင်းရှောင်ယောက်က တိုက်ကြီးငါးခု၏ ကမ္ဘာ့မူလများကို ရရှိခဲ့ချေပြီ။

၎င်းက အောက်ကမ္ဘာ၏ ကမ္ဘာ့မူလဆယ်ခုကို ကျွင်းရှောင်ယောက် တစ်ယောက်တည်း ရယူသွားခြင်းပင် ဖြစ်သည်။

"ကမ္ဘာ့မူလဆယ်ခုစလုံးကို စုဆောင်းဖို့ ခြေတစ်လှမ်း ပိုနီးလာပြီ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ယခုတစ်ကြိမ်တွင် သူ၏ရိတ်သိမ်းမှုက အလွန်ကြီးမားသည်။ သူဟာ ပန်ဟွမ်ဟင်းလင်းပြင်ဓား၊ ပန်ဟွမ်အသက်ဓားနှင့် ပုန်းကွယ်နဂါးတိုက်ကြီး၏ ကမ္ဘာ့မူလတို့ကို ရနိုင်ခဲ့ပေသည်။

ရန်ပန်နှင့် ဖာဟိုင်တို့၏ ပြဿနာလေးများကိုလည်း ဖြေရှင်းပေးခဲ့သည်။

ကြက်သွန်မြိတ် ရိတ်သိမ်းခြင်း၏ ဤခံစားချက်သည် အလွန်လန်းဆန်းပေရာ ရိုးရှင်းစွာပင်

စွဲလမ်းစေပေသည်။

ထိုအချိန်တွင် ကျန်းလော့လီက
ကျွင်းရှောင်ယောက်ထံသို့ ပြေးဝင်လာကာ
တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်သည်။

"အဟင့်၊ လော့လီက အရမ်းမိုက်မဲလို့
အစ်ကိုရှောင်ယောက်ကိုပါ ဆွဲနှစ်မိသွားတယ်"

"နောက်တစ်ခါ လော့လီအတွက် အနစ်နာမခံပါနဲ့၊
လော့လီက အစ်ကိုရှောင်ယောက်ရဲ့ အပြုအမူမျိုးနဲ့
မထိုက်တန်ပါဘူး"

ကျန်းလော့လီက ကျွင်းရှောင်ယောက်၏
ရင်ခွင်ထဲတွင် မျက်နှာအပ်ရင်း မျက်ရည်မိုးရွာချကာ
တတွတ်တွတ်ပြောလိုက်သည်။

ကျန်းလော့လီ၏ သဘောထားကို မြင်လိုက်ရတော့ ကျွင်းရှောင်ယောက်ပင် အနည်းငယ် အံ့အားသင့်သွား၏။

သူ ကူရှီခွန်၏ ခန္ဓာကိုယ်ထဲသို့ ဝင်သွားရသည့် အကြောင်းရင်းက ပန်ဟွမ်ဟင်းလင်းပြင်ဓားကို စုံစမ်းရန် ဖြစ်သည်။

ကျန်းလော့လီနှင့် မဆိုင်ပေ။

သို့သော်လည်း ကျန်းလော့လီအသွင်ပြင်က ကျွင်းရှောင်ယောက်ကို အချိန်အတော်ကြာသည်အထိ ဘာလုပ်ရမည်မှန်းမသိ ဖြစ်စေသည်။

ယင်းက မသိမသာ ပရောပရည်လုပ်ခြင်းမျိုးပဲလား။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့ ထိုသို့အတွေးမရှိပေ။

ယင်းက မရည်ရွယ်ဘဲဟုသာ မှတ်ယူနိုင်သည်။

"ကောင်းပါပြီကွာ၊ မငိုနဲ့တော့... ဒါက ကိစ္စသေးသေးလေးပဲ၊ အဲဒါကို စိတ်မပူပါနဲ့"

ကျွင်းရှောင်ယောက်က ကျန်းလော့လီ၏ ခေါင်းလေးကို ထိလိုက်သည်။

ထိုနွေးထွေးသော အပြုအမူက ကျန်းလော့လီကို မျက်ရည်များ စီးကျပြန်စေသည်။ သူမက အလွန်အပြစ်ရှိသူတစ်ဦးလို နောင်တရသွားပြီး သူမ၏ မျက်တောင်ရှည်များကိုပင် မျက်ရည်များဖြင့် ဖုံးလွှမ်းသွားခဲ့ရသည်။

ဆုံးရှုံးမှုကို ခံစားဖူးမှ ပိုင်ဆိုင်ထားသောအရာကို ပို၍မြတ်နိုးတတ်လာပေလိမ့်မည်။

ကျွင်းရှောင်ယောက်ကို ကူရှီခွန်က မျိုချလိုက်သည့်အခိုက်တွင် ကျန်းလော့လီက ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးဟုပင် ထင်ခဲ့မိသည်။

ကျွင်းရှောင်ယောက်လည်း သူ့စိတ်ထဲတွင် အနည်းငယ် သက်ပြင်းချကာ အားကိုးရာမဲ့ ဖြစ်သွားခဲ့လေသည်။

နောက်ဆုံးတွင် သံမဏိကဲ့သို့ မာကျောသောစိတ်ဓာတ်နှင့် အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားများကို အားနည်းသွားစေနိုင်သော အကောင်းဆုံးလက်နက်မှာ မိန်းကလေးများ၏

မျက်ရည်ပင် မဟုတ်ပါတကား။

--------

အခန်း ( ၂၅၃ ) အမှောင်အင်မော်တယ်မျိုးစေ့၊ ရန်ချင်းယင်၏ အခွင့်အလမ်း၊ လီတောက်ရှယ်က လက်တစ်ဖက်တည်းဖြင့် ဝင်ရောက်စွက်ဖက်ခဲ့ခြင်း။

နောက်ဆုံးတွင် ကျန်းလော့လီလည်း သူမ၏ စိတ်ခံစားချက်များကို တည်ငြိမ်အောင် ထိန်းနိုင်ခဲ့ပြီး ထပ်မငိုတော့ပါ။

တစ်ချိန်တည်းမှာပင် ကျွင်းရှောင်ယောက်က သူမအတွက် စွန့်စားလိုကြောင်း တွေးတောမိသောအခါ သူ့နှလုံးသားတွင် ချိုမြိန်ပြီး အလွန်ပျော်ရွှင်သွားမိသည်။

"အစ်ကို ရှောင်ယောက်၊ အဲ့ဒါ..."

ကျန်းလော့လီက သူမလက်ချောင်းများကို လိမ်လိုက်သည်။

"ဘာလဲ"

ကျွင်းရှောင်ယောက် မေးလိုက်၏။

"ဒီတစ်ခါ အင်မော်တယ်နယ်မြေကြီးကို ပြန်ရောက်ပြီးရင် စေ့စပ်ပွဲကို အရင်လုပ်ပေးဖို့ အမေကို ပြောလိုက်ရမလား"

ကျန်းလော့လီက ရှက်ရွံ့စွာ ပြုံးလိုက်လေသည်။

"အဟမျး အဟမျး..."

ကျွင်းရှောင်ယောက်က ခြောက်ကပ်ကပ်ဖြင့်

ချောင်းဟန့်လိုက်သည်။

ဘာမှတောင်မဖြစ်သေးခင် ငါ့အမေလို့ ခေါ်နေပြီ။

မင်းက မိန်းကလေးဆိုတော့
အရမ်းတက်ကြွချင်တာလား။

"သွားကြစို့၊ အကြီးမားဆုံးအခွင့်အရေးက
အက်ကြောင်းဆယ်ခု ကမ္ဘာလောကရဲ့
အနက်ရှိုင်းဆုံးအပိုင်းမှာ ရှိတာ"
ကျွင်းရှောင်ယောက်လည်း ဤမိန်းကလေးကို
အလွန်ကြောက်လန့်လာမိသည်။ သူမက
တက်ကြွလွန်းသဖြင့် မည်သူမျှ သည်းမခံနိုင်တော့ပေ။

ခပ်သုတ်သုတ်ထွက်သွားသော ကျွင်းရှောင်ယောက်၏
နောက်ကျောကိုကြည့်ကာ ကျန်းလော့လီက ပြုံးပြီး

ရေရွတ်လိုက်သည်။

"အစ်ကိုရှောင်ယောက်မှာ ဒီလောက်မောက်မာတဲ့ ဘက်ခြမ်းမျိုးရှိမယ်လို့ မမျှော်လင့်ထားဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး။ လော့လီက ရှင့်ကိုပဲ သေချာနေပြီ"

လော့လီက သွားကလေးများပေါ်သည်အထိ ကြိတ်ပြုံးလိုက်လေသည်။

ယင်းကိုသာ ကျွင်းရှောင်ယောက်ကြားပါက ထပ်မံငိုကြွေးမိလိမ့်မည်။

ကျွင်းရှောင်ယောက်က အက်ကြောင်းဆယ်ခု ကမ္ဘာလောက အတွင်းပိုင်းသို့ ဦးတည်သွားခဲ့သည်။

သူဟာ လူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်မှ

အခွင့်အရေးကို မမေ့သေးပေ။

လူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်သည် သူ၏ အသွင်ကူးပြောင်းမှုအတွက် အကောင်းဆုံး အခွင့်အလမ်းဖြစ်သည်။

ဤပြောင်းလဲမှုက သူ့နယ်ပယ်ကို အရှိန်အဟုန်ဖြင့်တိုးတက်ပြီး သူ့မျိုးဆက်များထက် အဆပေါင်းများစွာ သာလွန်သွားနိုင်သည်။

ကျန်ကမ္ဘာ့မူလငါးခုကိုတော့ ကျွင်းရှောင်ယောက်က စိတ်မပူပါ။

အခြားကမ္ဘာ့မူလ ငါးခုကို ပိုင်ဆိုင်ထားသော ပါရမီရှင်များကလည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောကအတွင်းသို့ ရောက်ရှိနေကြောင်း

ဝေဝါးဝါး ခံစားနေရသည်။

နောက်ဆုံးကတော့ ဗလာကျမ်း၏ ဒုတိယတွဲပင်။

ဗလာကျမ်း၏ ဒုတိယတွဲကလည်း
အက်ကြောင်းဆယ်ခု
ကမ္ဘာလောကအတွင်းမှာပဲရှိမည်ဟု ခန့်မှန်းရသည်။

နောက်ဆုံးတွင် ၎င်းသာ တိုက်ကြီးဆယ်ခုတွင်
ပေါ်လာပါက ရှေးကတည်းကပင်
ရှာဖွေတွေ့ရှိသင့်သည် မဟုတ်ပါလား။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကတော့
အလျှို့ဝှက်ဆုံးနေရာဖြစ်ပြီး ရှေးခေတ်ကတည်းက
မည်သူမျှ မဝင်ရောက်နိုင်ခဲ့ပေ။

ယင်းကိုတွေးမိသောအခါ ကျွင်းရှောင်ယောက်လည်း ဆက်လက် စူးစမ်းနေခဲ့လိုက်သည်။

တစ်ဖက်တွင် ကျွင်းရှောင်ယောက်၏ နောက်လိုက်နှစ်ဦးဖြစ်သော ရီယုနှင့် ရန်ချင်းယင်ကလည်း ၎င်းတို့အခွင့်အလမ်းများကို ရှာဖွေနေကြသည်။

ယခုအခါ ရန်ချင်းယင်က မြေရိုင်းနေရာတစ်ခုကို ရောက်လာသည်။

ဤမြေနေရာသည် မည်းမှောင်နေပြီး အပင်နှင့် သက်ရှိအားလုံး၏ အသက်ဓာတ်များကို စုပ်ယူထားပုံရ၏။

ပထမတစ်ချက်တွင် ၎င်းက ရတနာများရှိသည့်
နေရာတစ်ခုနှင့် မတူပေ။

အက်ကြောင်းဆယ်ခု ကမ္ဘာလောကကို
ဝင်ရောက်လာသော မည်သည့်ပါရမီရှင်ကမှ
ဤနေရာမျိုးတွင် အချိန်ဖြုန်းနေကြမည်မဟုတ်ပါချေ။

သို့ရာတွင် ရန်ချင်းယင်ကတော့ အံ့သြစိတ်တို့ဖြင့်
ရောက်လာသည်။

သူမကိုယ်တိုင်တောင် ဤသည်ကို
နားမလည်နိုင်အောင် မသိစိတ်မှ
ဆွဲဆောင်နေပုံရလေသည်။

ရန်ချင်းယင်က ရှေ့ဆက်လျှောက်လှမ်းလာရာ
ရှေ့တွင် နက်ရှိုင်းသော  ချိုင့်ဝှမ်းတစ်ခုမှ

အက်ကြောင်းကို မြင်လာရသည်။ ထိုနေရာတွင်
အမှောင်စွမ်းအင် လှိုင်းလုံးများကလည်း
အဆက်မပြတ် စီးဆင်းနေသည်။

ပတ်ဝန်းကျင်ရှိ မိုးနှင့်မြေ၏
အရှိန်အဝါအားလုံးကလည်း ဤရေစီးကြောင်းတွင်
ပါဝင်နေပုံရသည်။

ရန်ချင်းယင်လည်း
မျက်လုံးအရောင်တစ်ချက်လက်သွားကာ
ဝင်ရောက်သွား၏။

ထိုအက်ကြောင်း၏ အတွင်းပိုင်းကို
သေသေချာချာကြည့်လျှင်တော့
အမြုတေရှိနေကြောင်း မြင်ရမည် ဖြစ်သည်။

ဤအနက်ရောင်စွမ်းအင်ရင်းမြစ်အတွင်းတွင်
အနက်ရောင်အစေ့တစ်ခုရှိနေလေသည်။

အဆိုပါ အနက်ရောင်အစေ့က မဟူရာရောင်
တောက်ပနေသည်။

မိုးနှင့်မြေကြားရှိ အမှောင်စွမ်းအင်များကို
စုစည်းထားပြီး ထိုမျိုးစေ့ထဲသို့
ဖိသိပ်ထားပုံရလေသည်။

"ဒါ... ဒါက အမှောင်အင်မော်တယ် မျိုးစေ့ပဲ"

ရန်ချင်းယင်၏ အမှောင်မျက်လုံးများက ညအခါမှ
ကြယ်ပွင့်များကဲ့သို့ မထင်မှတ်ဘဲ တောက်ပလာသည်။

သူမက ဝါးမျိုခြင်းဖင်းဂေါ့ကျမ်းကို
အမွေဆက်ခံရသောအခါ အမွေခံများအတွက်

အသင့်တော်ဆုံး အင်မော်တယ်မျိုးစေ့များအကြောင်း
မှတ်တမ်းတင်ထားသည့်
အချက်အလက်အချို့ကိုလည်း ရခဲ့သည်။

အမှောင်အင်မော်တယ်မျိုးစေ့ကတော့
ဝါးမျိုခြင်းဖင်းဂေါ့ကျမ်း၏ အမွေခံများအတွက်
အသင့်လျော်ဆုံးသော အင်မော်တယ်မျိုးစေ့ပင်
ဖြစ်သည်။

ရန်ချင်းယင်ဟာ ဤအက်ကြောင်းဆယ်ခု
ကမ္ဘာလောကအတွင်း၌ အင်မော်တယ်မျိုးစေ့ကို
ရှာတွေ့မည်ဟု မမျှော်လင့်ထားပေ။

ထို့ထက် သူမအတွက် အသင့်တော်ဆုံး
အင်မော်တယ်မျိုးစေ့ ဖြစ်နေမည်ဟု
ထင်မထားခဲ့ပါချေ။

"သခင်လေးမှန်တယ်၊ ငါ့မှာ အခွင့်အရေးရှိတယ်"

ရန်ချင်းယင်၏ မျက်လုံးများက တောက်ပလာသည်။

ယခုအချိန်တွင် သူမက ကျွင်းရှောင်ယောက်ကို ပို၍ပင် လေးစားလာမိသည်။ သူမ၏သခင်က တကယ်ကို ဉာဏ်ပညာ အမြော်အမြင် ကြီးမားလှပေသည်။

ထိုသို့သော သခင်နောက်သို့ လိုက်ခြင်းဖြင့် အနာဂတ်တွင် ကမ္ဘာကြီးကို အုပ်စိုးရန် ခက်ခဲလိမ့်မည် မဟုတ်ပေ။

သို့သော်လည်း ရန်ချင်းယင်က အမှောင်အင်မော်တယ်မျိုးစေ့ကို သိမ်းယူကာနီးတွင်...

ရုတ်တရက် ဖရိုဖရဲအရှိန်အဝါများ ပြည့်နှက်နေပြီး
ဖရိုဖရဲစွမ်းအင်များ ဝန်းရံထားသည့်
လက်ဖဝါးပုံရိပ်ကြီးက ကောင်းကင်မှ ဖိချလာသည်။

ရန်ချင်းယင်လည်း မတတ်သာဘဲ အနောက်ကို
ဆုတ်ရှောင်သွားရ၏။

ထိုအခါ လက်ဝါးပုံရိပ်ကြီးက
အမှောင်အင်မော်တယ်မျိုးစေ့ကို တိုက်ရိုက်
သိမ်းယူသွားတော့သည်။

"ဘယ်သူလဲ"
ရန်ချင်းယင်၏ မျက်လုံးများက အေးစက်သွားသည်။

သူမက ကျွင်းရှောင်ယောက်ရှေ့တွင်သာ
မိန်းမငယ်လေးကဲ့သို့ နူးညံ့သိမ်မွေ့သည်။

အခြားလူများနှင့် ရင်ဆိုင်ရချိန်မှာတော့
ချိုသာယဉ်ကျေးခြင်း မရှိပေ။

ကောင်းကင်မှာတော့ ယောကျ်ားနှင့်
မိန်းကလေးတစ်ယောက် ပေါ်လာသည်။

လူငယ်က ကျောက်စိမ်းကဲ့သို့ သရဖူကို
ဆောင်းထားကာ ရွှေနီရောင် ဝတ်စုံကို
ဝတ်ဆင်ထားလေသည်။
သူ့ခန္ဓာကိုယ်တစ်ဝိုက်တွင်လည်း ဖရိုဖရဲ စွမ်းအင်များ
ရစ်ပတ်နေပြီး အစွမ်းထက်သော အရှိန်အဝါများ
ပြည့်နှက်နေသည်။

မိန်းကလေးကတော့ အဇူရာကြာပန်းပေါ်တွင်
အင်မော်တယ်နတ်သမီးတစ်ပါးကဲ့သို့
တင်ပျဉ်ခွေထိုင်နေလေသည်။

၎င်းတို့နှစ်ဦးမှာ အသန်မာဆုံး ကောင်းကင်သားတော်
လီတောက်ရှယ်နှင့် ကျိချင်းရီပင် ဖြစ်သည်။

"ငါက တကယ်ကံကောင်းတာပဲ၊
အင်မော်တယ်မျိုးစေ့တစ်ခုကိုတောင် ရခဲ့တယ်"

လီတောက်ရှယ်က
အမှောင်အင်မော်တယ်မျိုးစေ့ကိုကိုင်ကာ
ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။

ဤစကားများက ရန်ချင်းယင်၏မျက်နှာကို
အေးစက်သွားစေခဲ့ပေပြီ။

ဤအင်မော်တယ်မျိုးစေ့က
သူမ၏အခွင့်အရေးဖြစ်ကြောင်း ထင်ရှားသည်။

သို့သော်လည်း ဤလူက
လာရောက်လုယူသွားခဲ့သည်။

သို့သော်လည်း ရန်ချင်းယင်က သာမန်မဟုတ်သကဲ့သို့
ခံစားရသည်။

ထို့ပြင် တစ်ဖက်လူ၏ အရှိန်အဝါများက
ရန်ချင်းယင်ကို ဖိအားများ ခံစားရစေသည်။

သို့သော်လည်း ရန်ချင်းယင်ကို အမှန်တကယ်
ဖိအားခံစားရစေသူမှာ ကျိချင်းရှီ ဖြစ်သည်။

သူမ၏ အရှိန်အဝါများက သာမန်မဟုတ်ပေ။

ထိုမိန်းကလေးက ကျွင်းရှောင်ယောက်နှင့်ဆင်တူသော အရှိန်အဝါမျိုး ရှိနေသည်။

သို့သော်လည်း ကံကောင်းထောက်မစွာ ကျိချင်းရီဟာ တစ်ခုခုလုပ်ရန် ရည်ရွယ်ချက်မရှိပေ။ သူမက ခပ်အေးအေးသာ စောင့်ကြည့်နေရုံ ဖြစ်ပုံရသည်။

"နင် ဘယ်သူလဲ"

ရန်ချင်းယင်က အမှောင်မျက်လုံးများဖြင့် စိုက်ကြည့်ကာ ဝါးမျိုခြင်းအရှိန်အဝါများဖြင့် မေးလိုက်သည်။

ထိုအခြေအနေကိုမြင်သော်လည်း လီတောက်ရွယ်က

လျစ်လျူရှုစွာ ပြောလိုက်သည်။

"မင်းကလည်း ကောင်းကင်သားတော်
ဆယ်ယောက်ထဲက တစ်ယောက်လို့ ငါခံစားရတယ်။
မင်းရဲ့ ကမ္ဘာ့မူလကို ငါ့လက်ထဲ ထည့်ပေးမယ်ဆိုရင်
အသက်ရှင်ခွင့် ပေးလိုက်မယ်"

ထိုစကားကိုကြားတော့ ရန်ချင်းယင်လည်း
နောက်ဆုံးတွင် နားလည်သွားခဲ့ပြီ။

နောက်ဆုံးတော့ အဘယ်ကြောင့် လီတောက်ရွှယ်ထံမှ
ဖိအားများကို ခံစားခဲ့ရကြောင်းကို နားလည်သွားခဲ့ပြီ
ဖြစ်သည်။

အခြေအနေအရ ၎င်းမှာ အသန်မာဆုံး
ကောင်းကင်သားတော်ပင် ဖြစ်ရပေလိမ့်မည်။

၎င်းကို 'ဂူကောင်ဘုရင်'ဟုလည်း လူသိများသည်။

"ဘာလဲ၊ ဘာမှမပြောဘူးလား။ ငါက ကောင်းကင်သားတော် ဆယ်ယောက်ထဲက နှစ်ယောက်ကိုတောင် သတ်ပြီးပြီနော်၊ နောက်တစ်ယောက်ကို ထပ်သတ်ဖို့လည်း စိတ်မဝင်စားဘူး"

လီတောက်ရွှယ်၏ မျက်နှာက တဖြည်းဖြည်း သုန်မှုန်သွားသည်။

ကောင်းကင်သားတော်များကြားတွင် ထူးခြားသော ခံစားချက်မျိုး ရှိပေသည်။

လီတောက်ရွှယ်က ရန်ချင်းယင်၏အရှိန်အဝါများကို ခံစားမိသောကြောင့် အနောက်မှ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

လီတောက်ရှယ်၏ ခြိမ်းခြောက်မှုကိုကြားတော့ ရန်ချင်းယင်က တစ်ချက်ပြုံးလိုက်သည်။

ကောင်းကင်သားတော်နှစ်ယောက်ကို သတ်နိုင်ရုံဖြင့် ကောင်းလှပြီဟု ထင်နေပါသလော။

သူမ၏သခင် ကျွင်းရှောင်ယောက်က ကောင်းကင်သားတော်များစွာကို သတ်ဖြတ်ပြီးသွားပြီ ဖြစ်သည်။

"ငါ့ရဲ့ ကမ္ဘာ့မူလက သခင်ကို အပ်နှံထားပြီးပြီ၊ ငါက သူ့အပေါ်မှာပဲ ထာဝရသစ္စာရှိလိမ့်မယ်"
ရန်ချင်းယင်က လျစ်လျူရှုကာ ပြောလိုက်သည်။

"ဘာ"

ထိုစကားကိုကြားတော့ လီတောက်ရှယ်မျက်နှာက
သုန်မှုန်သွားသည်။

ရန်ချင်းယင်က တစ်ယောက်ယောက်ကို အညှိုးခံခဲ့ပြီလို့
ပြောလာမည်ဟု ထင်မထားခဲ့ပေ။

ထို့ပြင် ရန်ချင်းယင်ကိုယ်တိုင်က ဆန္ဒအလျောက်
ကမ္ဘာ့မူလကို ပေးအပ်ခဲ့သည်။

"မင်း၊ သေစမ်းကွာ"
လီတောက်ရှယ် ဒေါသတကြီးဖြစ်ကာ လက်ဝါးဖြင့်
ရိုက်ချလိုက်တော့သည်။

--------

အခန်း ( ၂၅၄ ) ဆွဲဆောင်လိုခြင်း၊
ရန်ချင်းယင်၏နောက်ကွယ်မှ သခင်၊ လီတောက်ရှယ်
မကျေမနပ်ဖြစ်သွားသည်။

လီတောက်ရှယ် အနည်းငယ်ရှက်ရွံ့သွားသည်။

သူ့အမြင်အရ၊ သူတို့နှစ်ဦးစလုံးသည်
ကောင်းကင်ဘုံကို အံတုနိုင်သော ပါရမီရှင်
ဆယ်ဦးဖြစ်၍ အခြားသူများထံ အလွယ်တကူ
အညံ့မခံသင့်ပေ။

ရန်ချင်းယင်၏ လုပ်ရပ်များက ကောင်းကင်သားတော်
ဆယ်ဦးထဲမှ တစ်ဦးဖြစ်သော လီတောက်ရှယ်ကို
အရှက်ရစေသည်။

ထို့ထက် လီတောက်ရှယ်ကို
လက်မခံနိုင်ဖြစ်စေခြင်းက ကမ္ဘာ့မူလကိုပင်
ပေးအပ်ခဲ့ခြင်းပင်။

ထိုကမ္ဘာ့မူလက သူရရမည့် အရာဖြစ်သည်။

"မင်းရဲ့သခင်က ဘယ်သူလဲ"
လီတောက်ရှယ်က အေးစက်စက်ဖြင့် မေးလိုက်သည်။

သူတို့ကဲ့သို့ ကောင်းကင်သားတော်ကို မည်သူက
အနိုင်ယူခဲ့မှန်း သူသိချင်မိသည်။

ရန်ချင်းယင်က ပြန်မဖြေဘဲ လက်ဝါးရိုက်ချက်
ပြန်လည် ထုတ်ဖော်လိုက်၏။ လက်ဝါးနှစ်ဖက်
တိုက်မိသောအခါ ကြောက်စရာကောင်းသည့်
ဝါးမျိုခြင်း ရေဝဲတစ်ခုအဖြစ်

ပြောင်းလဲသွားတော့သည်။

ရန်ချင်းယင်၏ လှုပ်ရှားမှုကို မြင်လိုက်ရပြီးနောက် ကျိချင်းရှီ၏မျက်လုံးများက ရုတ်တရက် အလင်းတန်းတစ်ခု လင်းလက်သွားသည်။

'အဲဒီအရာက... ဖြစ်နိုင်ပါ့မလား'

ကျိချင်းရှီက စိတ်ထဲတွင် ရေရွတ်လိုက်၏။

ရန်ချင်းယင်၏ နတ်ဘုရားစွမ်းရည်က အင်မော်တယ်နယ်မြေကြီးတွင် လူသိများသော နတ်ဘုရားစွမ်းရည်ကို သတိရသွားစေသည်။

ဤနတ်ဘုရားစွမ်းရည်ပိုင်ရှင်က နာမည်ဆိုးဖြင့်ကျော်ကြားကာ နေရာတိုင်းတွင် အခြားသူများကို ဝါးမျိုသန့်စင်သည်။ နောက်ဆုံးတွင်

လူအများ၏ဒေါသကို နှိုးဆော်မိ၍
ဝိုင်းဝန်းတိုက်ခိုက်ခံရပြီး ဒဏ်ရာအပြင်းအထန်ရကာ
ပျောက်ကွယ်သွားခဲ့လေသည်။

ထို့ကြောင့်ပင် သူသေပြီဟု အားလုံးက
ယူဆထားခဲ့သည်။

သို့သော်လည်း ဤမျှကြမ်းကြုတ်သော
နတ်ဘုရားစွမ်းရည်ကို အောက်ကမ္ဘာတွင်
ပြန်တွေ့ရမည်ဟု ထင်မထားခဲ့ပေ။

ဤသတင်းသာ အင်မော်တယ်နယ်မြေကြီးကို
ရောက်သွားပါက  ဘယ်လောက်တောင်
ဂယက်ထသွားမလဲ မသိနိုင်ပါချေ။

နောက်ဆုံးမှာတော့ ထိုအချိန်က

ၚင်းနတ်ဘုရားစွမ်းရည်ကြောင့် ထိခိုက်နစ်နာခဲ့ရသော အင်အားစုများစွာ ရှိသည်။

သို့သော်လည်း ကျိချင်းရီက အလျင်စလိုမပြုမူဘဲ အတည်ပြုရန် ဂရုတစိုက် စောင့်ကြည့်နေခဲ့သည်။

ထိုအချိန်တွင် လီတောက်ရှယ်က ကြမ်းကြုတ်စွာ တိုက်ခိုက်လိုက်၏။

သူက ရန်ချင်ယင်ကို ဦးစွာဖိနှိပ်ပြီးမှ သူမသခင်ကိုရှာကာ ကမ္ဘာ့မူလများ ပြန်ရယူရန် ဆုံးဖြတ်ထားခြင်း ဖြစ်သည်။

သို့သော်လည်း အံ့အားသင့်စရာကောင်းအောင် ရန်ချင်းယင်၏ခွန်အားက သူမျှော်လင့်ထားသည်ထက် များစွာကျော်လွန်ခဲ့ပေပြီ။

အသန်မာဆုံး ကောင်းကင်သားတော်အနေဖြင့်
တခြားကောင်းကင်သားတော်များကို
ကိုင်တွယ်ခြင်းသာ သူ့အဖို့ အသီးအရွက်များကို
လှီးဖြတ်ခြင်းနှင့် မခြားပေ။

သို့သော်လည်း ရန်ချင်းယင်နှင့်
ရင်ဆိုင်ရသောအခါမှာတော့ သူဟာ လုံးဝ အသာစီး
မရယူနိုင်တော့ပါ။

သူမသိတာကတော့ ရန်ချင်းယင်က
ကြွေလွင့်နတ်ဘုရားသားတော်၊
ကောင်းကင်နတ်ဆိုးမင်းသား၏ မိစ္ဆာနတ်ဘုရား သွေး၊
စသည်တို့ကို ဝါးမျိုစားသောက်ခဲ့ပြီး ဖြစ်သည်။

ပါရမီအရဆိုလျှင် ရန်ချင်းယင်က

အင်မော်တယ်နယ်မြေကြီးရှိ
ထိပ်တန်းပါရမီရှင်များထက်ပင် အားမနည်းဟု
ဆိုနိုင်သည်။

သူမ၏ တခြားသူများကို ဝါးမျိုနိုင်စွမ်းကြောင့်လည်း
တိုးတက်မှုအရှိန်က လွန်စွာ လျင်မြန်ခဲ့ပေသည်။

ဤအလားအလာသာမရှိလျှင် ကျွင်းရှောင်ယောက်က
သူမအတွက် ကြွေလွင့်နတ်ဘုရားသားတော်ကို
ကိုင်တွယ်ဖြေရှင်းပေးမည်မဟုတ်ပေ။

လီတောက်ရွယ်က လက်တစ်ဖက်တည်းဖြင့်
တံဆိပ်တစ်ခုကို ထုတ်ဖော်လိုက်သည်။ တံဆိပ်တော်မှ
ဖရိုဖရဲစွမ်းအင်များလည်း ထွက်လာခဲ့၏။
သူဖြတ်သန်းသွားသည့် နေရာတိုင်းရှိ လေထုက
ကွဲအက်သွားကာ ရန်ချင်းယင်ကို ဖိနှိပ်လိုက်သည်။

ရန်ချင်းယင်၏ နောက်ကွယ်မှလည်း
ကြွေလွင့်နတ်ဘုရားသားတော်၏ အဖြူအနက်
အတောင်ပံများက တုန်ခါကာ ထွက်ပေါ်လာသည်။
ထို့နောက် ယင်ယန် လေထုစီးကြောင်းမှ
နတ်ဘုရားနှစ်ပါးအဖြစ်သို့ ပြောင်းလဲကာ
ဖရိုဖရဲတံဆိပ်တော်နှင့် တိုက်မိသွား၏။

သူမက လက်ကိုဝှေ့ယမ်းလိုက်ရာ ရေဝဲကြီးတစ်ခု
ထွက်ပေါ်လာပြီး တစ်ချိန်တည်းမှာပင်
သူမ၏နောက်ကွယ်မှ သရဲတစ္ဆေသရဲပုံရိပ်တစ်ခု
ထွက်ပေါ်လာတော့သည်။

ယင်းက နတ်ဆိုးဘုရား သွေးမျိုးဆက်ဖြစ်သည်။

ရန်ချင်းယင်၏ ခန္ဓာက အထူးပြောစရာမရှိပါ။

သူ့အတွက် တစ်ခုတည်းသော ထူးခြားချက်က မည်သည့် စွမ်းအားကိုမဆို ဆုပ်ကိုင်ထားနိုင်ခြင်း ဖြစ်သည်။

ကြွေလွင့်နတ်ဘုရားသားတော်၏ စွမ်းရည်၊ နတ်ဆိုးဘုရား၏ သွေးမျိုးဆက်စွမ်းအား၊ အားလုံးကို သူမက စုပ်ယူကာ ပြီးပြည့်စုံစွာ သန့်စင်နိုင်ခဲ့သည်။

"သေစမ်း"

လီတောက်ရှယ်ဟာ ရန်ချင်းယင်ကို အလွယ်တကူ ဖိနှိပ်ရန် ခက်ခဲကြောင်း မြင်ရသောကြောင့် မျက်နှာကြီး အကြည့်ရဆိုးသွားသည်။

သူ၏ ခွန်အားက ဤမျှမကပေ။

သို့သော်လည်း အလွယ်တကူ ထိန်းမနိုင်သိမ်းမရဖြစ်ရသည့် ခံစားချက်က သူ့ကို အလွန် စိတ်မသက်မသာ ဖြစ်စေပြီး ကျိချင်းရီရှေ့တွင် မျက်နှာပျက်သကဲ့သို့လည်း ခံစားလိုက်ရသည်။

သို့ရာတွင် တိုက်ပွဲကို စောင့်ကြည့်နေသည့် ကျိချင်းရီကလည်း လုံးဝသေချာခဲ့ချေပြီ။

ရန်ချင်းယင်က ကောင်းကင်ဝါးမျိုးနွယ်ဆိုးဘိုးဘေး၏ ဆက်ခံသူဖြစ်သည်။

'တကယ်လို့ ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်းသာ ပြန်ပေါ်လာလို့ မထိန်းချုပ်နိုင်တော့ရင် ခက်ခဲမှုတွေ ဖြစ်လာလိမ့်မယ်၊ သူ့ကိုထိန်းချုပ်နိုင်ရင်တော့ အဆင်ပြေမယ်'

ကျိချင်းရီ အနည်းငယ် တွေးလိုက်မိသည်။

သူမက ရန်ချင်းယင်ကို စုဆောင်းရန်ပင်
စတင်စဥ်းစားခဲ့ချေပြီ။

တန်ဖိုးအရဆိုလျှင် ရန်ချင်းယင်က
လီတောက်ရွှယ်ထက် အားနည်းနေမည် မဟုတ်ပါ။

သူ့နောက်ကွယ်မှ ကျိမိသားစုပဲဖြစ်ဖြစ်၊
လူသားအင်မော်တယ်ဂိုဏ်းပဲဖြစ်ဖြစ်၊ ၎င်းတို့တွင်
ကောင်းကင်ဝါးမျိုးနွယ်ဆိုးဘိုးဘေး၏ ဆက်ခံသူကို
ပျိုးထောင်ပေးနိုင်စွမ်း ရှိသည်။

ယင်းကိုစဥ်းစားမိတော့ ကျိချင်းရီက
ဝင်ပြောလိုက်သည်။

"မင်းက ဝါးမျိုးခြင်းဖင်းဂေါ့ကျမ်းရဲ့

ဆက်ခံသူတစ်ယောက်ပဲ။ မင်းငါ့ရဲ့ လူသား
အင်မော်တယ်ဂိုဏ်းကိုဝင်ဖို့ ဆန္ဒရှိရဲ့လား"

ကျိုချင်းရီ၏ စကကိုကြားတော့ လီတောက်ရှယ်၏ မျက်လုံးထဲတွင် အေးစက်စက်အငွေ့အသက်များ ယှက်သန်းသွားသည်။

ပုံမှန်ဆိုလျှင် အင်မော်တယ်နယ်မြေကြီးမှ အင်အားစု၏ စုဆောင်းခံရခြင်းမှာ အောက်ကမ္ဘာရှိ ပါရမီရှင်များအတွက် ဂုဏ်ယူစရာကိစ္စဖြစ်သင့်သည်။

သို့သော်လည်း ရန်ချင်းယင်က လှောင်ပြောင်သရော်ဟန်ဖြင့် ပြောလိုက်၏။
"ငါအသက်ရှင်နေသရွေ့ ငါ့သခင်အပေါ် သစ္စာရှိမယ်"

"ကျိုမိသားစုနဲ့ လူသားတဲ့အင်မော်တယ်ဂိုဏ်းက

ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိနိုင်မှာမဟုတ်ဘူး။ မင်းနောက်ကွယ်က သခင်တောင် ဒီအင်အားနှစ်ခုကြားရင် သူထိတ်လန့်သွားမှာ သေချာတယ်"

ကျိချင်းရီ၏အသံက ပြောင်းလဲမှုမရှိဘဲ လျစ်လျူရှုစွာ ပြောလိုက်သည်။

ကျိမိသားစုနှင့် လူသားအင်မော်တယ်ဂိုဏ်း၊ တစ်ခုက ရှေးဟောင်းမင်းမျိုးနွယ် မိသားစုဖြစ်ပြီး နောက်တစ်ခုကတော့ အင်မော်တယ်တာအိုဂိုဏ်း ဖြစ်သည်။

သူမ၏ အမြင်တွင် ရန်ချင်းယင်နောက်ကွယ်မှ သခင်က မည်မျှပင် အားကောင်းနေပါစေ၊ အင်မော်တယ်နယ်မြေကြီးမှ အင်အားစုကြီးတစ်ခု၏ ပါရမီရှင်ထက် မပိုနိုင်ပေ။

အင်မော်တယ်အင်အားစုမှ
အမွေဆက်ခံသူများဆိုလျှင်ပင် ကျိုမိသားစုနှင့်
လူသားအင်မော်တယ်ဂိုဏ်းကို ကြောက်သင့်သည်။

သို့သော်လည်း ရန်ချင်းယင်၏
မျက်နှာအမူအရာကတော့ မပြောင်းလဲပါ။

သူမ သခင်ကျွင်းရှောင်ယောက်၏
နောက်ခံသမိုင်းကြောင်း
မည်မျှမယုံနိုင်စရာကောင်းသည်ကို သူမ စိတ်ထဲတွင်
သိနေသည်။

"မင်းရဲ့သခင်က ဘယ်သူလဲ၊
ငါ့ကိုလာတွေ့ခိုင်းလိုက်ပါ"
ကျိုချင်းရီက တည်ငြိမ်စွာပင် ပြောလိုက်သည်။

"ဟမ့်၊ အဲဒါက ရေတွင်းအောက်ခြေက ဖားတစ်ကောင်ပဲ။ နတ်သမီးချင်းရီရဲ့ မျက်နှာသာပေးခံရတာက မင်းအတွက် ဖော်မပြနိုင်တဲ့ ကောင်းချီးတစ်ခုဆိုတာ သိသင့်တယ်၊ မင်းရဲ့သခင်က နတ်သမီးချင်းရီနဲ့ယှဉ်ရင် ဘာကောင်မို့လဲ"

လီတောက်ရှယ်ကလည်း လှောင်ပြောင်လိုက်၏။

"ငါ့သခင်က ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ကျွင်းရှောင်ယောက်ပဲ"

ရန်ချင်းယင်က ကျိချင်းရီကို စိုက်ကြည့်ရင်း စိတ်ပိုင်းဖြတ်ထားသည့် လေသံဖြင့် ပြောလိုက်သည်။

ထိုစကားများထွက်လာသည်နှင့် တပြိုင်နက် ကမ္ဘာကြီးသည် ခဏတာ တိတ်ဆိတ်သွားပုံရ၏။

ကျိချင်းရီ၏ မျက်လုံးများမှ လျစ်လျူရှုခြင်းမှာလည်း ချက်ခြင်း ပျက်စီးသွားသည် ။

ဤသည်မှာ လီတောက်ရှယ်ပင် တခါမျှ မမြင်ဖူးသော မျက်နှာအမူအရာတစ်ခုပင်။

"မင်းဘာပြောလိုက်တာလဲ၊ ကျွင်းရှောင်ယောက်လား" ကျိချင်းရီက အသက်ပြင်းပြင်းရှူပြီး ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း အက်ကြောင်းဆယ်ခု ကမ္ဘာလောကအတွင်းသို့  ဝင်ရောက်နိုင်မည်ဟုတော့ သူမ မျှော်လင့်ထားပြီးသားပင်။

သို့သော်လည်း ဤမိန်းကလေး၏နောက်ကွယ်မှ သခင်က ကျွင်းရှောင်ယောက်ဖြစ်နေမည်ဟု

ထင်မထားခဲ့ပေ။

"ဘာ၊ ကျွင်းရှောင်ယောက်လား"

လီတောက်ရွှယ်လည်း အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ကျွင်းရှောင်ယောက် မည်မျှ အစွမ်းထက်ကြောင်းကို

ကျိချင်းရှီထံမှ သူကြားသိခဲ့ဖူးသည်။

သို့သော်လည်း သူသဘောမကျဘဲ သူ့စိတ်ထဲတွင်

မနာလိုမှုအချို့ပင် ရှိနေပါနေသည်။

ကျွင်းရှောင်ယောက်ဆိုသော နာမည်ကြားရုံမျှဖြင့်

ကျိချင်းရှီ၏ အမူအရာမှာ နတ်သမီးမှ

လူသားအဖြစ်သို့ ပြောင်းလဲသွားသလိုပင်။

သို့ရာတွင် သူနှင့်ရင်ဆိုင်ခဲ့ချိန်တိုင်းမှာတော့ ကျိုချင်းရီက အဝေးမှသာ ကြည့်နေနိုင်သော နတ်သမီးတစ်ပါးကဲ့သို့ နေခဲ့သည်။

'ဒါဆိုရင် ပြဿနာနည်းနည်းရှိလာပြီ' ကျိုချင်းရီ မျက်မှောင်ကြုတ်လိုက်သည်။

သူမက အလွန်ထက်မြက်ပြီး ကျွင်းရှောင်ယောက်ကို မနှောင့်ယှက်ချင်ပေ။

သို့သော်လည်း လီတောက်ရှယ်က ကျွင်းရှောင်ယောက်ကို အမှတ်မထင် ရန်ငြိုးဖွဲ့ထားပြီးဖြစ်သည်။

အလွန်မာနကြီးပုံရသော ကျိချင်းရီပင်
ကျွင်းရှောင်ယောက်၏အမည်ကိုကြားရသောအခါ
မျက်နှာအမူအရာ ပြောင်းလဲသွားတာကိုမြင်ပြီးနောက်
ရန်ချင်းယင်စိတ်ထဲတွင် အလွန်ဂုဏ်ယူသွားမိသည်။

ဤကဲ့သို့ နတ်သမီးနှင့်တူသော
ပါရမီရှင်မိန်းကလေးပင် သူ့သခင်လေးကို
ကြောက်ရသည်။

ထို့ထက်ပို၍ ဝမ်းသာစရာ၊ ဂုဏ်ယူစရာမျိုး
အဘယ်မှာ ရှိနိုင်ပါတော့မည်နည်း။

"ဒီအင်မော်တယ်မျိုးစေ့ကို နင်ယူထားလည်း
ကိစ္စမရှိဘူး၊ ဒါကို ငါ့လက်နဲ့ပြန်လာယူမယ်"

ရန်ချင်းယင်က လီတောက်ရွယ်ကိုကြည့်ကာ
လေးလေးနက်နက် ပြောလိုက်သည်။

ထို့နောက်တော့
ကြေလွင့်ယင်ယန်အတောင်များကိုခတ်ကာ အဝေးသို့
ပျံသန်းထွက်ခွာသွားတော့သည်။

လီတောက်ရှယ်ကလည်း လိုက်မသွားခဲ့ပါ၊
နောက်ဆုံးတော့ သူမတွင် ကမ္ဘာ့မူလမရှိခဲ့ပါချေ။

"ဟင်း... ငါ့ရှောင်လွဲလို့မရတော့ဘူး"
ကျိချင်းရီက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။

ယင်းက နတ်ဘုရားများ၏ အလိုတော်သာ
ဖြစ်ပေလိမ့်မည်။

"နတ်သမီးချင်းရီ၊ ကျွင်းရှောင်ယောက်ကို
အရမ်းကြောက်ဖို့ လိုလို့လား။ သူ့ကို ကိုင်တွယ်ဖို့
ငါ့ခွန်အားက မလုံလောက်ဘူးလား"
လီတောက်ရှယ် မျက်မှောင်ကြုတ်လိုက်သည်။

ယောက်ျားတစ်ယောက်အတွက် အကြီးကျယ်ဆုံး
စော်ကားခြင်းမှာ တခြားယောက်ျားထက်
နိမ့်ကျသည်ဟု ပြောဆိုခံရခြင်းပင်။

ကျိချင်းရီကတော့ လီတောက်ရှယ်ကို
ကြည့်ရုံသာကြည့်လိုက်ပြီး ဘာမျှမပြောတော့ပေ။

သို့သော်လည်း သူ့စိတ်ထဲမှာတော့ 'နင်က
သူ့နောက်လိုက်ကိုတောင် လွယ်လွယ်နဲ့ ဖိနှိပ်လို့
မရဘူး၊ သူ့ကိုဆိုရင် ဘယ်လို ဆက်ဆံနိုင်မှာလဲ'

ကျွင်းရှောင်ယောက်နှင့်ယှဉ်လျှင် လီတောက်ရှယ်က
အလွန်လိုအပ်နေပါသေးသည်။

"ငါတို့ တစ်ကြိမ်ကို ခြေတစ်လှမ်းပဲ လှမ်းကြတာပေါ့၊
အခု အက်ကြောင်းဆယ်ခု ကမ္ဘာလောကရဲ့
အတွင်းပိုင်းကို ဝင်ကြရအောင်၊ အခွင့်အလမ်းကို
ရှာဖွေပြီးတာနဲ့ ချက်ချင်း ထွက်ခွာသွားကြမယ်။
မဟုတ်ရင် နင် အက်ကြောင်းဆယ်ခု
ကမ္ဘာလောကကနေ ကောင်းကောင်းမွန်မွန်
ထွက်ခွာနိုင်မှာ မဟုတ်ဘူး"
ကျိချင်းရီက လီတောက်ရှယ်ကိုကြည့်ကာ
ပြောလိုက်သည်။

ယင်းက သတိပေးခြင်းပင်။

လီတောက်ရှယ်၏ မျက်လုံးများတွင်

အလင်းရောင်များ လက်လာသည်။

ကောင်းကင်သားတော် ဖြစ်လာကတည်းက
သူ၏ဘဝဟာ သာယာချောမွေ့ပြီး အခက်အခဲများ
တခါမျှ မကြုံခဲ့ဖူးပေ။

ထို့ကြောင့် သူ့အမြင်တွင် ကျိုချင်းရီ၏
အကြံပေးချက်က အရှက်ခွဲခြင်းနှင့် မခြားနားပါချေ။

ကျိုချင်းရီ၏မျက်လုံးထဲတွင် သူက
ဘယ်လောက်တောင် အားနည်းနေသလဲ။

ပွဲမစခင်ကတည်းက သူ့ကို ကျွင်းရှောင်ယောက်ထက်
အားနည်းသည်ဟု အထင်ခံနေရသည်။

လီတောက်ရှယ်က ယင်းကို လက်မခံနိုင်ပေ။ သူသည် ကျွင်းရှောင်ယောက်နှင့် ကိုယ်တိုင်ယှဉ်ပြိုင်ပြီး သူဘာလုပ်နိုင်သည်ကို ကျိချင်းရီအား သက်သေပြလိုသည်။

--------

အခန်း ( ၂၅၅ ) ရွှမ်ယွမ်နတ်မီးတောက်၊ အရိုးဖြူမြေပြင်၊ အက်ကြောင်းဆယ်ခု ကမ္ဘာလောကမှ လူစွမ်းကောင်းဝိညာဉ်ယဇ်ပလ္လင်။

ကျွင်းရှောင်ယောက်နှင့် ကျန်းလော့လီသည် အတွင်းပိုင်း  အနက်ရှိုင်းဆုံးနေရာဆီသို့ ပြေးသွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်သည် အက်ကြောင်းဆယ်ခု

ကမ္ဘာလောကအတွင်းရှိ အခြားအခွင့်အရေးများကို လျစ်လျူရှုနိုင်၏။

သို့သော် လူစွမ်းကောင်းယာဇ်ပလ္လင်က သူ့အတွက် တန်ဖိုးအရှိဆုံးအခွင့်အရေးဖြစ်ပြီး သူ၏အသွင်ပြောင်းမှုနှင့်လည်း ဆက်စပ်နေသည်။

ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ကျွင်းရှောင်ယောက်လက်ထဲရှိ တံဆိပ်ပြားမှာလည်း ပွဲတင်ထပ်မှုစွမ်းအားများကို ပိုမိုထုတ်လွှတ်လေပင်။

သူက လူစွမ်းကောင်းယာဇ်ပလ္လင်နှင့် သိပ်မဝေးသည်ကို တွေ့နိုင်သည်။

ဤအခိုက်အတွင် လှပသောပုံရိပ်တစ်ခုက အဝေးမှ ပျံသန်းလာနေသည်။ ယင်းက ရန်ချင်းယင်သာ

ဖြစ်ချေသည်။

"သခင်လေး"

ရန်ချင်းယင်သည်
ကျွင်းရှောင်ယောက်ကိုမြင်ပြီးနောက် ဝမ်းသာအားရ
ခေါ်လိုက်သည်။

"ဘာဖြစ်လာတာလဲ"

ကျွင်းရှောင်ယောက်ဟာ ရန်ချင်းယင်၏ ဆံပင်များက
အနည်းငယ် ရှုပ်ပွနေပြီး
တိုက်ပွဲလက္ခဏာများမြင်ရသောကြောင့်
မေးလိုက်သည်။

ရန်ချင်းယင်လည်း သူ့ကို ဖြစ်ကြောင်းကုန်စင်
ပြောပြလိုက်လေသည်။

"ကျိချင်းရီက အောက်ကမ္ဘာကိုဆင်းသက်လာပြီး ကောင်းကင်သားတော်တစ်ယောက်နဲ့ မဟာမိတ်ဖွဲ့ထားတာပဲ၊ ဒီကောင်ကလည်း မရိုးရှင်းဘူး။ သူ့မှာ ကမ္ဘာ့မူလသုံးခု ရှိတယ်" ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

ရန်ချင်းယင်၏ ပြောစကားအရ အနှီကောင်းကင်သားတော်သည် အခြား ကောင်းကင်သားတော် နှစ်ဦးကို သတ်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့်ပင် သူ၏ ကိုယ်ပိုင် ကမ္ဘာ့မူလတစ်ခုနှင့် သုံးခုဖြစ်လာရခြင်းပင်။

သာမာန် ကောင်းကင်သားတော်များက ဤမျှမသန်မာနိုင်ပါချေ။

"တောင်းပန်ပါတယ်၊ သခင်လေးဆီကို ပြဿနာတွေပဲ သယ်လာခဲ့မိပြီ"

ရန်ချင်းယင်က ခပ်တိုးတိုး ပြောလိုက်သည်။

သူသည် လီတောက်ရွှယ်နှင့် အခြားသူများကို ရင်ဆိုင်ရချိန်တွင် ရက်စက်ကြမ်းကြုတ်သော ဘုရင်မတစ်ပါးနှင့်တူသော်လည်း ကျွင်းရှောင်ယောက်၏ရှေ့တွင်ကား နူးညံ့သိမ်မွေ့သော မိန်းမပျိုလေးတစ်ဦးနှင့် မခြားပေ။

"အိုး၊ ဘာမှမဖြစ်ပါဘူး၊ မင်းက ငါ့ကို ဒုက္ခမပေးရုံမကဘဲ ဆူဖြိုးတဲ့သိုးတစ်ကောင်ကိုတောင် ယူလာခဲ့ပေးတယ်"

ကျွင်းရှောင်ယောက် ပြုံးလိုက်သည်။

အဆိုပါ လီတောက်ရွှယ်က ကမ္ဘာ့မူလသုံးခုကို

သယ်ဆောင်ထားခဲ့သောကြောင့်
ကျွင်းရှောင်ယောက်အဖို့ အချိန်ကုန်သက်သာမည်
ဖြစ်သည်။

သူက ကမ္ဘာ့မူလငါးခုကို ပိုင်ဆိုင်ထားပြီး
လီတောက်ရွယ်မှာတော့ သုံးခုရှိသည်။

သို့ဆိုလျှင် ကျန်နှစ်ခုက အက်ကြောင်းဆယ်ခု
ကမ္ဘာလောကအတွင်းမှ
အခြားတစ်ယောက်ယောက်တွင် ရှိပုံရသည်။

အကြောင်းမှာ ကမ္ဘာ့မူလကို ရယူနိုင်သောပါရမီရှင်က
အက်ကြောင်းဆယ်ခု ကမ္ဘာလောကကို သေချာပေါက်
ဝင်ရောက်နိုင်သူ ဖြစ်နေသောကြောင့်ပင်။

"စိတ်မပူပါနဲ့၊ မင်းရဲ့အမှောင်အင်မော်တယ်မျိုးစေ့ကို

သေချာပေါက်ပြန်ယူလာပေးမယ်"

ကျွင်းရှောင်ယောက်က နှစ်သိမ့်လိုက်သည်။

"ကျေးဇူးတင်ပါတယ် သခင်လေး"

ရန်ချင်းယင်က ဦးညွှတ်လိုက်သည်။ သူမ၏ မျက်လုံးထဲမှ နက်နဲသော ချစ်ခြင်းမေတ္တာကိုကား ဖုံးကွယ်ထားရန် ခဲယဉ်းသည်။

ဤအရာက ကျန်းလော့လီကို နှုတ်ခမ်းစူသွားစေသော်လည်း ဘာမှတော့မပြောပေ။

သူမ၏အစ်ကိုရှောင်ယောက်က အမျိုးသမီးများ၏ ဆွဲဆောင်မှုကို ခံနိုင်ရည်မြင့်ကြောင်း သူကောင်းစွာသိသည်။

ဟုတ်ပေသည်၊ ဤအချက်ကပင် ကျန်းလော့လီကို
အကျပ်အတည်းဖြစ်စေသည့်
ခံစားချက်တစ်ခုလည်းဖြစ်ပြီး ကျွင်းရှောင်ယောက်ကို
မည်သို့သိမ်းပိုက်ရမလဲဆိုတာကို
အမြဲစဉ်းစားနေခဲ့ရသည်။

ကျွင်းရှောင်ယောက်က ကျန်းလော့လီကို
သတိမထားမိဘဲ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန် ကောင်းကင်ယံ၌ လူရိပ်တစ်ခု
ထွက်ပေါ်လာပြန်သည်။ ထိုလူရိပ်ကတော့ ရီယုပင်။

ယခုထိ ရီယု၏ အရှိန်အဝါများက
တာအိုပေါင်းစည်းခြင်းနယ်ပယ်၌သာ ရှိနေသေးသည်။

သို့သော်လည်း ခံစားချက်ကတော့ ယခင်ကနှင့်

ကွာခြားလာခဲ့ပြီ ဖြစ်သည်။

"သခင်လေး"

ရီယုက စိတ်လှုပ်ရှားနေသော မျက်နှာအမူအရာဖြင့် ကျွင်းရှောင်ယောက်ကို ဦးညွှတ်လိုက်သည်။

"မင်းမှာ အခွင့်အရေးတွေ အများကြီးရခဲ့ပုံရတယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

"ဟုတ်ပါတယ်"

ရီယုက သူ့လက်ကို ဆန့်ထုတ်လိုက်သည်။ ထိုအခါ ကြက်သွေးရောင် မီးတောက်တစ်ခုက တောက်လောင်လာ၏။

"ဒါက ရွှမ်ယွမ်နတ်မီးတောက်လား"

ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွားသည်။

ရီယုအတွက် အင်မော်တယ်မျိုးစေ့များ
ပေါင်းစည်းဖို့ရာ အထူးရှာဖွေရန် မလိုပေ၊
အကြောင်းမှာ သူ့အဖို့ တာအိုပေါင်းစည်းရန်
အစစ်အမှန် နေမျိုးစေ့ကို ပေါင်းစပ်ထားပြီးဖြစ်သည်။

တာအိုပေါင်းစည်းခြင်းနယ်ပယ် ပြီးသွားလျှင်တော့
နီဗားနားနယ်ပယ် ရှိပေသည်။

နီဗားနားဆိုသည်မှ စစ်မှန်သော မီးအမျိုးအစားကို
ရှာဖွေရန်ဖြစ်ပြီး နတ်နန်းတော်အတွင်းရှိ
အစစ်အမှန်ဝိညာဉ်အား ရှေးဦးဝိညာဉ်အဖြစ်သို့
ပြောင်းလဲရန် ဖြစ်သည်။

ဤရွှမ်ယွမ်နတ်မီးတောက်ကတော့ အလွန်ရှားပါးပြီး

အစွမ်းထက်သော မီးတစ်မျိုးဖြစ်ကာ
ရီယု၏ခန္ဓာအတွက်လည်း
အလွန်သင့်လျော်လေသည်။

"ကောင်းတယ်၊ လူစွမ်းကောင်းဝိညာဉ်ယာဇ်ပလ္လင်ကို
ရောက်မှပဲ နီဗားနားနယ်ပယ်ကိုရောက်အောင်
မီးကိုသန့်စင်ပါ၊ ဒါက မင်းအတွက်
ပိုပြီးအကျိုးရှိလိမ့်မယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ရီယုအနေဖြင့် ရွှမ်ယွမ်နတ်မီးတောက်ကို
ချက်ချင်းမပေါင်းစည်းခဲ့ခြင်းမှာ ကောင်းမွန်သည်။

"ကောင်းပါပြီ သခင်လေး"
ကျွင်းရှောင်ယောက်၏ အကြံပြုချက်က ရီယုကို
ပို၍သန်မာလာစေရန် ဖြစ်သည်။

ဤသခင်မှာ သူ့နောက်လိုက်များကိုလည်း ဂရုစိုက်သောကြောင့် ရီယုဟာ နောက်လိုက်လိုစိတ် ပို၍ပြတ်သားလာတော့သည်။

"ကောင်းပြီလေ၊ သွားကြရအောင်၊ အက်ကြောင်းဆယ်ခု ကမ္ဘာလောကထဲက ပါရမီရှင်အားလုံး လူစွမ်းကောင်းယဇ်ပလ္လင်ဆီမှာ ပေါင်းစုံကြသင့်ပြီ"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

ထို့နောက်တော့ အက်ကြောင်းဆယ်ခု ကမ္ဘာလောက၏ အနက်ရှိုင်းဆုံးအပိုင်းကို အတူတူ ဆက်လာကြတော့သည်။

ကျွင်းရှောင်ယောက်နှင့် တခြားသူများ

ထွက်ခွာသွားချိန်တွင်...

အက်ကြောင်းဆယ်ခု ကမ္ဘာလောက
အခြားပါရမီရှင်များကလည်း တစ်ချိန်တည်းတွင်
အနက်ရှိုင်းဆုံးနေရာဆီသို့ ပြေးသွားခဲ့ကြသည်။

သူတို့ အတွင်းကို နက်ရှိုင်းလာလေလေ၊
အလွန်အစွမ်းထက်သည့်
အကြွင်းအကျန်ဝိညာဉ်များကို မြင်လာရလေပင်။

ဤအကြွင်းဝိညာဉ်များက
လူစွမ်းကောင်းယဇ်ပလ္လင်အနီးတွင် ကျဆုံးခဲ့သော
သက်ရှိအချို့ဖြစ်ပုံရပြီး
အကြွင်းအကျန်ဝိညာဉ်တစ်ခုစီက
အလွန်အစွမ်းထက်သည်။

ရံဖန်ရံခါ ပါရမီရှင်တချို့ပင်
အကြွင်းအကျန်ဝိညာဉ်များ၏လက်ထဲသို့
ကျရောက်သွားရသည်။

"ဝုန်း"
ထိုအချိန်တွင် လူရိပ်နှစ်ခု ထွက်ပေါ်လာသည်။

ရွှေရောင်ဝတ် လူငယ်လေးက သူ့လက်ကို
ပေါ့ပေါ့ပါးပါး ဆန့်ထုတ်လိုက်လေသည်။

ထိုအခါ ပြန်လည်ဝင်စားခြင်းစွမ်းအားများ
ထွက်ပေါ်လာပြီး အကြွင်းဝိညာဉ်ကို တိုက်ရိုက်
သုတ်သင်သွားခဲ့သည်။

ယင်းက ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏

ရှေးဟောင်းလူထူးဆန်း ဖြစ်သည်။

သူ့ဘေးမှာတော့ အနက်ရောင်စကတ်တိုကို ဝတ်ဆင်ထားပြီး နတ်ဆိုးမင်းသမီးကဲ့သို့ ချစ်စရာကောင်းသော မိန်းကလေးတစ်ဦး ရှိနေသည်။ သူမသည်ကား နတ်ဆိုးအင်မော်တယ်ဂိုဏ်းမှ ရှောင်မိုရှန်းပင်။

"အခု လူစွမ်းကောင်းယဇ်ပလ္လင်ကို ရောက်ခါနီးလာပြီ၊ ဒါက အခွင့်အလမ်းကောင်းတစ်ခုပါပဲ"

ရှောင်မိုရှန်း၏ မျက်လုံးများက မျှော်လင့်ချက် အရိပ်အမြွက်တို့ ဖြစ်ပေါ်လာသည်။

"မင်းရဲ့ပြိုင်ဘက် လူသားအင်မော်တယ်ဂိုဏ်းက မိန်းကလေးလည်း အဲဒီကို သွားသင့်တယ်"

ဝမ့်ချွမ်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ဟင်းဟင်း၊ သူလာဝံ့ရင်တောင် သတ္တိရှိတဲ့သူက အနိုင်ရပါလိမ့်မယ်"

ရှောင်မိုရှန်းက ရယ်မောလိုက်သည်။

သူတို့နှစ်ဦးက ရှေ့ကိုဆက်လက်သွားခဲ့ကြပြီး လမ်းတစ်လျှောက်ရှိ အကြွင်းအကျန်ဝိညာဉ်များကလည်း ၎င်းတို့ကို အနည်းငယ်မျှ မတားဆီးနိုင်ခဲ့ကြပေ။

ဤသို့ဖြင့် တစ်နာရီခန့် ကြာသွားခဲ့သည်။

ထိုအခါ အက်ကြောင်းဆယ်ခု ကမ္ဘာလောက၏ အနက်ရှိုင်းဆုံး အပိုင်းသို့ ရောက်လာကြ၏။

ပတ်ပတ်လည်ကိုကြည့်လိုက်တော့ ရှောင်မိုရှန်းနှင့်
ဝမ့်ချွမ်ပင် အံ့သြသွားရသည်။

အကြောင်းမှာ ဤမြေကြီးက အဖြူရောင်
ဖြစ်နေသောကြောင့်ပင်။

ဤသည်မှာ မြေဆီလွှာ၏အရောင်မဟုတ်ဘဲ
အရိုး၏အရောင်ဖြစ်သည်။

မရေမတွက်နိုင်သော အရိုးများက
ထူထပ်စွာပြည့်နှက်နေပြီး မြေပြင်အနှံ့
ဖုံးလွှမ်းထားသည်။

ဤအရိုးစုများ၏အဆုံးမှာတော့
အလွန်တရာရှေးကျပြီး
လျှို့ဝှက်ဆန်းကြယ်သောအရှိန်အဝါများ

ပြည့်နှက်နေသော ပိရမစ်ပုံသဏ္ဍာန် ယဇ်ပလ္လင်တစ်ခု ရှိနေသည်။

ရှေးဟောင်းယဇ်ပလ္လင်ကိုလည်း အရိုးစုများဖြင့် ဖုံးအုပ်ထားသဖြင့် တစ်ချက်ကြည့်ရုံဖြင့် ကြက်သီးမွေးညင်း ထသွားနိုင်ပေသည်။

ဤနေရာသည်ကား အခွင့်အလမ်းလား သို့တည်းမဟုတ် သင်္ချိုင်းနေရာဖြစ်နေပါသလား။

"ဒါက လူစွမ်းကောင်းယဇ်ပလ္လင်လား"

အရိုးများပြည့်နှက်နေသော ယဇ်ပလ္လင်ကိုမြင်သောအခါ ရှောင်မိုရှန်းပင် မရယ်တော့ဘဲ မျက်နှာလေးနက်လာသည်။

"ငါ့ကို အောက်ကမ္ဘာမှာ နှစ်ပေါင်းမရေတွက်နိုင်အောင်

မြှုပ်ထားခဲ့တာ ဒီအခွင့်အရေးအတွက်ပဲ။
လူစွမ်းကောင်းယဇ်ပလ္လင်ပေါ်မှာ အသွင်ပြောင်းပြီး
မကြုံစဖူး လမ်းကြောင်းတစ်ခုကို ဖောက်ထုတ်မယ်"
ဝမ့်ချွမ်က အသက်ပြင်းပြင်းရှူပြီး ပြောလိုက်သည်။

ဘယ်သူကမှ မရောက်ဖူးသည့် လမ်းကြောင်းပေါ်
လျှောက်လှမ်းဖို့ဆိုသည်မှာ ပါရမီရှင်အားလုံး၏
ဘုံပန်းတိုင်တစ်ခု ဖြစ်နိုင်သည်။

သို့သော်လည်း အမှန်တကယ်
လျှောက်လှမ်းနိုင်သူကတော့ သုညနီးပါး
နည်းပါးလွန်းပေသည်။

ဟုတ်သည်၊ တာအိုကိုသက်သေပြပြီး
ရှေးကဖောက်လုပ်ပြီးသော လမ်းစဉ်အတိုင်း
လျှောက်နေသရွေ့ ကေရာဇ်အဖြစ်နှင့် ထိပ်ဆုံးကို

ရောက်ရှိနိုင်လိမ့်မည်။

သို့သော်လည်း လူသားတိုင်းက
ရည်မှန်းချက်ကြီးသည်။

ဝမ့်ချွမ်ကဲ့သို့ ရှေးဟောင်းလူထူးဆန်းမဆိုထားနှင့်...

အနီးနားတစ်ဝိုက်မှ ပါရမီရှင်တချို့သည်ပင်
မြင်နေရသော မြင်ကွင်းများကြောင့်
တုန်ယင်သွားခဲ့ကြပေသည်။

"သွားကြရအောင်။"
ရှောင်မိုရှန်း၏ မျက်လုံးများက အရောင်လက်လာပြီး
ဝမ့်ချွမ်နှင့်အတူ လူစွမ်းကောင်းယဇ်ပလ္လင်သို့တက်ရန်
ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် အေးစက်ပြီး ထူးခြားမှုမရှိသော အသံတစ်ခု ထွက်ပေါ်လာလေသည်။

"ရှောင်မိုရှန်း၊ တကယ်ကို နင်လည်း ဒီကိုရောက်နေတာပဲ"

--------

အခန်း ( ၂၅၅ ) ပြီးပါပြီ။